www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# မြဘုန်းရှုရှူ (ဆေးတက္ကသိုလ်)

## ပျော်လင့်ခြင်းရဲ့ ရင်ခုန်သံ

စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၁၉၀၅၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၆၉၀၄၀၇

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်

တန်ဖိုး
၈၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







ကမ္ဘာလောကကြီးသည် သူ့အတွက် အဓိပ္ပာယ်ကင်း လွန်းနေပါသည်။

တစ်နေ့ တစ်နေ့ အဓိပ္ပာယ်မရှိ၊ ရည်ရွယ်ချက်မရှိ လျှောက်သွားနေမိသည့် ခရီးတွေကလည်း မနည်းတော့ပါ။

အချို့သောနေ့တွေမှာတော့ သွားရမဲ့ခရီးစဉ်ကို စဉ်းစားလို့ ရနိုင်ပေမဲ့၊ အချို့နေ့များမှာတော့ ခြေဦးတည့်ရာကိုသာ လျှောက်သွားနေမိသည်လေ။

တစ်ယောက်တည်း ငုတ်တုတ်ကြီးထိုင်ပြီး စိတ်ညစ်နေရတာထက် စာရင်တော့ ခုလိုလျှောက်သွားနေရတာတမှ စိတ်ပြေရာပြေကြောင်း ရှိသေးတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ညနေငါးနာရီခန့်သာ ရှိသေးသော်လည်း မိုးရိပ်တွေက စိုးမိုးနေသည်မို့ ရှိသင့်ရှိထိုက်သော အခြေအနေထက် အနည်းငယ် ပိုမှောင်နေပါသည်။

“မြေးရေ ... ညနေငါးနာရီထက်ပိုပြီး နောက်မကျစေနဲ့နော်”။

ဒီစကားက သူ့အဘွား နေ့တိုင်းမှာနေကျစကားပါ။ မြေးများ တစ်နေ့လုံး အပြင်ထွက်လည်တာကို အဘွားက မတားပါ။ သို့ပေမဲ့ ညနေ ငါးနာရီနောက်ပိုင်းမှ ပြန်တာကိုတော့ အဘွားက လုံးဝမကျေနပ်တတ်ပါ။

ခုလို သူတစ်ယောက်တည်း တစ်နယ်တစ်ကျေးမှာ ညနေစောင်းကြီး လျှောက်သွားနေတာကို အဘွားသာမြင်လျှင် ဘယ်လောက်များ ရင်ထုမနာ ဖြစ်လိမ့်မည်ကို သူ မစဉ်းစားရဲတော့ပါ။





သူနေသည့် နေရာနှင့် မိုင်နှစ်ဆယ်ကျော်မျှဝေးသည့် နေရာသို့ ရောက်သွားသည်မို့ ဒီခရီးအတွက် တက္ကစီငှားလျှင် မနည်းကို ကုန်ကျမည် ဖြစ်ပါသည်။

သို့ကြောင့်မို့ သူက ကြုံရာခရီးသည်တင်ကားဖြင့်သာ သွားခဲ့သည်။

အပြန်လမ်းမှာလည်း ခရီးသည်တင်ကားက မိမိနေသည့် နေရာနှင့် ငါးမိုင်အကွာလောက်မှာ ရပ်ပေးသည်မို့ သူ ဒီတစ်နေ့ ကားငှား၍ ပြန်ရမည် ဖြစ်ပါသည်။

သူက တက္ကစီအလာကို လမ်းသွားရင်းနှင့် ရှာနေပါသည်။

သူနှင့် ကိုက်သုံးဆယ်အကွာလောက်မှာ ကားတစ်စင်း ပျက်နေသည်ကို တွေ့လိုက်ရပြီး ...

ကားပေါ်တွင် သူနှင့်မတိမ်းမယိမ်းအရွယ်ရှိမည့် လူငယ်တစ်ဦးသာ ပါလာဟန် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလှည်းယဉ်က ကားစက်ခေါင်းကိုဖွင့်ပြီး ကလိလိုက် ကားစက်ဝင်နှိုးလိုက်နှင့် အလုပ်ရှုပ်နေသည်ကို သူ ခပ်လှမ်းလှမ်းမှ မြင်နေရပါသည်။

ရှေ့နားမှ နေရာက ကုန်းဆင်းလေးလို ဖြစ်နေသည်မို့ လှည်းယဉ်က ကားစတီယာတိုင်ကိုကိုင်ပြီး ကားကို တွန်းချရန် ဟန်ပြင်လိုက်ပါသည်။

သူ့ကို အဘွားက ကားစပြီး ဝယ်ပေးစဉ်ကလည်း သူ ဒီလိုအဖြစ်မျိုး ကြုံတွေ့ခဲ့ဖူးပါသည်။

ကားကလည်း စပြီးဝယ်ကာစ၊ လူကလည်း ကားစမောင်းတတ်ကာစ ဆိုတော့ လမ်းမှာ ကားပျက်ခြင်းအဖြစ်နဲ့ ကြုံတွေ့ခဲ့ဖူးပါသည်။

တာဝန်သိ လှည်းယဉ်တစ်ဦးက နောက်မှ တွန်းပေးလိုက်သည့်အတွက် သူ၏ကား စက်နိုးသွားရသည်ကို သွားပြီး မြင်ယောင်မိပါသည်။





မိုးလေးကလည်း တဖွားဖွားကျလာပါပြီ။

သူလည်း ထိုကားနားသို့ ရောက်ရှိသွားပါပြီ။

"အစ်ကို ကားပေါ်တက်လိုက် ...

ညီညီ တွန်းလိုက်မယ်"

သာယာနာပျော်ဖွယ် ကောင်းသော အသံလေးက ထည်အုပ်၏ နားထဲသို့ ဝင်ရောက်လာသည်မို့ လှည့်ကြည့်လိုက်ပါသည်။

အသံလေး သာယာသလောက် လူလေးကလည်း သားသားနားနားလေးပါ။

ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်၊ ဝေါ(လ်)ကင်းရှူးနှင့် ဦးထုပ်အနီရောင်လေးကို ဆောင်းထားသည်း ထိုလှည်းယဉ်လေးမှာ သူနှင့် မတိမ်းမယိမ်း အရွယ်လောက်ပင် ရှိပါမည်။

"တက်လေ အစ်ကို၊ ညီညီ တွန်းလိုက်မယ်၊ ဒီနေရာက ကုန်းဆင်းလေးဆိုတော့ နိုးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အားနာလိုက်တာဗျာ၊ ကျေးဇူးပါပဲ"

ပြောပြောဆိုဆိုနှင့် ထည်အုပ်က ကားထဲသို့ ဝင်သွားလိုက်ပါသည်။

သူက အရှိန်နှင့် တွန်းပေးလိုက်တော့ ကုန်းလျှောလေးအတိုင်း လှိမ့်ဆင်းသွားသော ကားလေးမှာ နိုးသွားပါတော့သည်။

ထည်အုပ်က ကားကို နောက်သို့ပြန်ဆုတ်လိုက်ပါသည်။

"ကျေးဇူးအရမ်းတင်ပါတယ်ဗျာ၊ ကျွန်တော်နဲ့ လိုက်ခဲ့လေ၊ ဘယ်ကိုပို့ပေးရမလဲ"

ကျေးဇူးတင်စကားသာပြောနေသော်လည်း ထည်အုပ်တစ်ယောက် ဒီသူငယ်လေးကို သေသေချာချာ စိုက်ကြည့်ခြင်းနှင့် အတူ အံ့သြခြင်းတွေလည်း ဖြစ်နေရပါသည်။

"ရပါတယ် အစ်ကို၊ သွားမှာသာ သွားပါ၊ ညီညီ ဒီက နေ ကားငှားသွားမလို့ပါ"





"မဟုတ်တာပဲဗျာ၊ ကျွန်တော့်မှာ ခင်ဗျားကျေးဇူးတွေ ရှိပါတယ်၊ ကျွန်တော် လိုက်ပို့ပေးပါရစေ၊ တက်ပါဗျာ၊ ကားပေါ်ကို"

မိုးကလည်း ပိုပြီးရွာလာသည်မို့ သူ မငြင်းနိုင်တော့ပါ။ ကားပေါ်သို့ လူက အလိုလို ရောက်ရှိသွားပါသည်။ တကယ်တော့ မိုးမှောင်တွေ ကျလာပြီဆိုတော့ သူ မနေရဲတော့တာ အမှန်ပါ။

အခုတော့ သူနဲ့ ဒီကားရှင်ဟာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဘဝသို့ ရောက်နေကြပြီလေ။

"စိတ်မရှိနဲ့နော်၊ ခင်ဗျားက မိန်းကလေးဖြစ်မှန်းကို ခုမှ ကျွန်တော် သိတာဗျ ...

ဒီလိုမှန်းသိရင် ကားကို ဘယ်မှာသာ လာပြီးတွန်းခိုင်းပါ့မလဲဗျာ၊ ကားစက်နိုးမှ ခင်ဗျားကို သေသေချာချာကြည့်မိတော့မှ အရမ်းကို အားနာမိသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး အစ်ကိုရယ်၊ ညီညီက အားရှိပါတယ်၊ သူများမိန်းကလေးတွေလို ပျော့စိပျော့ညံ့ အစားထဲက မဟုတ်ပါဘူး ...

ဒါတောင် ခရီးသွားထားလို့ရယ်၊ ဗိုက်ထဲက ဆာနေလို့ရယ်၊ ပြီးတော့ ညနေစောင်းတော့ ကြောက်ကြောက်နဲ့ စိတ်ညစ်နေတာရယ်ကြောင့် နည်းနည်း စိတ်ဓာတ်ကျနေတာတစ်ခုပဲရှိတာ၊ ညီညီ ကားလည်းကောင်းကောင်း ပြင်တတ်တာပဲ"

"ဟာ ... တယ်ဟုတ်ပါလား၊ တို့တော့ အားကိုးရတာပဲ ...

ခင်ဗျား ဗိုက်ဆာနေတယ်လားဟင်"

"အရမ်းကြီးတော့ မဟုတ်ပါဘူး၊ အိမ်ပြန်ရောက်မှ စားရင် ရပါတယ်"

"ကျေးဇူးရှင်ကို ကျေးဇူးဆပ်ချင်လို့ပါဗျာ၊ ပြီးတော့ ခင်ဗျားနဲ့ ကျွန်တော်နဲ့ မိတ်ဖြစ်ဆွေဖြစ်ပေါ့နော်၊ ခွင့်ပြုပါတယ်နော်"





"ရပါတယ်၊ ဒါပေမဲ့ မိုးတော့ အရမ်းကြီး မချုပ်စေနဲ့နော်"

"အိမ်ကဆူမှာ စိုးလို့လား၊ ကျွန်တော် အိမ်အထိ အရောက် ပို့ပေးမှာပါ"

"အိမ်အထိလည်း ပို့ပေးစရာ မလိုပါဘူး၊ ညီညီမှာ အိမ်လည်း မရှိဘူး၊ ပြီးတော့ ဆူမဲ့သူကလည်း ဟိုးအဝေးကြီးမှာ"

"ဟုတ်လား ... ခင်ဗျား မိဘတွေက အဝေးကြီးမှာ လား"

"ဟုတ်တယ်၊ ပြီးတော့ ညီညီမှာ မိဘတွေ မရှိတော့ဘူး၊ အဘွားပဲ ရှိတယ်"

"ဪ ... ဆောရီးနော် ...

ဒါဖြင့် ခင်ဗျား တစ်ယောက်တည်း ဘယ်သူနဲ့ နေလဲ"

"ဒါကတော့ ညီညီ ပြောလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ ကျွန်တော်လည်း အဲလို ပွင့်ပွင့်လင်းလင်း ပြောတာကိုပဲ သဘောကျတယ် ...

ကျွန်တော့်ကို မိန်းကလေးတန်မဲ့ ခင်ဗျား ဘာလို့ကူညီရတာလဲဟင်"

"ဒါတော့ ညီညီ ကိုယ်ချင်းစာမိလို့ပါ၊ ညီညီ ကားစမောင်းတတ်ကာစတုန်းက ဒီလိုပဲ ကြုံဖူးတယ်ရှင့်၊ မြို့ပြင် ကိုးမိုင်ခွဲလောက်မှာ ကားက ပျက်တယ်လေ ...

မျက်နှာငယ်လေးနဲ့ အကူအညီ တောင်းချင်တာ ဘယ်ကားမှ ရပ်မပေးကြဘူး ...

စိတ်ဓာတ်ကျလိုက်တာ မပြောပါနဲ့၊ တစ်ယောက်တည်းဆိုတော့ ကြောက်လည်းကြောက် အားလည်းငယ်တာပေါ့လေ ...

အဲဒီမှာတင် ညီညီတို့အရှေ့လောက်ရှိမဲ့ လူတစ်ယောက်က ထွက်လာပြီး ကားစက်ခေါင်းတို့ အရင်ဖွင့်ကြည့်တယ် ...





ခုနှ အစ်ကိုလုပ်သလိုပေါ့ရှင်၊ ဘာမှလုပ်လို့ မရတဲ့အဆုံးမှာ ညီညီ့ကို စတီယာတိုင်ကိုင်ခိုင်းပြီး သူက တွန်းပေးတာပေါ့လေ ...

တွန်းလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ကားကဝှးခနဲ တန်းနိုးသွားတော့တာပဲ အစ်ကိုရဲ့ ...

အဲဒါကို ညီညီက သတိရပြီး အစ်ကို့ကိုလည်း ကိုယ်ချင်းစာတာပါတာပေါ့လေ၊ တွန်းပေးချင်စိတ်တွေ တဖွားဖွား ပေါ်လာတော့တာပေါ့"

ထည်အုပ် တစ်ယောက် သူမ ပြောပုံဆိုပုံလေးတွေဘာ ကြည့်ကောင်းလွန်းလို့ ငေးမော၍ ကြည့်နေလိုက်သည်မှာနောက်မှ သတိရကာ သူမထံမှ သူ၏မျက်လုံးများကို လွှဲဖယ်ထိုက်ရပါသည်။

ဒီလောက်လှတဲ့ မိန်းကလေးကိုများ ဘယ်အုပ်ထိန်းများက တစ်ယောက်တည်း လွှတ်ထားရပါသလဲ ဆိုတာကို ချ တွေးမရတော့ပါ။

www.burmeseclassic.com



မြို့ကိုရောက်ရန် အတော်လေး လိုပါသေးသည်။ မိုးကလည်း တော်တော်လေးကို အားကောင်းလို့ နေပါသည်။

လမ်းဘေးတွင် ခရီးသွားများ စားသောက်နိုင်ရန်အတွက် ဆိုင်လေးတွေကတော့ ကြိုကြား ကြိုကြား ရှိနေပါသည်။

"မိုးအတိတ်ကို စောင့်ရင်းနဲ့ ဒီမှာပဲ စားလိုက်ကြရအောင်နော်"

"သဘောပဲလေ"

ထည်အုပ်က ရှေ့မှ အရင်ဆင်းသွားသလို နောက်မှ ညီညီဇော်က ကပ်၍ လိုက်ပါသွားပါသည်။

အမှတ်တမဲ့ကြည့်မည် ဆိုပါလျှင် ယောကျ်ားလေးနှစ်ယောက်ဟု ထင်ရမည် ဖြစ်ပါသည်။

သေသေချာချာ ကြည့်တော့မှ တစ်ယောက်က မိန်းကလေးဖြစ်နေမှန်းသိလို့ အတွဲညီညီနှင့် လိုက်ဖက်လှသော သူတို့နှစ်ဦးကို တစေ့တစောင်း ကြည့်သူတွေကလည်း ရှိပါသည်။





တော်သေးသည်က ဆိုင်ထဲတွင် အားလုံးပေါင်းမှ လူရှစ်ယောက် ကိုးယောက်မျှသာ ရှိတာကိုပဲလေ။

"ညီညီ ဘာစားမလဲဟင်၊ ကြည့်ရတာ တရုတ်အစားအစာ ၆ တွေတော့ ရှိမဲ့ပုံပဲ၊ ဒါပေမဲ့ ကောင်းမယ်တော့ မထင်ဘူးနော်"

"ဆိုင်ရှိတာပဲ ကျေးဇူးတင်ရမှာပါ အစ်ကိုရယ်၊ ညီညီက အားလုံး စားတတ်တယ် အစ်ကို၊ ကြိုက်တာသာ မှာလိုက်ပါ"

"ထမင်း နှစ်ပွဲ ...

ဝက်သားနဲ့ချက်တဲ့ ဟင်းလေးပွဲနဲ့ ဟင်းရည်တစ်ခွက် ကောင်းကောင်းလေး လုပ်ပေးဗျာ ...

ပြီးတော့ ပန်းကန် သန့်သန့်လေးနဲ့ လုပ်ပေးပါ ...

လက်သုတ်ပဝါ အသစ် လဲပေးနော်"

"ရပါတယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ရေခွက်တွေ၊ ဇွန်းခက်ရင်းတွေလည်း သန့်သန့်လေးတွေ လုပ်ပေးပါနော်"

"စိတ်ချပါ အစ်ကို"

စကားကြော ရှည်လွန်းသော ထည်အုပ်၏ စကားကို စားပွဲထိုးကောင်လေးက စိတ်ရှည်စွာ နားထောင်ပေးနေသလို ညီညီဖော်ကလည်း ကျိတ်၍ ရယ်ချင်နေပါသည်။

"သူတို့ကို ဒီလိုနိုင်ထားမှ ညီညီရ၊ ပြီးရင် ကြည့်နေ၊ မြို့ထဲကလာတဲ့သူတွေမှန်း သိရင် သူတို့ ဈေးပိုတောင်းလိမ့်မယ်၊ အဲဒါကြောင့် ကိုယ်နိုင်တဲ့ဘက်က သူတို့ကို လိမ်နိုင်ပေးထားတာလေ"

"အကြိကလည်း ကြီးလှချည်လား အစ်ကိုရယ်"

အချိန်အတော်ကြာ စောင့်ပြီးမှ ထမင်းနှင့်ဟင်းတွေ ရောက်လာပါသည်။

"တော်သေးတာပေါ့ကွာ၊ ငါတော့ တစ်ရေးနိုးမှ ထစားရတော့မယ် ထင်နေတာ"





"ဒီလောက်တော့ ကြာမှာပေါ့ အစ်ကိုရာ"

"တွေ့တယ်မို့လား ညီညီ၊ ဟင်းတွေမှာပြီးတော့ ချည်ပြီးတုပ်ပြီးသား ဖြစ်သွားတော့ သူတို့စကားတွေက မာရေကျောရေ ရှိလာပြီလေ"

"ကဲပါ အစ်ကိုရာ၊ စားကြပါစို့"

ထည်အုပ်က ညီဖော်၏ ပန်းကန်ထဲသို့ ကောင်းနိုးရာ ဟင်းလေးများကို ထည့်ပေးလိုက်သလို ညီညီဖော်ကလည်း ထည်အုပ်၏ ပန်းကန်ထဲသို့ ပြန်၍ထည့်ပေးလိုက်ပါသည်။

မလှမ်းမကမ်းတွင် အသက်လေးဆယ်ကျော် လင်မယားနှစ်ယောက်ကလည်း သူတို့နှစ်ဦးကို အားကျစွာနှင့် တစ်ယောက်ကိုတစ်ယောက် ဟင်းများခပ်ထည့်ပေးနေပါသည်။

"ဟော့ ... မေကြည်၊ ကြည့်လည်းထည့်ပါဦးကွာ၊ ငါမှ ဝက်သားမစားတာ၊ မင်းဟင်းတွေကို ဘာလို့များ ငါ့ထဲ လာထည့်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကန်တော့ ... ကန်တော့ ... ကိုကျော်၊ ကျွန်မဘေးက ကောင်လေးနဲ့ ကောင်မလေးကို ကြည့်ရင်းနဲ့ ဘာတွေလုပ်မိမှန်း မသိတော့လို့ပါ ရှင်ရယ်"

"ဘာလဲ၊ မင်းက သူတို့ကို အားကျပြီး ငယ်မူတွေ ပြန်ချင်နေတာမို့လား၊ အမှန်အတိုင်းပြော၊ အဲဒါဆိုရင်တော့ ကိုကျော် ခွင့်လွှတ်တယ်"

"ဟင်း ဟင်း ... ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ကျွန်မတို့ ငယ်ငယ်တုန်းက အဖြစ်တွေကို ပြန်ပြီး သတိရလိုက်တာ နော် ..."

ညားကာစတုန်းကတော့ တစ်ယောက်ကိုတစ်ယောက် ကြင်နာလိုက်ကြတာနော်၊ သူတို့လေးတွေ အတိုင်းပဲ ...

ခုတော့ ကြင်လည်း မကြင်နာနိုင်တော့ပါဘူး၊ ရုပ်တွေပြန်ကြည့်ပြန်တော့လည်း ကြင်နာစရာ တစ်ပြားမှမရှိတော့တာကိုး"





"မကြည်ကလည်းကွာ၊ ပြောရက်လိုက်တာ၊ မင်းကသာ မကြင်နာရင် ရှိမယ်၊ ကိုကျော်ကတော့ မကြည့်ကို အမြဲ ကြင်နာနေတာပါ"

"အပိုတွေ ပြောမနေပါနဲ့ရှင်၊ စားမှာသာ စားစမ်းပါ"

"ဟ ... ဒီထမင်းပန်းကန်ထဲက ဝက်သားတုံးကြီးက ဘယ်လိုလုပ်မလဲ"

"ကဲပါရှင်၊ ကျွန်မပန်းကန်ထဲ ထည့်လိုက်လေ"

"ဒါလည်း မဖြစ်သေးဘူးကွာ၊ ထမင်းတွေပေါ် ဒီဟင်းက တင့်ထားပြီးမှ ဘယ်စားလို့ ဖြစ်ပါတော့မလဲ"

"ကဲ ကဲ ... ဒါဆိုလည်း ထားလိုက်၊ ကလေးရေ ... နောက်ထပ် ထမင်းဖြူတစ်ပွဲ ယူခဲ့ဟေ့"

"မြန်မြန်စားပြီး ပြန်ကြရအောင်နော်၊ လူတွေက အရမ်းကြည့်တာပဲ၊ ညီညီ မနေတတ်တော့ဘူး"

"ကြည့်ကြည့်ပေါ့ ညီညီရာ၊ ဂရုစိုက်စရာလိုက်လို့၊ ကိုယ့်ထမင်း ကိုယ်စားတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး ... ပွလိုက်တာ သေပါပြီ၊ လုပ်ကြပါဦးရှင်၊ ပွလိုက်တာ အရမ်းပါပဲ ...

မင်း ... မင်း ... ငါ့အပေါ် ရေနွေးတွေ လောင်းချတယ်၊ ဟုတ်လား ...

အစောကြီးထဲက ထင်သား၊ မင်းလုပ်နေတာက တခြား၊ မင်းမျက်လုံးတွေက တခြားဖြစ်နေတာကို ငါ အစောကြီးတည်းက သတိထားမိနေတာ ...

ဟိုကောင်လေးနဲ့ ကောင်မလေးစုံတွဲကို ကြည့်ပြီး ရေနွေးကြမ်းကရားထဲကို ရေနွေးဖြည့်တာ တလွဲတချော်တွေဖြစ်ပြီး ငါ့အပေါ် လောင်းချလိုက်တာလေ ...

ပွလိုက်တာရှင်၊ ဆိုင်ရှင်တို့ရေ ... ဘာတွေလုပ်နေကြတုန်း၊ ရှင်တို့လူက ကျွန်မပေါ် ရေနွေးတွေ လောင်းချလိုက်ပြီလေ"

မိန်းမကြီးက အသံကျယ်ကြီးဖြင့် အော်ဟစ်ချလိုက်ပါတော့သည်။





အနားမှာရှိတဲ့ ဆိုင်ရှင်ကော အလုပ်သမားတွေပါ အနားသို့ ရောက်လာကြပါသည်။

"မကြည်ကလည်းကွာ၊ တအားအော်တာပဲ၊ ရှက်စရာကောင်းလိုက်တာ" ,

"တောင်းပန်ပါတယ် အစ်မကြီးရယ်၊ ကျွန်တော်တို့ မတော်တဆ ဖြစ်သွားတာပါ"

"ရမလားကွယ်၊ မင်းတို့က မတော်တဆ ဖြစ်တာပေါ့၊ ငါ့မှာတော့ ဒီအပူလောင်ဒဏ်ရာကြီးနဲ့၊ အောင်မယ်လေး ... ပွလိုက်တာ ကိုကျော်ရယ်"

"ကိုကျော့်လက်ကို အသာလေးတွဲပြီး လိုက်ခဲ့နော်၊ ဆေးခန်းသွားရအောင် ...

ဪ ... ကျွန်တော်တို့ စားတာ ဘယ်လောက်ကျလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ၊ ပေးစရာ မလိုပါဘူး၊ ကျွန်တော်တို့ကသာ အစ်ကိုတို့ကိုအရမ်းအားနာနေမိတာပါ"

"ဟင်း ဟင်း ... ငါလိုမိန်းမမျိုးမို့သာ ဒီလောက်ငြိမ်ပြီး သည်းညည်းခံလိုက်တာ၊ ဒီပြင်မိန်းမသာဆို နင်တို့ အနည်းဆုံး ရဲစခန်းတော့ ရောက်သွားပြီ"

"ဟုတ်ကဲ့ပါ အစ်မကြီးရယ်၊ ဒီလိုခွင့်လွှတ်ပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်"

ဆိုင်ရှင်နှင့် အလုပ်သမားများကိုပါ ရန်တွေ့သွားသည်မက၊ သည်မိန်းမကြီးက ထည်အုပ်နှင့် ညီညီဖော်ကိုပါ သေသေချာချာကြည့်ပြီး မျက်စောင်းထိုးသွားလိုက်ပါသေးသည်။

"မေကြည်ကလည်းကွာ၊ ကလေးတွေကို ဘာဆိုင်လို့ ရန်သွားလုပ်နေရတာတုန်း၊ ငါလိုယောက်ျားလုပ်တဲ့သူကသာ မင်းရန်လုပ်တာ ခံနိုင်ပေမဲ့ သူစိမ်းကတော့ ဘယ်မှာလာ ခံနိုင်ပါ့မတုန်းကွာ"





"ရှင်ဟာလေ၊ တောတော်ကို အ,တဲ့လူပဲ၊ အဲဒီဂြိုဟ်နှစ်ကောင် ဝင်လာတည်းက ဆိုင်ထဲကလူတွေ ကမောက်ကမ ဖြစ်နေကြတာကို ရှင်မှ မသိတာ"

"မင်းလည်း ပါတာပဲမို့လားကွာ၊ တစ်သက်လုံးက ဝက်သား မစားတဲ့ ယောက်ျားကိုတောင် ဝက်သားဟင်းတွေ လာထည့်လိုက်တာလေ"

"ကျွန်မက အားကျလို့ မဟုတ်ဘူးရှင့် ရွံလို့ကြည့်တာ။ ဘယ်က သရုပ်ပျက်တွေများ တို့မြို့ကို မျက်စိလည်လမ်းမှားပြီး ရောက်လာတာပါလိမ့်လို့ ...

သူတို့လိုလူတွေ ရောက်လာရင်တော့ဖြင့် ငါတို့မြို့က ယောက်ျားလေးတွေ မိန်းကလေးတွေ သရုပ်ပျက်ပြီး ထိန်းမရ သိမ်းမရနဲ့ ကျွန်မတို့မြို့ နာမည်ပျက်မှာစိုးလို့ မျိုးချစ်စိတ်အပြည့်အဝနဲ့ ကြည့်နေဝဘာရှင့်၊ သိရဲ့လား ...

ခုလည်း ကြည့်လေ၊ ဆိုင်ကဝန်ထမ်းလေးတွေလည်း အားကျကုန်ကြပြီ၊ ဝန်ထမ်းလေးတွေက လူငယ်မို့ အားပါ



www.burmeseclassic.com

www.burmeseclassic.com



တော့၊ အသက်တစ်ရာ ဆိုင်ရှင်ကပါ ငေးနေလိုက်တာများ ရှင်လည်း ကျွန်မကိုကြောက်လို့သာဖြစ်မှာ၊ ပါချင်ပါနေမှာ ပါ ...

နောက်ဆုံးတော့ ကျွန်မပဲ အပူလောင် ခံလိုက်ရတာ အဖတ်တင်တယ်၊ အမယ်လေး ... ပူလိုက် စပ်လိုက်တာ ကိုကျော်ရယ်၊ ကျွန်မကို ဆေးခန်းအမြန်ပို့ပေးပါတော့"

"စိတ်ညစ်စရာ ကောင်းလိုက်တာဗျာ၊ ဒီကညှေ်သည် ကလေးတွေကိုလည်း အားနာလိုက်တာ၊ သူတို့လင်မယားနဲ့ မှ တိုက်တိုက်ဆိုင်ဆိုင် လာတိုးရတယ်လို့ဗျာ ...

ဒီလင်မယားက အထက်မြန်မာပြည်နဲ့ အောက် မြန်မာပြည် ကုန်ရောင်းကုန်ဝယ် လုပ်နေကြတာလေ တစ်ပတ်တစ်ခါ မဟုတ်တောင် တစ်လကို သုံးခေါက် လောက်တော့ ခရီးသွားရင်း ဦးလေးတို့ဆိုင်မှာ ဝင်စားသော စားထ ရှိကြတာကွ၊ လာတိုင်းလည်း ပြဿနာတစ်ခုမဟုတ် တစ်ခုကို ရှာပြစ်အောင် ရှာတတ်ကြတာ ...





အနည်းဆုံး ခြေထောက်သံစူးလို့၊ ချော်လဲလို့၊ ကား ပျက်နေလို့၊ အို ... စုံလို့ပါပဲဗျာ၊ ဒီတစ်ခါကတော့ အဆိုးဆုံးလို့ ဆိုရမှာပေါ့ကွယ်၊ ဦးလေးဖြင့် အားနာလိုက် တာ"

"ရပါတယ် ဦးလေးရယ်၊ ခရီးသွားချင်းတွေ အတူတူပဲ၊ ကျွန်တော်တို့ ဘယ်လိုမှ စိတ် မရှိပါဘူး"

ဆိုင်ရှင်ဦးလေးကြီးက အနူးအညွတ် တောင်းပန်နေ သည်မို့ ထည်အုပ်နှင့် ညီညီဖော်တို့က ကျေးရာကျေကြောင်း ပြောလိုက်ရသော်လည်း၊ အမှန်တော့ ဒီဆိုင်ကို ဝင်မိသည့်အတွက် အမှားကြီး မှားခဲ့တာကိုတော့ သူတို့နှစ်ဦးစလုံး သိနေမိပါ သည်။

ကျသင့်ငွေကို ထည်အင်္ကျီ ရှင်းပေးလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ် ကလေးတို့ရယ်၊ နောက်လည်း ကြုံရင် ဝင်ခဲ့ပါနော်"



www.burmeseclassic.com

"ဝေးပါသေးတယ်ဗျာ"

ဘယ်၍ဘယ်မျှ နာကြည်းသွားသည်မသိ။ ထည်အုပ်၏ ရင်ထဲက စီစဉ်ထားသော စကားတွေက နှုတ်ဖျားမှ အလိုလိုထွက်ကျလာပါတော့သည်။

ဆိုင်ရှင်လုပ်သူက အံ့ဩတကြီးနှင့် သူ့ကို ကြည့်လိုက်တော့မှ အသိတရားတွေက ပြန်ဝင်လာပါသည်။

"ဩော် ... ကျွန်တော်တို့သွားမဲ့ ခရီးက ဝေးသေးတယ် ဦးလေးရဲ့၊ အင်း ... မနက်ဖြန်အပြန် ဒီအချိန်လောက်ကျရင့် တစ်ခါ ဝင်လာခဲ့မယ်နော် ဦးလေး"

"အေးကွယ် ... ကောင်းပါပြီ"

"ဩော် ... ဦးလေး၊ မနက်ဖြန် ဒီထက်နည်းနည်း နောက်ကျချင် ကျမယ်နော်၊ ဟင်းတွေလည်း ဒီအတိုင်း ချန်ထားနော်၊ မိုးရွာလို့ အစောကြီး ဆိုင်ပိတ်မသွားနဲ့ဦး၊ ကျွန်တော်ကတော့ တံခါးတွေကိုထုပြီး အတင်းနှိုးမှာပဲ"





"စိတ်ချပါကွာ၊ ဦးလေး မင်းတို့နှစ်ယောက်ကို စောင့်နေပါ့မယ်"

"သွားမယ်နော် ဦးလေး"

နှစ်ဦးသား ဆိုင်ရှင်အဘိုးကြီးနှင့် အလုပ်သမားများကို နှုတ်ဆက်ကာ ကားပေါ်တက်ခဲ့ကြပါသည်။

ထည်အုပ်က ရင်တထိတ်ထိတ်နှင့် ကားစက်ကိုနှိုးလိုက်ပါသည်။

တစ်ချက်တည်းနှင့် တန်းနိုးသွားသည့်အတွက် သူ တာ အကျေနပ်ကြီး ကျေနပ်သွားပါသည်။

"သန္ဓေကောင်းလိုက်တဲ့ကားလေး၊ တစ်ချီတည်းနဲ့ တန်းနိုးတာပဲ"

ဘေးမှပါလာသော ညီညီဖော်က ဒီစကားကို ကြားဖြင့် ပြုံးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ညီညီက တို့ပြောတာ မဟုတ်ပါဘူးဆိုပြီး ရယ်နေတာမို့လား ...

ထားပါတော့လေ၊ တို့ကတော့ အခု အဖြစ်အပျက်တွေအားလုံးနဲ့ ကြုံတွေ့အောင် လုပ်ပေးလိုက်တဲ့ တို့ကားလေးကို ကျေးဇူးအရမ်းတင်တယ်လေ၊ ဒါကြောင့် သနေ့ကောင်းတဲ့ ကားလေးလို့ တို့ စိတ်ထဲမှာ ထင်နေဟာလေ"

"ဒါနဲ့ နေပါဦး၊ အစ်ကိုက ခုန ထမင်းဆိုင်က လူကြီး ကို မနက်ဖြန်ညနေကျရင် ပြန်လာခဲ့မယ်ဆိုတာ တကယ်ပြောတာလားဟင်"

"ဘယ်ကသာ၊ အလကားကြီး တမင်တကာ မုန်းမုန်းနဲ့ နှိပ်စက်ခဲ့တာ၊ ဘယ့်နှယ်ဗျာ၊ ဆာလွန်းလို့ စားမိပါတယ်၊ ဒုက္ခသုက္ခတွေ အများကြီးကို ခံခဲ့ရတာပဲ၊ အဲဒါနဲ့ ရွဲ့ရွဲ့ရှိတာနဲ့ တမင် ပြောခဲ့တာ"





"ဟင်း ဟင်း ... အစ်ကိုမို့ အကြံရတယ်ရှင်၊ ညီညီကတော့ အဟုတ်မှတ်နေတာ၊ မနက်ဖြန် အစ်ကိုတစ်ယောက် အပြန်မှာ တကယ်များ ဝင်စားဦးမှာလားလို့ ညီညီ သိချင်လို့လေ"

"ညီညီ ...

ညီညီ နာမည် တကယ် ညီညီ အစစ်ပါနော်"

"အိုး ... ကိုယ့်နာမည် အစစ်မဟုတ်ပါဘဲ ညီညီပါးစပ်က ဒီလောက် နှုတ်ကျိုးနေအောင် ပြောနိုင်ပါ့မလားလို့၊ အစ်ကိုက ဘာဖြစ်လို့ မေးတာလဲ"

"ဪ ... မိန်းကလေးစင်စစ်က ဒီနာမည်နဲ့ဆိုတော့ တစ်မျိုးများ ဖြစ်နေလားလို့၊ တကယ်ဆို ဒီနာမည်က ယောကျ်ားလေးတွေ မှည့်ရမဲ့ နာမည်လေ"

"ဒါတော့ မသိဘူးလေ၊ ညီညီ အဖေ အမေတွေ မှည့်ထားခဲ့တာပဲ၊ အစ်ကို မယုံလို့ သွားမေးရင်လည်း အဖေကော၊ အမေတောက မရှိတော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ ညီညီရယ်၊ ကျွန်တော် စိတ်မကောင်းပါဘူး၊ ကျွန်တော့်နာမည်က ထည်အုပ်"

"ထည်အုပ် ... ဟုတ်တယ် ဟုတ်"

"ဟုတ်တယ် ညီညီ၊ ဘာဖြစ်လို့လဲ"

"တစ်မျိုးတော့တစ်မျိုးပဲ၊ ထည် ဆိုတဲ့ နာမည်ကလည်း မှည့်ခဲ့ကြသလို၊ အုပ် ဆိုတဲ့ နာမည်ကလည်း တော်တော် ရှားသားနော်"

"ဒါပေါ့၊ ဖေဖေနဲ့ မေမေက ရှားတဲ့နာမည်နှစ်ခုကို ရှာပြီး မှည့်ထားတာ ဖြစ်မှာပေါ့ ညီညီရယ် ...

ညီညီ ... ညီညီ့ အကြောင်းကို ကျွန်တော့်ကို ပြော သိပါလား"

"မဆိမဆိုင် သူများအကြောင်းကိုများ စပ်စပ်စုစု"

"စပ်စုတာလို့တော့ မထင်ပါနဲ့ ညီညီရယ်၊ ကျွန်တော် ညီညီ့ကို စိတ်ပူလို့ မေးမိတာပါ၊ ခုပဲကြည့်လေ၊ ကျွန်တော်





နဲ့ မတွေ့ရင် ညီညီ တစ်ယောက်တည်း မိုးမှောင်ကြီးထဲမှာ၊ ပြီးတော့ မြို့ပြင်ကြီးမှာ မကြောက်ဘူးလား"

"အို ... အစ်ကိုနဲ့ မတွေ့ရင် ညီညီ ကားငှားပြီး ခုဆို အိမ်တောင်ရောက်လို့ အေးအေးဆေးဆေး နပ်နေပြီလေ၊ အစ်ကိုနဲ့ တွေ့လို့သာ ခရီးက ကြန့်ကြာ နေခဲ့တာမို့ လား"

"ညီညီ့အိမ်က စိတ်ပူနေမှာပေါ့"

"ညီညီ့ကို စိတ်ပူမဲ့သူ မရှိပါဘူး အစ်ကိုရဲ့၊ စိတ်ပူမဲ့သူဆိုလို့ အဘွားတစ်ယောက်တည်း ရှိတာ၊ အဘွားက ခု ဟိုးအဝေးကြီးမှာ၊ အဘွားစိတ်ပူနေမှာစိုးလို့ ဘယ်သူမှလဲ အကြောင်းကြားပေးကြမှာ မဟုတ်ဘူး"

"ညီညီ ... ကျွန်တော့်ကို ခင်တယ်ဆိုရင် အမှန်အတိုင်း ပြောပါလားဟင်၊ အိမ်ကနေ ဆင်းလာတာမို့လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်သင့်တာတွေ ညီညီရယ်၊ ညီညီ အဖို့ဆို ပိုတောင် မဖြစ်သင့်သေးတယ်"

"ညီညီက ဘာဖြစ်နေလို့လဲ"

"ညီညီက အရမ်းလှနေလို့လေ၊ အဲလိုမျိုးဆို ပိုပြီး အန္တရာယ် ကြီးလှပါတယ် ညီညီ၊ ကိုယ့်အိမ်ကို ကိုယ်ပြန်ပါတော့ နော် ...

ညီညီ မပြန်ရဲရင် ကျွန်တော် လိုက်ပို့ပေးမယ်"

"အောင်မယ် ... ညီညီက ဘာလို့မပြန်ရဲရမှာလဲ၊ ပြီးတော့ မနေချင်လို့ ဆင်းလာတာ၊ ဘာလို့ပြန်ရမှာလဲ"

"မဟုတ်သေးပါဘူး ညီညီရာ၊ ညီညီ ခုဘယ်မှာနေလဲ၊ ဘယ်သူတွေနဲ့ နေလဲ"

"အဲဒါတော့ ညီညီ အစ်ကိုကို ပြောလို့မရသေးဘူး"

နှစ်ဦးသား စကားတွေ အခြေအတင် ပြောနေရင်း နှင့်ပင် မိုးတွေသဲကြီးမဲကြီး ရွာချလိုက်ပြန်ပါသည်။ သူတို့နှစ်ဦး





ရောက်နေသည့် နေရာက မန္တလေး၊ ပြင်ဦးလွင် လမ်းမကြီးပေါ် တွင်ပါ။ မန္တလေးမြို့သို့ ဦးတည်သွားနေသော်လည်း ရောက်ရန်က အနည်းငယ် လိုပါသေးသည်။

ကားက အကောင်းကနေ ဖြုန်းစားကြီး ရပ်သွားပါ တော့သည်။

"ကား ဘာဖြစ်သွားတာလဲ အစ်ကို"

"မပြောတတ်ဘူးလေ၊ ညီညီ အမြင်ပဲ"

စက်ကို ထပ်ခါတလဲလဲ နှိုးကြည့်ပြန်တော့ နိုးမလာ တော့ပါ။

"ညီညီ ဆင်းကြည့်လိုက်မယ်နော်"

"ဘာလို့ ဆင်းရမှာလဲ ညီညီရဲ့၊ ဒီလောက် မိုးတွေလေ တွေ ကျနေတာကို ...

ညီညီ အချိန်မီ ပြန်မရောက်မှာကိုပဲ ကျွန်တော်က စိုးရိမ်လို့ပါ၊ အိမ်က ဆူမှာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆူမဲ့သူ မရှိပါဘူးလို့ ဆိုနေမှပဲ"

"ဒါဆို ဒီအတိုင်းပဲ ခဏနေလိုက်ရအောင်နော်၊ မိုးတိတ်ရင် အခြေအနေအရ ကားသွားကားလာတွေကို အကူအညီတောင်းကြည့်တာပေါ့နော်"

"ကောင်းသားပဲ"

"အစ်ကိုထည်အုပ်နော်"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ"

"ညီညီ အစ်ကို့ကို အစ်ကိုထည်လို့ပဲ ခေါ်မှယ်နော်"

"ခေါ်ချင်သလို ခေါ်ပါဗျာ။ ကျွန်တော့်သူငယ်ချင်းတွေတော့ ထည်ကြီးလို့ပဲ ခေါ်ကြတယ်လေ ..."

တရုတ်ကားထဲ က လက်တစ်ဖက်ပြုတ် ခားသ... ထည်ကြီးပေါ့ဗျာ"

"ဟင်း ... ဟင်း ... ဟင်း"





စကားပြောလို့မှ မဆုံးသေး၊ အလင်းရောင်တွေ ...ောင်းကင်တွင် အစက်အလက် စုံညီစွာနှင့် ဖြာထွက်လာသော ...ျှပ်စီးတန်းကြီးနှင့်အတူ မိုးကြိုးပစ်သံကြီးမှာ ကြောက်စရာပင် ...ောင်းလှပါသည်။

"ကြောက်စရာကြီးနော် အစ်ကိုထည်"

"အင်း ... ကျွန်တော်လည်း ဘယ်လိုများ ညီညီ့ကို အားပေးရမလဲဆိုတာ မပြောတတ်တော့ဘူး"

လျှပ်စီးလက်လိုက်တိုင်း ဘေးတစ်ဖက်တစ်ချက်ဆီမှ ...စ်ပင်အို သင်ပင်ခြောက်ကြီးများ၏ အကိုင်းအခက်ခြောက်ကြီးများက ဝတ်ရုံနက်ကြီးခြုံကာ လက်ကားယား ခြေကားယားနှင့် ...ခြောက်ပြနေသယောင်ယောင် ဖြစ်နေပါသည်။

"ညီညီ ကြောက်နေလား"

"ဟုတ်တယ်၊ ညီညီ အရမ်းကို ကြောက်တာပဲ အစ်ကိုထည်ရယ်၊ ညကြီးမင်းကြီး မိုးထဲလေထဲ အပြင်မှာ တစ်ခါမှ မနေဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်ကို ကြည့်မနေနဲ့ ညီညီ၊ မျက်စိမှိတ်ထားလိုက် ပြီးတော့ ဘုရားစာ ဆိုနေနော်"

"ဟုတ် ... ဟုတ်ကဲ့"

"အစ်ကိုထည်"

"ဘာလဲ ညီညီ"

"ဟို ... ဟိုနားကို ကြည့်လိုက်စမ်း၊ မျက်လုံးကြီးနှစ်လုံး အစိမ်းရောင်ကြီး တောက်နေတာပဲ၊ အဲဒါ သရဲခြောက်နေ တာလား မသိဘူးနော်၊ ဒီနားမှာ သရဲတကယ်ရှိမှာပေါ့ ဘုရား ... ဘုရား၊ ညီညီတို့ကားနား ရောက်လာရင် ဒုက္ခပါပဲ"

ညီညီဇော်က ကားလော့(ခ်)များကို သေသေချာချာ စစ်ဆေးကြည့်လိုက်ပါသည်။

"အစ်ကိုထည် သရဲကြီးက ညီညီတို့ဆီကို မလာနိုင်ပါဘူး နော်"





"သရဲမဟုတ်နိုင်ပါဘူး ညီညီရယ်၊ အဲဒါ တောကောင်တွေ ဖြစ်မှာပါ"

"ဘာတောကောင်တွေလဲဟင်"

ကြောက်ကြောက်နှင့် ကလေးငယ်တစ်ယောက်လို ညီညီဇော် ပါးစပ်ထဲရှိတာ စွတ်မေးနေပါသည်။

"ကျားတွေ၊ ဆင်တွေ၊ ဝက်ဝံတွေလိုမျိုး ဖြစ်နိုင်တယ်လေ"

ညီညီဇော့်ကို သူက ယောကျာ်းသားတစ်ဦးအနေနှင့် အားသာပေးနေသည်။ သူကိုယ်တိုင်လည်း ဒါမျိုးမကြုံဘူးသဖြင့် ကြောက်ကြောက်နှင့် အသံတွေက တုန်နေပါသည်။

ထည်အုပ်က လက်မနာရီကို ကြည့်လိုက်ပါသည်။ ၃မှ ညဆယ့်နှစ်နာရီသာ ရှိပါသေးသည်။ မိုးလင်းအောင် စောင့် ရမည့် အချိန်တွေက မနည်းမနောလိုသေးသည်မို့ ရင်ထဲ လေး တန်လို သွားပါသည်။

"ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး"

ကြောက်ကြောက်နှင့် ညီညီဖော်က ထည်အုပ်၏ လက်တွေကို အတင်းဆုပ်ကိုင်ထားပြီးသား ဖြစ်နေပါသည်။

"ဘာဖြစ်တာလဲ မသိဘူးနော် အစ်ကိုထည်"

"အကောင်တစ်ကောင် ကားကို ဝင်တိုက်မိတာ ဖြစ်မယ် ထင်ပါရဲ့ ညီညီ"

ထည်အုပ် ပြောတာလည်း ဟုတ်နိုင်ပါသည်။ အကောင်တစ်ကောင် ကားကိုဝင်တိုက်တာပဲ ဖြစ်မည်။ သို့ပေမဲ့ ဒုန်းဟူသော အသံကြီးက မသေးလှသလို ကားပါသိမ့်သိမ့်တုန်သွားသည်မို့ ထိုအကောင်က သိပ်တော့ သေးမည်မဟုတ်နိုင်ပါ။

သူ့လက်ကို ဆုပ်ကိုင်ထားသော ညီညီဖော်၏ လက်တွေက အေးစက်လို့ နေပါသည်။

"သိပ်ကြောက်နေလား ညီညီ၊ ကျွန်တော် ရှိပါတယ်၊ ကျွန်တော် ဘုရားစာရွတ်နေမယ် ညီညီ မျက်လုံးတွေကိုသာ





မှိတ်ထားလိုက်၊ ခဏနေရင် ညီညီ အိပ်ပျော်သွားမှာပါ၊ ဘာမှမပူနဲ့၊ ကျွန်တော် ညီညီ့ကို စောင့်ပေးနေမယ်၊ ဟုတ်လား"

ကားထဲမှ မီးလုံးလေးကို ဖွင့်ထားသည်မို့ တစ်ယောက်နဲ့ တစ်ယောက် ကောင်းကောင်းမြင်တွေ့နေရပါသည်။

မိုးက တိတ်သွားပါပြီ။ သို့သော်မဲ့ အမှောင်ထုက ကြီးစိုးနေသည်မို့ ဘာကိုမှ သဲသဲကွဲကွဲ မမြင်နိုင်ပါ။ အကူအညီတောင်းရအောင် ကားမီးများ တွေ့မလားလို့ စောင့်မျှော်နေမိသော်လည်း တစ်စင်းမှ ပေါ်မလာပါ။

"ဒုန်း ... ဒုန်း ... ဒုန်း ... ဒုန်း"

"ဘာသံလဲ အစ်ကိုထည်"

"အသီးတွေ ကြွေကျတာ ဖြစ်မှာပေါ့"

"ဘယ်ကသာ အသီးကြွေကျရမှာလဲ၊ ဒီနားမှာ ကားစပျက်တုန်းတည်းက ညီညီ ကြည့်ထားတာ၊ ဘာပင်မှ မရှိပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတည် သေသေချာချာ နားထောင်ကြည့်လေ၊ ဟော ပြောရင်း ဆိုရင်း ထပ်ကျလာပြန်ပြီ ...

အဲဒါ တစ်နေရာရာကနေ ခဲနဲ့ပေါက်တဲ့ အသံပါ အစ်ကိုထည်ရဲ့၊ ဟုတ်တယ်မို့လား"

"ဟုတ်မှာပေါ့"

"မိုးမင်းကြီးရယ် ... မြန်မြန်လင်းပါတော့၊ တပည့်တော်မ တို့ ကြောက်လှပါပြီရှင် ...

အစ်ကိုထည် ဘုရားစာဆိုနော်၊ အစ်ကိုထည်ရတဲ့ ဘုရားစာအားလုံးကို တစ်ခုမကျန် အကုန်ဆိုနော်၊ ညီညီ စကားမပြောဘဲ ငြိမ်ငြိမ်လေး နေပေးမယ်"

အမှောင်ထု ကြီးစိုးနေတာက လွဲလျှင် မိုးကောင်း လေကောင်းအားလုံးသော အသံတွေပါ တိတ်ဆိတ်ငြိမ်သက် သွား ပါတော့သည်။

"ဒေါက် ... ဒေါက် ... ဒေါက်"





တံခါးခေါက်သံကြားမှ နှစ်ယောက်သား လန့်နိုး လာပါသည်။ ဘယ်အချိန်ကများ ဘယ်လိုအိပ်ပျော်သွားမိသည် တောင် မသိလိုက်ပါ။

မိုးလေကင်းစင်ခြင်းနှင့်အတူ အလင်းရောင်ဖျော့ဖျော့လေး ကိုပါ မြင်တွေ့နေရပါပြီ။

"ခုန အစ်ကိုထည် တံခါးကို ခေါက်လိုက်တာလား"

"ဟင့်အင်း ... တို့က ညီညီ ခေါက်တာ ထင်လို့"

"ညီညီလည်း မခေါက်ပါဘူး၊ အဲဒီအသံကြားမှ ညီညီ နိုးလာတာ"

"ဟုတ်တယ်၊ တို့လည်း အိပ်ပျော်သွားတာ ဒီအသံကြားမှ လန့်နိုးလာတာ"

"ဒေါက် ... ဒေါက် ... ဒေါက်"

"အောင်မယ်လေး"

ကြောက်ကြောက်လန့်လန့်နှင့် ထအော်လိုက်သော ညီညီဇော်၏ အသံမှာ တစ်ကားလုံး ပွင့်ထွက်သွားမတတ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်က ကုပ်ဝပ်လောက်အထိရှည်သည့် အရပ်ရှည်ရှည် လူကြီးတစ်ဦး၊ သူ့တစ်ကိုယ်လုံးမှာ ပိန်ချုံးရှုံ့တွဲနေပါသည်။ တံခါးလာခေါက်သောသူ၏ လက်များမှာ အရိုးချောင်းကြီးများကို မီးလောင်ထားသလို ကြွပ်ခြောက်လို့ နေပါသည်။

ညီညီဖော်က ခေါင်းကိုသာ တွင်တွင်ငုံ့ထားကာ မော့မကြည့်ရဲတော့ပါ။

တကယ်တော့ ဒီလူကြီးမှာ အမှန်တကယ် လူမှဟုတ်ပါရဲ့လား၊ သရဲတစ္ဆေ ခြောက်တယ်ဆိုတာ ဒါလားမှ မသိတာဆိုသောအသိနှင့် ထည်အုပ် မှန်တံခါးကို ဖွင့်မပေးရဲပါ။

ညီညီဖော့်ကို မပြောနှင့် သူကိုယ်တိုင်ပင်လျှင် ဒီလူကြီးကို သေသေချာချာ မကြည့်ရဲပါ။

ခဏအကြာမှာ ဒီလူကြီး ရှိသေးလားလို မော့ကြည့်လိုက်တော့ မရှိတော့ပါ။

"ဟင်း"





ခုမှပင် သက်ပြင်းချနိုင်ပါတော့သည်။

"အား"

ဒီတစ်ခါကတော့ ထည်အုပ် တအားကြီး လွှတ်အော်မိပါသည်။ ညီညီဖော်ကတော့ ဒီလူကြီးကိုမြင်ပြီးတည်းက ခေါင်းကို လုံးဝမော့မကြည့်တော့ပါ။

ထည်အုပ်၏ အသံကြီးကို ကြားလိုက်တော့ သွားပြီ။ ဒီလူကြီး သူရဲပင် ဖြစ်မည်။ ကားတံခါးကို သူဖွင့်ဝင်လာလို့ ထည်အုပ် အော်တာပဲ ဖြစ်မည်ဟုတွေးကာ သတိများပင် လစ်တော့မတတ် ဖြစ်သွားသည်။ ကားမောင်းသူ၏ဘေး မှန်ပေါက်ကနေ ပျောက်သွားသော လူကြီးသည် ကားနောက်ဘက်မှန်ပေါက်မှ ပြန်ပေါ်လာခြင်းပင် ဖြစ်ပါသည်။

ကြောက်အား လန့်အားနှင့် ဖြစ်နေသော ထည်အုပ်အား ကားကို နောက်မှတွန်းပေးမည် ဟူသော ဟန်ဖြင့် လုပ်ပြနေသည်ကို တွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုနေမှာတော့ ဘာပဲဖြစ်ဖြစ် သူလုပ်တာကို ခံရတော့မည် ဖြစ်ပါသည်။

ထည်အုပ်က ကားစတီယာတိုင်ကို သေချာကိုင်ကာ ဂီယာကို ပြင်ထိုးလိုက်ပါသည်။

လူကြီးက နောက်မှနေ၍ ကားကို တွန်းပေးနေသည်ကို သူ တွေ့ရပါသည်။

ကားဘီးဆယ်လိမ့်မျှ လိမ့်ပြီးချိန်မှာတော့ ကားစက်က ဖေါခနဲ နိုးသွားပါတော့သည်။

"ဟင် ... အစ်ကို ကားစက်နိုးသွားပြီ"

ညီညီက ကားစက်နိုးသွားသည်နှင့် ထအော်ပြီး ဘောပတ်ဝန်းကျင်ကို မရဲတရဲဖြင့် ကြည့်လိုက်ပါသည်။

"တိတ်တိတ်နေစမ်း ... ညီညီ"

ထိုလူကြီး တွန်းပေးလိုက်၍ နိုးသွားသော်လည်း ကားကိုရပ်ပြီး ထည်အုပ်ခမျာ ကျေးဇူးတင်စကားတောင် မပြောရှိရှာပါ။





ခပ်ပြေပြေ အမှောင်ထုတွင် နှင်းများက ပိန်းပိတ်အောင် ကျနေပါသည်။ ထိုလူကြီးဟုပင် ထင်ရမည့် အရိပ်ကြီးတစ်ခုသည် နှင်းထဲတွင် တဖြည်းဖြည်း ပျောက်ကွယ်သွားသည်ကို ထည်အုပ် မြင်လိုက်ရပါသည်။

"အစ်ကိုထည် ... ကားစက်က ဘယ်လိုနိုးသွားတာလဲဟင်"

"ဟိုလူကြီး တွန်းပေးလိုက်တာ ညီညီ"

"ဟယ်တော်"

"အဲဒီလူကြီးက လူလား သရဲလားဟင်"

"ကျွန်တော်လည်း မပြောတတ်တော့ပါဘူး ညီညီရယ်၊ လူလည်း ဖြစ်နိုင်သလို၊ ဖေဖေတို့ လူကြီးတွေ ပြောပြောနေတဲ့ နေစ် ညခ် ဆိုတာမျိုးတွေလည်း ဖြစ်နိုင်တာပဲ"

"နေစ် ညခ် ဆိုတာ ဘာလဲဟင် အစ်ကိုထည်"

"မသိပါဘူး ညီညီရယ်၊ လူကြီးတွေကလည်း ပြောကြတယ်၊ ပြီးတော့ စာအုပ်ထဲမှာလည်း ညီညီ ဖတ်ဖူးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ညီညီ စာအုပ်လည်း မဖတ်ဖူးဘူး၊ ပြီးတော့ လူကြီးတွေကလည်း တစ်ခါမှ အဲဒါတွေ မပြောပြဖူးဘူး၊ အစ်ကိုထည် သိတာကို ညီညီကို ပြောပြပါလားဟင်၊ ညီညီ သိချင်လို့ပါ"

ကြောက်ကြောက်နှင့် ညီညီဖော်က ထည်အုပ် သေးသို့ ပိုပြီး ကပ်လာပါသည်။

"ဩော် ... လူတွေက သေပြီးတော့ ငရဲကျတယ်ဆိုတာကို ညီညီ ကြားဖူးတယ်မို့လား"

"ဟုတ်တယ်၊ ကြားဖူးတယ်လေ"

"အဲဒီလိုပေါ့ ညီညီရယ်၊ လူ့ဘဝမှာ မဟုတ်တာ လုပ်ခဲ့တဲ့ သူတွေဟာ သေတော့ ငရဲရောက်တယ်လေ ...

အဲဒီငရဲမှာတောင်မှ နေ့စံ ညခံ ဆိုတဲ့ ငရဲတွေ ရှိတယ်တဲ့ ...

နေ့ဘက်ဆို ပုံမှန်လူတွေလိုပဲ ...





ကိုယ့်အိမ်ကိုယ့်ရာနဲ့ နေနေကြပြီး ညဘက်ကျတော့ ငရဲထွက်ထွက်ခံရတယ်တဲ့"

"ဒါဆို ခုနက လူကြီးကလည်း အဲလိုပဲ ဖြစ်ချင်ဖြစ်နေမှာ နော်။ ညဘက်ကျတော့ ငရဲသားကြီး ဖြစ်နေပြီး၊ ခုမနက် မိုးလင်းတော့ လူပြန်ဖြစ်လာတာကော မဖြစ်နိုင်ဘူးလား"

"မပြောတတ်ပါဘူး ညီညီရယ်၊ ကိုယ့်အပေါ် အကောင်း လာပြီး ကြည့်ရှုစောင့်ရှောက်ပေးတာကိုတော့ ကျွန်တော်တို့က ဒီလိုထင်တော့ မကောင်းဘူး ဖြစ်သွားမှာပေါ့နော်"

"ဟုတ်ပါတယ်လေ၊ အဲဒီလူကြီးကိုတော့ လူသားအစစ်လို့ပဲ သဘောထားလိုက်ကြပါတော့နော်၊ ဒါပေမဲ့ ညီညီကြောက်တာကတော့ တကယ့်ကို အရှန်အပယ်ပဲ အစ်ကိုထည်ရေ့"

"ကျွန်တော်လည်းပဲ ကြောက်တာပါပဲ၊ ကြောဏ်လွန်းလို့ သူ့ကိုတောင် ကျေးဇူးတင်စကား မပြောရဲတော့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ကျွန်တော်တို့ နှုတ်အဆက်ကို စောင့် မနေပါဘူး၊ နှင်းထဲကို ဝင်သွားပြီး ပျောက်သွားတာပဲ လေ”

“အလင်းရောင်တွေ သိသိသာသာ ပေါ်လာပြီနော် အစ်ကိုထည်၊ ပျော်စရာကြီး”

“ဟုတ်တယ် ညီညီ၊ ဒါတောင် နှင်းတွေရှိနေလို့၊ နို့မို့ဆို ဒီထက်တောင် အလင်းရောင်တွေ မြင်နေရမှာ”

အချိန်ကား မနက်ငါးနာရီခွဲတော့မည် ဖြစ်ပါသည်။ မကြာမီ သူတို့မြို့ကို ရောက်တော့မည် ဖြစ်သည်။

“မြို့ကိုရောက်ရင် ဘာလုပ်ကြမလဲ ညီညီ”

“ညီညီတို့ လမ်းခွဲကြရုံ ရှိတော့တာပေါ့၊ ညီညီ့ကို ဘူတာကြီးမှာ ချထားပေးခဲ့ပါ အစ်ကိုထည်”

“ဟာ ... မဖြစ်သေးပါဘူး၊ ညီညီ့ကို တစ်ယောက်တည်း ကျွန်တော် စိတ်မချဘူး”





“ဘာမှ စိတ်မချစရာ အကြောင်းမရှိဘူး၊ ညီညီဟာ ညီညီ သွားလာနေတာပဲ ဆယ်ရက်မက ရှိနေပြီ”

“လုပ်ပါ ညီညီရာ၊ ညီညီနေတဲ့ နေရာလည်း သိချင်လို့ အိမ်အထိတော့ လိုက်ပို့ပေးပါရစေနော်”

“ပြောလို့ မဖြစ်လို့ပါ အစ်ကိုထည်ရယ်”

“ဒါဆို ကျွန်တော်နဲ့ညီညီ ခင်မင်မှုကို ဒီနေရာမှာတင် အဆုံးသတ်တော့မှာလားဟင်”

ညီညီဇော်က အနည်းငယ် တွေဝေသွားပါသည်။ သူမကိုယ်တိုင်လည်း ထည်အုပ်နှင့် အဆက်အသွယ် မပြတ်ချင် သေးပါ။ တကယ်ဆို သူတို့နှစ်ဦး၏ ခင်မင်တွယ်တာခဲ့ရသည့် အချိန်လေးက တိုတောင်းလွန်းလှပါသော်လည်း တွေ့ကြုံရင်ဆိုင် ခဲ့ရသည့် အဖြစ်တွေက မေ့နိုင်စရာမှ မရှိတာကိုး။

“အစ်ကိုထည် ဘူတာကို ရောက်နေပြီလေ၊ ကားကို ခဏ ရပ်လိုက်ပါဦး”



www.burmeseclassic.com

www.burmeseclassic.com



"မသွားပါနဲ့ဦးလား ညီညီရယ်၊ ကျွန်တော် တစ်ယောက်တည်း အဖော်မပါဘဲ ဘယ်သွားလို့ ဘာလုပ်ရမှန်းတောင် သိတော့မှာ မဟုတ်ဘူး"

"ဟင် … ညီညီ အစ်ကိုထည်ကို တွေ့တုန်းကလည်း တစ်ယောက်တည်းပဲမို့လား"

"ဟုတ်တယ်လေ၊ အဲဒီတုန်းကတော့ ကိုယ့်အားကိုယ်ကိုးပြီး တစ်ယောက်တည်း ထွက်လာခဲ့တာ …

ခုတော့ ညီညီနဲ့တွေ့ပြီး အန္တရာယ်တွေကို နှစ်ယောက်အတူတူ ရင်ဆိုင်ခဲ့ရတာဆိုတော့ ညီညီ့ကိုလည်း အားကိုးလာတာပေါ့ဗျာ"

"အားကိုးရအောင် ညီညီက အစ်ကိုထည့်ကို ဘာများလုပ်ပေးနိုင်ခဲ့လို့လဲ"

"ဒါကတော့ဗျာ၊ အန္တရာယ်နဲ့ ရင်ဆိုင်တွေ့ရတဲ့ အခါမျိုးမှာ ကိုယ့်နားမှာ လူတစ်ယောက် ရှိနေတာ အရမ်းကိုအားရှိတာဗျ …





အမှန်အတိုင်း ပြောရရင် ကျွန်တော် တစ်ယောက်တည်းဆိုလည်း ကြောက်ကြောက်နဲ့ သေသွားနိုင်တယ်လေ …

ခုတော့ နှစ်ယောက်လည်း ဖြစ်နေတယ်၊ ပြီးတော့ ဒီနေရာမှာ ကျွန်တော်က ယောက်ျားလေး ဖြစ်နေတော့ အစွမ်းအစတွေ ပြရတာပေါ့၊ ကိုယ်က ကြောက်နေကြောင်းပြရင် ညီညီ ပိုပြီးမဆိုးတော့ပေဘူးလား …

ဒါကြောင့်မို့ သရဲကြီးက ကုပ်ကိုချိုးပြီး အူအသည်းတွေကို ဖောက်စားရင်လည်း ခံတော့မယ်ဆိုတဲ့ စိတ်နဲ့ ကြောက်စိတ်ကို မနည်းချိုးနှိမ် လိမ်ခေါက်ပြီး တားရတာ ညီညီရဲ့"

"ခု အစ်ကိုထည်က ဘယ်သွားမလို့လဲ"

"ဒါတော့ ဘယ်ပြောလို့ ဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အစ်ကိုထည်က ယောက်ျားလေးဆိုတော့ ဘယ်မြေလို့ ဖြစ်ပါမလဲနော်"

"အလကား စတာပါ ညီညီရယ်၊ ကျွန်တော်လေ အိမ်နဲ့ စိတ်ဆိုးပြီး ဆင်းလာတာ"

"ဟုတ်မယ်၊ ဟုတ်မယ်၊ အစ်ကို့မျက်နှာ ကြည့်ရတာ အိမ်က ဆင်းလာတာပဲ ဖြစ်မယ်ဆိုတာ ညီညီ အစောကြီး တည်းက သိတယ်"

"ကျွန်တော်လည်း ညီညီ့ကို မြင်တည်းက သိတာပဲ –

လာပါ ညီညီရယ်၊ မနက်စာ တစ်ခုခုစားရင်းနဲ့ ကျွန်တော်တို့အကြောင်းတွေ ပြောပြီး ပြန်ပြီး မိတ်ဆက် ကြတာပေါ့နော်"

"ဟင့်အင်း ၊ ဒီနေ့တော့ မဖြစ်သေးပါဘူး၊ အစ်ကိုထည် ညီညီနဲ့ ပြန်ဆုံတွေ့ချင်သေးတယ် ဆိုရင်တော့ မနက်ဖြန်





ဒီအချိန်လောက်ပဲ ဒီနေရာကို လာခဲ့ပါနော်၊ ညီညီ သွား တော့မယ်၊ တာ့တာ အစ်ကိုထည်"

သူ့အချိန်မီ မတားလိုက်နိုင်ခင်မှာပင် ဖြုန်းစားကြီး နှုတ်ဆက်ကာ ဆင်းပြေးသွားသော ညီညီဖော့ကို ထည်အုပ် အံ့သြစွာ ကြောင်ပြီးကြည့်နေမိပါသည်။

နောက်တော့မှ သတိတွေ ဝင်လာကာ ကားကို သော့ပိတ်ပြီး အပြေးဆင်းလိုက်ကာ ညီညီဖော့ကို ရှာကြည့်ပါ သော်လည်း မတွေ့တော့ပါ။

ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လွန်းလို့ မျက်နှာကို လက်သီးနှင့်ပင် ဆွဲထိုးပစ်ချင်လာပါသည်။

တစ်ရက်သာ ဆိုသော်လည်း သူနှင့် ဒီလောက် လက်ပွန်းတတီး ရင်းနှီးခွင့် ရခဲ့သော ကောင်မလေးကို သူ အဘ ကြောင့်များ အချိန်မီ မတားနိုင်ခဲ့ရတာပါလဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းမှာတော့ ထည်အုပ် လိုက်ရှာနေလည်း တွေ့တော့မည် မဟုတ်ပါ။ ဒီနေရာ ဒီဒေသကို ထည်အုပ် ထက် စာလျှင် သူမက ပိုပြီးကျွမ်းလှသည်မို့ သူမ ရှောင်ပြေးလျှင် ထည်အုပ် ဘယ်နည်းနှင့်မျှ လိုက်မိနိုင်မည် မဟုတ်ပါ။

မနက်ဖြန်ဆိုတဲ့ အချိန်ကိုတော့ သူ စောင့်ရပေဦးတော့မည်။

အဘယ်ကြောင့်နည်းဟု ဆိုလျှင် သူ ဒီကောင်မလေးကို မခွဲခွာချင်သေးလို့ပါဟု ဖြေရမည်သာ ဖြစ်ပါသည်။

ကားပျက်စဉ်က နံနက်မိုးသောက်ချိန် အလင်းရောင် ခပ်ပျပျလေးမှာ သူ၏ကားကို တွန်းပေးလိုက်သော လူကြီးမှာ သရဲလား၊ လူလား သူ မစုံစမ်းခဲ့မိပါ။ နှင်းထဲတွင် တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့သော လူကြီးမှာ လူဖြစ်သည်၊ သရဲဖြစ်သည်ကို သူ မသိလိုတော့ပါ။ ထို့အတူ စုံစမ်းဖို့လည်း သူ မကြိုးစားခဲ့ပါ။





ခု ဒီကောင်မလေး ညီညီဇော်နှင့် ပတ်သက်လို့ကတော့ ထည်အုပ် အရမ်းသိချင်နေပါသည်။ ဒီကောင်မလေးကို သူ အရမ်းစိတ်ဝင်စားနေမိပါပြီ။ သူမလေးအကြောင်းကို စုံစမ်းရမှ ဖြစ်ပေတော့မည်လေ။

၉ ၉ ၉


ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထင်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com









ကိုယ်ကိုယ်တိုင်ကလည်း ဘာမှ မယ်မယ်ရရ မဟုတ် ဝါပဲနှင့် သူများအကြောင်းကို သိချင်နေသည် ဆိုတာကတော့ ရယ်စရာများပင် ဖြစ်နေမည်လား မသိပါ။

ဘာပဲပြောပြော ထည်အုပ် ဒီကောင်မလေးကို တွေ့ ချင်ဇောက အရမ်းပြင်းပြနေပါသည်။

ညကလည်း တော်တော်နှင့် အိပ်မပျော်ပါ။ မနက် မိုးလင်းမည့် အချိန်ကိုသာ စောင့်နေမိပါသည်။

အိမ်မှာဆို နေလုံးကြီး ထွက်လာသည်နှင့် သူ၏ ပြတင်းပေါက်ကနေ တန်းခနဲ မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုနေရာကတော့ သူနှင့် အတော်စိမ်းနေသည်မို့ နေမင်းကြီး ဘယ်နေရာကနေ ထွက်လာမည်ကို သူ မမှန်းဆတတ်တော့ပါ။

သူ နေမင်းကြီးကို ရှာနေဆဲမှာပင် တစ်လောကလုံး အလင်းရောင်တွေ ရလာပြီလေ။ ဩော် ... သူတောင့်တခဲ့သည့် မနက်မိုးလင်းချိန်ဆိုတာ ရောက်ပြီပေါ့။

ရေမိုးချိုး၊ အဝတ်အစားလဲပြီးသည်နှင့် သူချိန်းထားရာ ဘူတာရုံသို့ ထွက်လာခဲ့ပါတော့သည်။

မနေ့က ချိန်းထားသည့်အချိန်က ရှစ်နာရီလောက်မှာ ဖြစ်သည်။

ခု ရှစ်နာရီတော့ ထိုးပါပြီ။ သူမကို အရိပ်အယောင်တောင် မတွေ့ရသေးပါ။

အချိန်တွေကလည်း အကုန်မြန်လှသည်ဟု သူ ထင်မိပါသည်။ ကိုးနာရီထိုးလည်း ရောက်မလာပါ။





သူ့ကိုတော့ ညီညီဇော် ဆိုသည့် ကောင်မလေးက ဘယ်နည်းနှင့်မျှ မတွေ့ဘဲ နေမည်မဟုတ်တာကိုတော့ သူ ယုံကြည်ပါသည်။

ခေါင်းတွေကလည်း ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက် လုပ်ရလွန်းအားကြီးလို့ သူ့ဇက်တွေလည်း ညောင်းလှပါပြီ။

ညီညီဇော် တစ်ယောက် သူ့ကိုများ စိတ်ဆိုးသွားပြီလား၊ ဒါလည်း မဖြစ်နိုင်ပါ။ သူတို့နှစ်ယောက် လမ်းခွဲသွားသည်အထိ အကောင်းကြီးပါ။

ဟိုက် ...။

လက်စသတ်တော့ ညီညီဇော်က သူနဲ့ တော်တော် အလှမ်းဝေးသည့် နေရာကြီးမှာ ရှိနေသည်လေ။

သူ့လိုတောင် ခုံမှာထိုင်၍ စောင့်နေသည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တိုင်လေးကို မှီရုံသာ မှီထားပြီး မတ်တတ်အနေအထားလေးနှင့်ပင် ဖြစ်သည်။

မနေ့ကအတိုင်း ဂျင်းဘောင်းဘီလေးနှင့်ပင် ဖြစ်ပါသည်။

သူက မပြေးရုံတမယ် ညီညီဖော့်ဆီ ခပ်သွက်သွက်ကလေး လှမ်းလာခဲ့ပါသည်။

ညီညီလည်း သူ့လို အစောကြီးတည်းက ရောက်နေတာ ဖြစ်မှာပါ။ ခုတော့ နှစ်ဦးသားတွေ့ရမဲ့ အချိန်တွေထဲက နှစ်နာရီကျော်ကျော်လောက် ပဲ့ပါသွားတာဟာ အရမ်းကို နှမြောစရာကောင်းလှပါသည်။

မနေ့က ကားရပ်ပေးထားတဲ့ နေရာမှာ ညီညီဟာ ဘာလို့မစောင့်နိုင်ရတာပါလိမ့် ဆိုသော အတွေးဖြင့် အပြစ်တင်နေမိပါသော်လည်း၊ သူ ကိုယ်တိုင်ကကော ဒီလို ငုတ်တုတ်ကြီး ထိုင်စောင့်နေမည့်အစား ဘူတာရုံတစ်ခုလုံးကို လှည့်ပတ်ရှာလိုက်လျှင် တွေ့နိုင်ရဲ့သားနဲ့များ။





ခုဆို လျှောက်လည်လို့ အတော်လေးတောင် ခရီးရောက်နေပြီလေ။

"ဟိတ် ... ညီညီ"

ထည်အုပ်၏ အထိမ်းအကွပ်မရှိ အော်လိုက်သံကြောင့် လှည့်အကြည့်လိုက်မှာ ...

"ရှင် ကျွန်မကို ခေါ်တာလားဟင်"

"အောင်မယ်လေး ... ဆောရီးပဲဗျာ၊ ကျွန် ... ကျွန်တော် လူမှားသွားလို့ပါ"

"လူမှားရအောင် ဒီနားမှာ ကျွန်မ တစ်ယောက်တည်းရှိတာပဲဟာ",

"မ ... မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကို နောက်ကနေ မြင်လိုက်တော့ ချိန်းထားတဲ့ ကျွန်တော့်သူငယ်ချင်း မှတ်သွားလို့ပါ"

"ဟင်း ... ဟင်း ... ရှင်ရယ်၊ စဉ်းစဉ်းစားစားလည်း လုပ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



နောက်ကနေကြည့်တော့ အဖြောင့်သား၊ အရွယ် အစားက ညီညီဖော်နဲ့မှ တစ်ထေရာတည်း၊ ထည်အုပ်က ခေါ် လိုက်လို့ သူက လှည့်အထူးမှာ တကယ့်ကို ကြောက်စရာကောင်း သော မျက်နှာကြီးကို ထည်အုပ် မြင်လိုက်ရပါသည်။

အသားကမည်းမည်း၊ သည်ကြားထဲ ဝက်ခြံဖုကြီး တွေက အပ်ချစရာ မရှိအောင် ပိန်းပျစ်အောင် ပေါက်နေပါသော သည်။ ဆိုးထားသော နှုတ်ခမ်းနီက အသားရောင်နှင့် မလိုက် ဖက်အောင် နီရဲလို့ နေပါသည်။

ရုပ်ကြီးမြင်ရတာ မသတိစရာပင် ကောင်းနေ သည်။ ထည်အုပ် တစ်ယောက် လုံးဝတာမကောင်းတော့ပါ။ ဒေ တုန်းကလည်း ယောကျ်ားသရဲ၊ ဒီနေ့လည်း မိန်းမသရဲ။

လူကြီးတွေ ပြောတာကို သူ ကြားဖူးပါသည် သရဲကို အင်မတန်မှ ကံမကောင်းတဲ့လူမှ တွေ့ဖူးတာတဲ့။

ခုတော့ သူ့မှာ မနေ့ကလည်း တစ်ယောက်၊ ဒီ လည်း တစ်ယောက်၊ ဩော် ... ကောလိုက်တဲ့ ကံနဲ့ မောင်





အုပ်ရယ်၊ နှစ်ရက်အတွင်းမှာ သရဲနှစ်ယောက် တွေ့ဖူးလိုက်တယ် လို့များ။

စိတ်ညစ်ညစ်နှင့် မူလက ထိုင်ခဲ့သော နေရာသို့ ပြန်သွားထိုင်နေလိုက်ပါသည်။

သူထိုင်နေသော ခုံက ငြိမ်ခနဲ ဖြစ်သွားသည်မို့ ဘေးဘက်သို့ လှည့်အကြည့်လိုက်မှာတော့ ခုနမိန်းမရယ်၊ အကြော့ အား ထိုင်ချလိုက်ပြီလေ။

"ဟင်း ... ဟင်း"

ထိုမိန်းမက ရယ်ပြတော့ သူကလည်း အားနာပါးနာ ပြန်ရယ်ပြလိုက်ရပါသည်။

"ခုန ကျွန်မများ ရိုင်းသွားလား မသိဘူးနော်၊ ရှင်က အလန့်တကြား အော်ထည့်လိုက်တော့ ကျွန်မကိုယ်တိုင် လည်း လန့်ဖျပ်ပြီး ဘာပြောကောင်းမလဲရှင်၊ ရှင့်ကိုအား နာလို့သာ၊ ကျွန်မ ရင်ထဲက အသည်းနှလုံးတွေဆိုတာ ကျွမ်းသန္တာလန် ပြန်ကုန်လား မှတ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ သူကလည်း တစ်မျောက်။ ဒီတစ်ခါက တော့ သရဲမ မဟုတ်တာ သေချာပါသည်။ သရဲမ ဆိုရင်တော့ စကားတွေကို ဒီလောက် စီကာပတ်ကုံး ပြောတတ်မည် မဟုတ်ပါ။

ထည်အုပ် မျာလည်း သူ့ရဲ့ ကြောက်စရာ ရွံစရာ မျက်နှာကြီးကို ကြည့်ပြီး အော့ချင်သလိုလို အန်ချင်သလိုလိုကြီး ဖြစ်လာပါသည်။

"“ကျွန်တော် သွားလိုက်ဦးမယ်နော်”

"ရှင် ...

ရှင် ရထားစောင့်နေတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဒါဆို ဒီမှာ ဘာထိုင်လုပ်နေတုန်း၊ လေညင်းခံရအောင် လည်း ကောင်းတဲ့နေရာမှ မဟုတ်တာပဲရှင်"

ရုပ်ဆိုးသလောက် စကားများတဲ့မိန်းမ၊ သူ့ကို အားနာလို့ ပြန်ပြောနေတာကိုများ အဟုတ်မှတ်နေတယ်၊ သူ့တစ်





သက်မှာ ဒီလောက် ရုပ်ဆိုးတဲ့မိန်းမနဲ့ တစ်ခါမှ မေးထူးခေါ်ပြော မလုပ်ခဲ့ဖူးပါဘူး။

ထည်အုပ်က စိတ်ဆိုးဆိုးဖြင့် ဝုန်းခနဲ မတ်တတ် ထရပ်လိုက်ပြီး၊ ကားရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွား ပါတော့သည်။

"ဟော့ ... ရှင် ဘာမပြော ညာမပြောနဲ့ သွားတော့မလို့ လား"

"ကျုပ်ဟာကျုပ် သွားသွား မသွားသွား ခင်ဗျားကို ဘာမှ ပြောနေစရာ မလိုဘူး"

"ရှင်ကလည်းရှင်၊ ကျွန်မက အကောင်းပြောနေဟာပါ၊ အဲဒါ ရှင့်ကားလား"

"ဟုတ်တယ်"

"ကျွန်မ ကားကြုံလိုက်ခဲ့လို့ ရမလား"

"မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးကို ဗုန်းခနဲ ဆောင့်ပိတ်ကာ တရကြမ်း မောင်းထွက်ခဲ့ပါတော့သည်။

"ကြောက်စရာကောင်းတဲ့ သရဲမ ... ထွီ"

၏ ၏ ၏

စာမူများ၊ အကြံပြုစာ၊ ဝိုင်းဝန်းစာများ ပေးပို့လိုပါလျှင် အမှတ် ၅၅၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







သူ့ကို ကောင်းမိရဲ့ ချိန်းသွားပြီးကာမှ ညီညီဖော် တစ်ယောက် ဘာကြောင့်များ ရောက်မလာရတာပါလိမ့်။

သူ ပြန်များသွားပြီလား မသိ။ ဒါလည်း မဖြစ်နိုင် သေးပါ။

နောက်တစ်နေ့မနက် မိုးလင်းသည်နှင့် သူ ဘူတာရုံ သို့ ရောက်သွားပါသည်။

မနေ့က တွေ့ခဲ့ရသော သရဲမကိုလည်း ကြောက်ရ သေးသည်မို့ ကားနားမှာပင် ရပ်၍စောင့်နေမိပါသည်။

သူ့ကို တကယ် ခင်သေးတယ် ဆိုရင်တော့ ညီညီ ဖော် ရောက်လာမည်မှာ သေချာသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုထည်"

"ဟာ ... ညီညီ ကျွန်တော့်ဆီ လာသေးတယ်နော်"

"လာမှာပေါ့၊ ညီညီ အစ်ကိုထည့်ကို ချိန်းထားတာပဲဟာ"

"ဒါဆို မနေ့က ဘာလို့မလာတာလဲ"

"အဲဒါ ပြောမလို့ပေါ့ အစ်ကိုထည်ရဲ့၊ ညီညီ အရမ်းကြီးကို နေတွေမကောင်း ဖြစ်သွားလို့၊ အစ်ကိုနဲ့ ချိန်းထားတာကလည်းရှိတော့ အရမ်းကို လာချင်တာပါပဲ ...

ခေါင်းက ထောင်လို့မရဘူး အစ်ကိုထည်ရယ်၊ အဲဒါနဲ့ပဲ မလာဖြစ်တော့တာ"

"ခုကော ဘယ်လိုနေသေးလဲ ညီညီ"

"ခုတော့ နည်းနည်း နေကောင်းသွားပါပြီ၊ မနေ့က ခံထားရတဲ့ ဝေဒနာတွေကြောင့် လူကို နုံးချိနေတာပဲ"

"ဟုတ်ပါရဲ့ ညီညီရယ်၊ ညီညီ့ မျက်နှာက ဟိုနေ့ကလို လန်းလန်းဆန်းဆန်း ဖြစ်မနေဘူးနော်၊ နည်းနည်း နွမ်းနေသလိုပဲ"





"ရပါတယ်၊ တစ်ရက် နှစ်ရက်ကြာရင် ပျောက်သွားမှာပါ"

"ဆေးတွေ ဘာတွေရော သောက်ရဲ့လား"

"သောက်ပါတယ်၊ ဒါတွေ ထားလိုက်ပါ၊ စိတ်မပူပါနဲ့၊ ညီညီက ဖြစ်နေကျပါ၊ ဝေဒနာကို ခံလည်း ခံတတ်ပါတယ်"

"ကျွန်တော်တို့ ဘယ်သွားကြမလဲဟင်၊ ဒီနေရာမှာ အကြာကြီးနေလို့ မကောင်းဘူး ထင်တယ်"

"ရတယ်လေ၊ အစ်ကိုထည် ကြိုက်တဲ့နေရာသွား"

"စားစရာတွေ ဝယ်သွားမယ်၊ ပြီးတော့ ပန်းခြံကို သွားရရင် မကောင်းဘူးလားဟင်"

"ကောင်းသားပဲ"

"ဟိုရောက်ရင် ညီညီ အကြောင်းတွေ ပြောပြရမယ်နော်"

"အစ်ကိုထည့် အကြောင်းလည်း ညီညီ့ကို ပြောပြရမယ်"

www.burmeseclassic.com



"ရပါတယ်၊ ပြောဖို့ အဆင်သင့်ပဲ၊ ကျွန်တော်ကလည်း ရင်ဖွင့်ချင်နေတာပါ"

နှစ်ယောက်သား စားသောက်ဆိုင်သို့ အရင်သွားကြသည်။ ပြီးတော့ နေ့လယ်စာအတွက် ဖူလုံအောင် အအေးကအစ အလုန်ဝယ်လိုက်သည်။ ပြီးတော့မှ ပန်းခြံကိုသွားပြီး အရိပ်ရသော နေရာမှာ ခိုဝင်နားလိုက်ကြပါသည်။

ညီညီဖော်က ပန်းခြံထဲရှိ အလှစိုက်ပျိုးထားသော ပန်းဝင်လေးများကို ငေးမောကြည့်ရှုနေမိပါသည်။

"ပျော်ရဲ့လား ညီညီ"

"ပျော်ပါတယ် … အစ်ကိုထည် …

မနေ့ညကလေ ညီညီ့အဖျားတွေ အရမ်းတက်လာတာ သိလား"

"ဟုတ်လား"

"အဲ့ဒါ လန့်ဖျား ဖျားတာဖြစ်မှာနော်"





"ဟုတ်မှာပေါ့"

"တော်သေးတာပေါ့၊ တော်ကြာ ညီညီ့ကို လိပ်ပြာနတ်သွားရင် ကြွရောပဲ ဖြစ်မှာ"

"ဒါတော့ မဖြစ်နိုင်ပါဘူးကွာ"

"မဖြစ်နိုင်ဘူးလို့တော့ ဘယ်ပြောလို့ ရပါ့မလဲ၊ အဲဒီည တုန်းက ကိုယ်ကလည်းပူပူနဲ့ တစ်ညလုံး မှိန်းနေတာ သိလား အစ်ကိုထည်ရဲ့"

"သနားစရာပဲ ညီညီရယ်၊ ကျွန်တော်သာသိရင် ပြုစုပေးပါတယ်ဗျာ"

"တစ်ညလုံး မှိန်းနေပြီး အိပ်ပြန်တော့လည်း အိပ်မက်က မက်သေးတယ် …

အိပ်မက်ထဲမှာ အဓိကဇာတ်လိုက်က အစ်ကိုထည်ကြီးပေါ့"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ညီညီ အိပ်မက်ထဲမှာ ကျွန်တော်ပါ ပါတယ်၊ ဟုတ်လား"

"အစိကပါလို့ ဆိုနေမှပဲ"

"ဒါဆို ပြော၊ ကျွန်တော်ပါတယ်ဆိုလို့ သိချင်လာပြီ"

"အိပ်မက်တွေကတော့ ပြောမနေနဲ့၊ ပြတ်တောင်း ပြတ်တောင်းပဲ၊ သတိရတာလည်း ရှိသလို မရတာတွေလည်း အများကြီးပဲ"

"အိပ်မက်ထဲမှာ ကျွန်တော့်ကိုကော မှတ်မိသေးရဲ့လား ညီညီ"

"ဘာလို့ မမှတ်မိရမှာလဲ၊ ဒီရုပ်ကြီးနဲ့ တစ်ညလုံး နေခဲ့ရတာကို"

"ကဲပါ … ညီညီ ပြောလေ"

"ညက ဖျားထားတော့ မနက်ကျတော့ လုံးဝမထနိုင်တော့ဘူး၊ အစ်ကိုထည်နဲ့ ချိန်းထားတာကရှိတော့ ညီညီ ကြိုးစားပြီး ထပါသေးတယ်"





"ရပါတယ် ညီညီ၊ ဒီလောက်လည်း စိတ်အပင်ပန်း မခံပါနဲ့"

"ထလို့ကို မရဘူး၊ ခေါင်းမူးမူးနဲ့ ခုတင်ပေါ် ပြန်ပြုတ်ကျသွားပြန်ရော၊ မထူးတော့ပါဘူးလေ၊ မသွားနိုင်မဲ့ တူတူတော့ ပြန်ပဲအိပ်လိုက်ပါတော့မယ်လို့ စိတ်ကူးမိလိုက်တာနဲ့ အိပ်သွားရောပဲ …

အဲ … အဲဒီအချိန်မှာ မက်တာ အစ်ကိုရဲ့၊ မိုးတောင်မှ လင်းနေပြီ၊ အစ်ကိုထည်နဲ့ ချိန်းထားတဲ့ အချိန်လောက်ပဲ …

အစ်ကိုထည် တစ်ယောက် ညီညီ့ကို လိုက်ရှာရင်း တောကြီးမျက်မည်းထဲမှာ တစ်ယောက်တည်းတဲ့၊ ဟိုသွားလိုက် ဒီသွားလိုက် လုပ်နေရင်း မိုးပေါ်က အလင်းရောင်တွေ ဖြာကျလာတာနဲ့အတူ အင်မတန်မှလှတဲ့ နတ်သမီးလေး ပေါ်လာရောတဲ့ …



www.burmeseclassic.com

www.burmeseclassic.com



အစကတော့ အစ်ကိုထည်က ကြောက်အား လန့်အားနဲ့ ထွက်ပြေးတယ်လေ ...

သူကလည်း နောက်ကနေ အတင်းလိုက်တယ် အစ်ကိုထည်ရဲ့ ...

နတ်သမီးလေးက အရမ်းလှတာပဲ၊ အသားလေးကလည်း ဖြူဖွေးနေတာပဲ ...

ပြီးတော့ နှုတ်ခမ်းလေးတွေကလည်း နီရဲလို့ ...

သူက အနားကို ကပ်ကပ်လာတော့ အစ်ကိုထည် ပြေးလို့မလွတ်တော့ဘူးလေ၊ သေသေချာချာ ကြည့်မိတော့မှ အစ်ကိုထည်က အဲဒီနတ်သမီးလေးကို အရမ်းကို သဘောကျသွားတာပဲတဲ့ ...

နှစ်ယောက်သား အတူတူ တွဲလာရာကနေ အဲဒီနတ်သမီး ပျောက်သွားတော့ အစ်ကိုထည် စမျာ ဝေါင်းစဉ်းစဉ်းကြီး ကျန်နေခဲ့တယ်လေ ...





ညီညီလည်း အိပ်မက်ကနေ လန့်နိုးတော့တာပဲ"

"ညီညီ အိပ်မက်က မဖြစ်နိုင်ပါဘူးဗျာ"

"ဩော် ... အိပ်မက်ဆိုမှတော့ ဘယ်တကယ် ဟုတ်ပါ့မလဲ"

"မဟုတ်ဘူး၊ ကျွန်တော် ပြောတာ ညီညီ့အိပ်မက်က မှားနေတယ်လို့ ...

ကျွန်တော် တွေ့တာ နတ်သမီး မဟုတ်ဘူး ညီညီရ၊ သရဲမ ... တကယ်ကို သရဲနဲ့တူတဲ့ လူသရဲမ"

"လူသရဲမ ... ဟုတ်လား၊ အဲဒါ ဘာလဲဟင်"

"လူအစစ်လေ ညီညီ၊ အရမ်းကို ရုပ်ဆိုးလို့ တို့က လူသရဲမလို့ ခေါ်တာ၊ ညီညီ မသိသေးပါဘူး ...

မနေ့တုန်းက အဖြစ်အပျက်တွေ အများကြီး ပြောစရာရှိသေးတယ်"

တကယ်တော့ ဒီအဖြစ်အပျက်တွေ အားလုံးကို ညီညီဖော် သိထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့က နေမကောင်းဟု ပြောသည်မှာ အမှန်တကယ် မဟုတ်ပါ။

သူမနှင့် ပတ်သက်၍ ထည်အုပ် စိတ်ဝင်တစားရှိမရှိကို စမ်းသပ်လိုသည့်အတွက် ထိုနေရာသို့ လာခဲ့ပါသော်လည်း ထည်အုပ်ကို တစ်နေရာမှ စောင့်ကြည့်နေခြင်း ဖြစ်ပါသည်။

သူမ၏ ရည်ရွယ်ချက်ကတော့ ထည်အုပ်ဟာ သူမကို တကယ်ခင်သေးတယ် ဆိုရင် နောက်ရက်အထိ ဆက်လာမည်။ တကယ်လို့ မလာတော့ဘူး ဆိုရင်တော့ ဒီနေရာမှာတင် သူတို့နှစ်ဦး၏ ဇာတ်လမ်းက အဆုံးသတ်သွားပြီဟု ဆိုနိုင်မည် ဖြစ်ပါသည်။

ယခုလို သူမ ညာပြောမိသည့် အဖြစ်ကို ထည်အုပ်အား ပြန်မပြောတော့ပါ။ သူ့အဖြစ်နှင့်သူသာ ရှိပါစေတော့လေ။

မနေ့က ထည်အုပ် တစ်ယောက် သူမကို စောင့်နေရင်းနှင့် အမျိုးသမီးတစ်ယောက်နှင့် တွေ့ခဲ့တာကိုလည်း အစအဆုံး သိလိုက်သည်လေ။





ဒါကြောင့် တကယ် အိပ်မက် မက်သည်မဟုတ်ဘဲ တမင် လုပ်ကြံ၍ ပြောခြင်းသာ ဖြစ်ပါသည်။

"မနေ့ကဗျာ ညီညီကလည်း ရောက်မလာလို့ စိတ်ညစ်နေတုန်းမှာ အဲဒီသရဲမက အပြတ်လာကပ်နေလို့ ကျွန်တော် ကြောက်ကြောက်နဲ့ ပြန်လာခဲ့ရတာ ...

တကယ်ပါပဲဗျာ၊ ခုန ညီညီ မက်တဲ့ အိပ်မက်နဲ့မှ တကယ့်ကို တခြားစီပဲ"

"အစ်ကိုထည်"

"ဗျာ"

"အစ်ကိုထည့် အကြောင်း ပြောပြမယ်ဆို"

"ရပါတယ်၊ ဒီနေ့ ကျွန်တော့်အကြောင်း ပြောပြမယ်၊ နောက်နေ့ကျရင် ညီညီ့ အကြောင်း ပြောရမယ်နော်"

"စိတ်ချ"

"ကျွန်တော်က ရန်ကုန်က ...



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကို မောင်နှမအရင်း မရှိဘူး၊ ကျွန်တော်တစ် ယောက်တည်း ...

ဆိုးတာကတော့ ပြောမနေနဲ့တော့၊ အပေါင်းအသင်းတွေနဲ့ အိမ်ကိုကပ်တယ် မရှိဘူး ...

အမေကလည်း အဲဒါတွေကို နည်းနည်းမှ မကြိုက်ဘူး ...

အဆိုးဆုံးကတော့ အမေက ကျွန်တော့်ကို မိန်းမပေးစားမယ်တဲ့လေ၊ ခြေငြိမ်သွားအောင်လို့တဲ့ ...

ဘယ်လောက်များ ရှက်စရာကောင်းလိုက်သလဲလို့ ညီညီရယ်နော် ...

ကျွန်တော့် သူငယ်ချင်းတွေကိုတောင် ဒီအကြောင်း ဖွင့်မပြောရဲဘူး ...

ကျွန်တော့် အရွယ်ဟာ ပျော်ပျော်ပါးပါးနဲ့ ကျောင်းတက်၊ သူငယ်ချင်းတွေနဲ့ လျှောက်လည်၊ ကောင်းတာပစ်၊ ဘယ်လောက်များ ပျော်စရာ ကောင်းလိုက်သလဲနော် ...





အဲဒါတွေကို အမေက မကြိုက်ဘူး၊ သူများပျော်နေတာကို မနာလို မရှုစိမ့်နိုင်ဘူး ထင်ပါရဲ့၊ ကျွန်တော့်ကို ခြေချုပ်မိသွားအောင် မိန်းမပေးစားမလို့တဲ့ ...

တကယ်တမ်းကျတော့လည်း မိန်းမပေးစားပြီး အဲဒီမိန်းမနဲ့ သူနဲ့ မတည့်မှာက အရင်လေ ...

ဘယ် ... ချွေးမနဲ့ ယောက္ခမဆိုတာမျိုးဟာ ဘယ်တုန်းကများ တည့်ခဲ့ဖူးလို့လဲ ညီညီရယ်၊ နော်”

“ဒါကတော့ အစ်ကိုထည့်ရယ်၊ သူ သဘောတူလို့ ပေးစားတာဆိုရင်တော့ သူက ချစ်မှာပေါ့”

“ဒါပေမဲ့ ကျွန်တော်ကမှ မလိုချင်တာ”

“ဘာဖြစ်လို့လဲ အစ်ကိုထည်ရဲ့၊ ရုပ်လည်းချောတယ်မို့လား”

“ခုထိ သူဟာ ဖြူသလား မည်းသလား၊ ပုသလား ရှည်သလား၊ ချောလား ရုပ်ဆိုးလား၊ ကျွန်တော် လုံးဝမသိဘူး၊ ကျွန်တော် သူ့ကို တစ်ခါမှ မမြင်ဖူးသေးဘူးလေ ...



www.burmeseclassic.com

www.burmeseclassic.com



အမေကသာ ဘယ်လိုက ဘယ်လို ရှာတွေ့လာလဲ မသိပါဘူးဗျာ၊ အခုတော့အသည်းမှ တကယ့်ကို အသန့်ပဲဗျာ၊ သူ့မှာ သဘောတွေ တူနေလိုက်တာ"

"အဲဒီအမျိုးသမီးကကော အစ်ကိုထည့်ကို သဘောတူ လက်ခံလို့လား"

"သဘောတူတယ်လို့တော့ ပြောတာပဲ၊ ဒါပေမဲ့ သူကိုယ်တိုင်လည်း ကျွန်တော့်ကို မမြင်ဘူးတာ အမှန်ပဲလေ ..."

အမေတို့ကိုယ်တိုင်ကလည်း ရှုပ်ရှုပ်ယှက်ယှက် နိုင်ပါတယ်လေ၊ တကယ်ဆို အမေဟာ အမှတ်သညာမရှိဘူးလို့တောင် ပြောရမှာပဲ ...

ညီညီ့ကို ပြောပြရဦးမယ်၊ ကျွန်တော့်အမျိုးတွေက အဲလို မိန်းမတွေ ယောကျ်ားတွေ စပ်ဟပ်ပေးစားတဲ့ နေရာမှာ ပထမတန်းပဲ ...

မနှစ်တုန်းကပေါ့၊ အမေ့ရဲ့ အစ်မအကြီးဆုံးက သူ့သားကို မိန်းမပေးစားဖို့ လုပ်ပါလေရော ...





တို့ရဲ့အစ်ကိုဝမ်းကွဲပေါ့လေ၊ သူကလည်း တို့လိုပဲ တစ်ဦးတည်းသောသား၊ ဥတစ်လုံး တစ်ကောင်ကြွက်ပေါ့ ...

သူ့ကို စေ့စပ်ဖို့ အစီအစဉ်တွေ လုပ်ပြီး၊ စေ့စပ်မဲ့ နေ့မှာ အဖေတို့ကလည်း ဝတ်စားပြင်ဆင်ပြီးပြီပေါ့လေ၊ သွားတော့မယ်ဆိုပြီး ဆင်းဖို့ ခြေလှမ်းလေး ပြင်လိုက်တဲ့ အချိန်မှာပဲ ဖုန်းကလာရော ...

အစ်ကိုနဲ့ စေ့စပ်မဲ့ မိန်းကလေးက ဒီပြင်လူနဲ့ ခိုးရာလိုက်ပြေးသွားလို့တဲ့လေ ...

ကိုင်း .. ဘယ်လောက် ရှက်စရာကောင်းလိုက်သလဲ နော်၊ အဲဒါကိုတောင် အမေက အမှတ်မရှိသေးဘူး၊ တို့ကို မိန်းမစပ်ပေးမယ့် လုပ်ပြန်ပြီလေ"

"ဒီတစ်ခါ အစ်ကိုက အရင်ပြေးတာပေါ့လေ၊ ဟုတ်လား"

"ဟာ ... မဟုတ်ပါဘူး၊ ဟိုက လင်နောက်လိုက်ပြေးတာပါ၊ တို့က တို့ဟာတို့ အေးအေးဆေးဆေး မိန်းမ မလိုချင်လို့ ထွက်ပြေးတာပဲဟာ"



www.burmeseclassic.com

"အစ်ကိုထည့်အိမ်က လိုက်ရှာနေကြမှာပေါ့နော်"

"ဒါပေါ့"

"တွေ့လို့ ခေါ်သွားရင် အစ်ကိုထည် ပြန်လိုက်သွားရမှာပေါ့နော်"

"ဒါပေါ့"

"ဒါဆို ညီညီ တစ်ယောက်တည်း ပျင်းစရာကြီး ဖြစ်ပြီး ကျန်ခဲ့မှာပဲနော်"

"ဒါပေါ့"

"အစ်ကိုထည်နော် ... ညီညီက အကောင်းပြောနေတာ"

"အင်းပါ ... ကျွန်တော်ကလည်း အကောင်းပြန်ဖြေတာပဲဟာ၊ ညီညီလည်း ပျင်းရင် အိမ်ပြန်သွားတော့ပေါ့၊ ညီညီ အိမ်ကလည်း တို့လိုပဲ ပြန်ခေါ်မှာ သေချာပါတယ် ...

ညီညီ ..."

"ပြောလေ"





"ဒီနေ့ပြန်ရင် ကျွန်တော် ညီညီ့ကို အိမ်အထိ လိုက်ပို့ပေးပါရစေ"

"မလိုက်နဲ့ သရဲတစ္ဆေ ပေါတယ်"

"သွားစမ်းပါ၊ ညောင်ပင်တစ္ဆေလုပ်တမ်း ကစားတာကြီး ကျနေတာပဲ ...

တကယ်ပါ ညီညီရယ်၊ ကျွန်တော် ညီညီနေတဲ့ နေရာကို သိထားချင်လို့ပါ"

"မပြောနိုင်ပါဘူးလို့ ဆိုနေမှပဲ၊ နောက်တစ်ခါ ထပ်မေးရင်တော့ အစ်ကိုထည့်ကို ဘယ်တော့မှ အတွေ့မခံတော့ဘူး၊ ဒါပဲ"

"ညီညီရယ် ... ဒီလိုတော့ မလုပ်လိုက်ပါနဲ့၊ နောက်ဆို ကျွန်တော် မပြောတော့ပါဘူးနော် ...

ဒီမြို့ကို ကျွန်တော် ထွက်ပြေးလာတုန်းက ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ စိတ်ညစ်ညစ်နဲ့သာ ထွက်လာရတာ၊

www.burmeseclassic.com



တကယ့်ကို အထီးကျန်ပါလားဆိုပြီး အားလည်း အတော်ကို ငယ်မိတယ် ...

ခုတော့ ကံကောင်းထောက်မလို့ ဟောဒီက ညီညီနဲ့လည်း တွေ့ရော၊ အိုး ... ဘာပြောကောင်းမလဲ၊ ဘုရားသခင်ဟာ တို့နဲ့လိုက်ဖက်မဲ့ အဖော်ကောင်း တစ်ယောက်ကို ဖန်ဆင်းပေးလိုက်သလား မှတ်ရတယ်"

"တော်စမ်းပါ ... အရမ်းပိုတာပဲ"

"စိုက်ဆာပြီ၊ ထမင်းစားကြရအောင်"

"စားလေ"

ဝယ်လာတာက ထောပတ်ထမင်း၊ ထည်အုပ်က ထောပတ်ထမင်းဆို အရမ်းကြိုက်သည်။

ဖော့ဘူးလေးကို ဖွင့်ကြည့်လိုက်တော့ ...

"ဟိုက် ... ကြက်ပေါင်ကြီး မကြိုက်ပါဘူးကွာ ... မုန်းစမ်း ညီညီဘူး"





"ရင်အုပ်ကြီး၊ ညီညီက ရင်အုပ်မကြိုက်ဘူး"

"အတော်ပဲ၊ ဒါဆို ကျွန်တော်တို့ လဲစားကြတာပေါ့နော်"

"ရတယ်လေ"

နှစ်ယောက်သား စကားတပြောပြောနှင့် စားလိုက်ကြသည်မှာ ကောင်းလိုက်သည့် ဖြစ်ခြင်း။ ထမင်းတစ်စိမကျန် အကုန်ပြောင်သွားပါသည်။

"စားလို့ကောင်းတယ်နော် ညီညီ"

"ဟုတ်တယ်၊ ညီညီလည်း စားကောင်းကောင်းနဲ့ စားလိုက်တာ တစ်ဘူးကို ပြိုက်ခနဲပဲ"

"ဟိုနားမှာ ရေဘုံပိုင်လေး ရှိတယ်၊ လက်သွားဆေးရအောင်နော် ညီညီ"

"သွားဆေးလေ၊ ညီညီက လုံးဝမပေလို့ မဆေးတော့ဘူး"

"ကောင်းကောင်း နေခဲ့နော်၊ ဘယ်မှ လျှောက်သွားမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ညီညီကိုများ ကလေးကျနေတာပဲ"

"ကလေးမဟုတ်လို့ စိတ်ပူတာပေါ့ ညီညီရဲ့"

"ကဲပါ၊ သွားမှာသာ သွားစမ်းပါ စကားကြောက အရမ်းရှည်တာပဲ"

ခုနက စားထားသော နှစ်ယောက်စလုံး၏ ဖော့ဘူးလွှတ်များကို ညီညီဖော်က ပလတ်စတစ်အိတ်ထဲသို့ စုပြီးထည့်နေပါသည်။

ထိုစဉ်မှာပင် မလှမ်းမကမ်းမှာ လူရိပ်တွေ ဖြတ်သွားနေတာကို သူ ခေါင်းငုံ့နေသည့် အနေအထားနှင့် မြင်နေရပါသည်။

အနားသို့ အကပ်ကြီး မဟုတ်သော်လည်း ခပ်လှမ်းလှမ်းမှနေ၍ သူတို့က ညီညီကို ကွက်ကြည့် ကွက်ကြည့် လုပ်နေပါသည်။





အားလုံးပေါင်း လူက သုံးယောက်၊ ညီညီက သူတို့ကို ကြည့်လိုက်သည်နှင့် အကြည့်ချင်း ဆုံသွားတိုင်း သူတို့က မသိမသာ ရှောင်ဖယ်ထွက်သွားကြပါသည်။

သို့ပေမဲ့ ဒီလူတွေက အနားမှ လုံးဝထွက်သွားတာမျိုးတော့ မဟုတ်သေးပါ။

တစ်ခုခုတော့ တစ်ခုခုပါပဲ။ ညီညီဖော် ကိုယ်တိုင် စိတ်ထဲ မလုံမလဲ ဖြစ်နေမိပါသည်။

လူသုံးယောက်လို့သာ သိရသည် ဝေးနေသဖြင့် သဲသဲကွဲကွဲ မမြင်ရပါ။

အရေးထဲ လက်သွားဆေးနေသည့် ထည်အုပ်က လည်း ပေါ်မလာပါ။

ဘာတွေများ လုပ်နေလို့ ဒီလောက်ကြာနေရသည် မသိ။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာမှ ထည်အုပ် တစ်ယောက် ညီညီဖော့အနား ကို အပြေးလေး ရောက်လာပါသည်။

"ဘာတွေဖြစ်နေတာလဲ ညီညီ"

"မြင်တဲ့အတိုင်းပဲလေ၊ ညီညီလည်း မသိဘူး၊ သူတို့က ညီညီကို ကြည့်လည်းကြည့်တယ်၊ ပြီးတော့ တစ်နေရာရာ ကနေ ရပ်ပြီး အကဲလည်း ခတ်နေကြသေးတယ် အစ်ကို ထည်ရဲ့"

"ညီညီက ပြန်ကြည့်နေလို့လား"

"မကြည့်ပါဘူး ...

ဒါပေမဲ့ သူတို့က ညီညီကို ကြည့်နေတယ် ဆိုတာ ကိုတော့ သိနေတယ်"

"နေဦး၊ တို့လိုက်သွားပြီး အကျိုးအကြောင်း မေးကြည့်ဦး မယ်"





"ဘာလို့ မေးရမှာလဲ အစ်ကိုထည်ရဲ့၊ ကိုယ့်ဟာကိုယ် မသိချင်ယောင် ဆောင်နေလည်း ပြီးတာပဲဟာ"

"ဪ ... သူများစော်ကားမော်ကားလုပ်တာကို ကျွန်တော် က ငြိမ်ကြည့်နေရမှာလား"

"ရန်မဖြစ်ချင်ပါနဲ့ အစ်ကိုထည်ရယ်၊ သူတို့ကသုံးယောက်၊ အစ်ကိုထည့်မှာက တစ်ယောက်တည်း"

"မရဘူး၊ ကျွန်တော် သွားကိုတွေ့ရမှ ကျေနပ်မယ်"

ထည်အုပ် တစ်ယောက် ဒေါသစိတ်များနှင့်အတူ ထိုလူသုံးယောက်ဆီသို့ ဦးတည်လျှောက်သွားနေပါတော့သည်။

ညီညီဖော့ခမျာ မျက်နှာငယ်လေးနှင့် ကျန်ရစ်ခဲ့ပါ တော့သည်။ ထိုမကြောင့် ရန်ဖြစ်ပြီး အစ်ကိုထည် တစ်ယောက် ဒဏ်ရာတွေ ရသွားရင်တော့ ဒုက္ခပါပဲဟု တွေးကာ စိတ်မောစွာ နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူသုံးယောက်နှင့် အစ်ကိုထည်ကို မြင်နေရသည် မို့ တကယ်လို့ ခိုက်ရန်ဖြစ်ပွားခဲ့ရင် သူမကပါ အနီးရှိ ရရာသစ် ကိုင်းဖြစ်ဖြစ်၊ တုတ်ဖြစ်ဖြစ်ဆွဲပြီး အစ်ကိုထည့်ကို ကူညီဖို့ အဆင် သင့် လုပ်ထားပါသည်။

အဝေးကနေ ကြည့်ရသလောက်ကတော့ အစ်ကို ထည်ကသာ ဒေါနှင့်မောနှင့် ပြောနေပုံကို မြင်ရပြီး၊ ထိုလူသုံး ယောက်ကတော့ ပုံမှန်အနေအထားနှင့်သာ သူ့ကို ပြောဆိုနေပြ သည်ကို တွေ့ရတော့ ညီညီဖော် ရင်ထဲ နည်းနည်းတော့ အေး ချမ်းမှုရသွားပါသည်။

ပြောနေရင်းမှ အစ်ကိုထည် တစ်ယောက် ဒေါသဖြ လာ၍လားတော့ မသိ။ လက်ထဲတွင် ပါသွားသော တုတ်ကို မြှောက်ကိုင်လိုက်သည်နှင့် ထိုသူသုံးယောက်မှာ တန်းနေအောင် ထွက်ပြေးသွားပါတော့သည်။





ခုမှပင် စစ်အောင်နိုင်လာသော စစ်သူကြီးနှယ် ရင် ကိုကော့ ခေါင်းကိုမော့ကာနှင့် ထည်အုပ် ညီညီဖော်ရှိရာသို့ ပြန် ရောက်လာပါသည်။

"အစ်ကိုထည်က အရမ်းတော်တာပဲ"

"ဘာဖြစ်ရမလဲ၊ ကျွန်တော့်မျက်နှာကြီးက အရမ်းဒေါသဖြစ်ပြီး မာကျောနေတော့၊ သူတို့တွေ နည်းနည်းတွန့်ဆုတ်တွန့် ဆုတ် ဖြစ်နေကြတယ်လေ ...

အဲဒီမှာတင် ကျွန်တော်လည်း ဒီကောင်တွေ အလ ကား စကြောက်တွေမှန်း သိတာနဲ့ တစ်ပြိုင်တည်း အတင်း ဝင်ဖိတာပေါ့ ...

သူ့တို့က မတုန်မလှုပ်တွေ ဖြစ်နေတော့ ဒေါသဖြစ် လာတာနဲ့အတူ ကိုယ့်ကိုယ်ကိုယ် ပိုပြီးတော့လည်း ယုံကြည် မှုတွေ ရှိလာတယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ လက်ထဲမှာရှိတဲ့တုတ်နဲ့ ရိုက်တော့မယ်ဆို ပြီး တုတ်ကိုလည်း လွှဲလိုက်ရော၊ သကောင့်သားတွေ တစ်ချီတည်း ပြေးလိုက်ကြတာ မဟုတ်မှလွဲရော ကျင်ကြီး ကျင်ငယ်တွေတောင် ထွက်ကျကုန်လား မသိဘူး"

"ဟင်း ဟင်း ဟင်း ... ရယ်ရတယ်နော် ...

အစ်ကိုထည် အဲလို ရန်ခဏခဏ ဖြစ်ဖူးလားဟင်"

"ဘယ်ကသာ၊ ဒါ ပထမဆုံးအကြိမ်ပဲလို့တောင် ဆိုလို့ရ တယ်"

"တကယ်လားဟင်၊ အရမ်းကို သတ္တိရှိတာပဲ၊ အစ်ကိုထည့် ကို ကြည့်ရတာ ရန်ပွဲတွေမှာ အတွေ့အကြုံတွေ အရမ်းရှိ ပြီး၊ အရမ်းကို ရင့်ကျက်နေတဲ့ ပုံစံပဲနော်"

"ယောက်ျားအမှန်ဆိုတဲ့ သဘောတွေလေ၊ မခံချင်စိတ်နဲ့ သတ္တိတွေ ဖြစ်လာတော့ တစ်ဖက်သူတွေ ဘယ်ခံနိုင်ပါ တော့မလဲ"





"ရန်ဖြစ်ရတာကို အရသာတွေ့ပြီး နောက်လည်း ဆက် ဖြစ်မနေနဲ့ဦးနော် အစ်ကိုထည်"

"ဒါတော့ မပြောတတ်ဘူး၊ ကြုံရင်ကြုံသလိုတော့ ဖြစ်မိ မှာပဲ"

"အစ်ကိုထည်မို့ မကြောက်တယ်၊ ဟိုလူတွေက သုံးယောက်၊ ပြီးတော့ သုံးယောက်စလုံး ဗလကြီးတွေက အယ်စတုံကြီး တွေ၊ အဝေးကနေကြည့်ရင် ကျွဲနဲ့ဆိတ်လောက် ကွာတာ ကိုများ သွားယှဉ်ရဲတာ အံ့ပါရဲ့။ ဟိုကသာ ပြန်လုပ်လိုက် ရင် တစ်ချက်တည်းနဲ့ ခုန အစ်ကို အဲဒီလူကြီးတွေကို ပြောခဲ့သလိုမျိုး အီးတွေတောင် ထွက်ကျကုန်မှာ"

"ထွီ ... ရွံစရာတွေ"

ထည်အုပ်၏ အမူအရာကိုကြည့်ပြီး ညီညီဖော် ပြုံး၍ရယ်ချင်နေပါသည်။ တကယ်တော့ ဒီလူကြီးတွေက



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုထည်ကို ကြောက်လို့မဟုတ်ပါဘူး၊ ညီညီနဲ့ မကင်းရာ မကောင်းကြောင်းတွေကြောင့်ပါဆိုရင် အကုန်လုံး ဓာတ်တွေရှုပ်ကုန်ကြမည်။ ဒါကြောင့် ညီညီဖော် ဘာမှဖွင့်မပြောဘဲ တိတ်တိတ်နေလိုက်ခြင်းသာ ဖြစ်သည်။

"သြော် ... ဘာလိုလိုနဲ့ အချိန်တွေတောင် အတော်ကုန်သွားပြီနော်၊ စကားတွေ ပြောကြမယ်ဆိုပြီး ဘာမှလဲ မဆီမဆိုင်ရရ မပြောလိုက်ရဘူး"

"ဟင် ... မနက်ကပဲ အများကြီး ပြောပြီးပြီလေ"

"အဲဒါ အများကြီး မဟုတ်သေးပါဘူး၊ တို့စိတ်ထဲမှာ ပြောလိုက်ရတယ်လို့တောင် မထင်ဘူး၊ စကားပြောလိုက်၊ ထမင်းစားလိုက်၊ ရန်ဖြစ်ရလိုက်နဲ့ ခဆို သုံးနာရီတောင် ထိုးသွားပြီ ...

ပြီးတော့ ညီညီ့ အကြောင်းလည်း ပြောရဦးမယ်လေ"





"ဒီနေ့အဖို့တော့ တော်ပါပြီ အစ်ကိုထည်ရယ်၊ မနက်ဖြန်မှပဲ ညီညီ ပြောပါရစေတော့နော်၊ ပြောရမှာ အရှည်ကြီးပဲ ...

ဒါပေမဲ့ ဒီနေရာမှာတော့ မကောင်းဘူး ထင်တယ်နော်၊ အစ်ကိုထည် အန္တရာယ်တွေ မများလွန်းဘူးလား"

"ဒါတွေမှုမနေပါနဲ့၊ အဖျားအနာတွေပါ၊ ကျွန်တော် တစ်ယောက်လုံး ရှိတယ်၊ အားကိုးစမ်းပါ ညီညီရာ"

"ဟုတ်ပါတယ်၊ တော်ကြာ အားမကိုးရဘဲ ဒဏ်ရာတွေ ပတ်တီးတွေနဲ့ ဆေးရုံရောက်နေမှ ညီညီ လိုက်ပြုစုနေရဦးမယ်"

"အင်း ... အဲဒါလည်း ကောင်းတာပဲ"

ညီညီဖော်က ထည်အုပ်ကို မျက်စောင်းထိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ နှစ်ခါ တွေ့လိုက်ရသည်နှင့် သူတို့နှစ်ဦး ဘာကြောင့်များ ဒီလောက် ခင်မင်သွားရသည် မသိပါ၊ တကယ်တော့ ညီညီဇော်နှင့် ထည်အုပ်ကို ဘုရားသခင်ကများ အဆွေခင်ပွန်းကောင်း ဖြစ်ကြစေသတည်းလို့ ဖန်ဆင်းပေးလိုက်တာလားမှ မသိတာ။

"ဒါဆို ပြန်ကြရအောင်နော်"

"သဘောပဲလေ၊ ညီညီ့ကို ဘယ်ကိုပို့ပေးရမလဲ"

"ထုံးစံအတိုင်း ဘူတာကိုပဲ ပို့ပေး"

ဘာကြောင့်များ ဒီနေရာကိုပဲ ညီညီ တစ်ယောက် ပို့နိုင်းနေသည် မသိ။ မေးပြန်ရင်လည်း စိတ်က အရင်ဆိုးတော့ မှာမို့ သူ မမေးရဲပါ။

ဘူတာရုံရောက်တော့ ထည်အုပ်က ကားကို ရပ်ပေးလိုက်ပါသည်။





"သွားမယ်နော် အစ်ကိုထည်၊ အိပ်မက်လှလှလေးတွေ မက်ပါစေ"

ထည်အုပ်၏ ကားလေး အဝေးရောက်သည်ထိ ညီညီဇော်က လက်လေးပြကာ နှုတ်ဆက်လိုက်ပါသည်။

၆ ၆ ၆


ဝေဖန်တာ၊ အကြံပြုတာ၊ စိတ်ဆက်တာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com









ညီညီဖော့်ကို တွေ့ချင်လွန်းလို့သာ လာရပါသည်။ အကယ်တော့ ဒီနေရာကို သူ မလာချင်လှပါ။

ညီညီဖော်ကလည်း သူ့ကို ဒီနေရာကိုပဲ နေ့စဉ် ခေါ်နေသည်ကတော့ တစ်မျိုးကြီးပါ။

အကြိုလည်း ဒီနေရာကနေ စောင့်ရ။

အပို့လည်း ဒီနေရာမှာပင် ပို့ခဲ့ရ။

သူက ယောကျ်ားလေးမို့ ထားပါဦး။ မိန်းကလေး ဖြစ်တဲ့ ညီညီဖော် အတွက်က သိပ်မကောင်းလှဘူးလေ။

ဒီနေ့ပါနဲ့ဆိုရင် သုံးရက်ဆက်တိုက် သူ ဒီနေရာကို ရောက်ခဲ့ပါသည်။ သူ၏ပြိုင်ကားအနီရောင်လေးကလည်း



www.burmeseclassic.com

www.burmeseclassic.com



သိသာထင်ရှားနေသည်မို့ မျက်နှာတောင် အတော်လေး ပုမိပါ
သည်။

"အစ်ကို"

"အောင်မယ်လေး"

"လန့်လိုက်တာဗျာ၊ ခင်ဗျား ဘာကိစ္စရှိလို့လဲ"

"ကိစ္စရှိမှ ခေါ်ရမှာလားရှင်၊ အစ်ကိုနဲ့ ကျွန်မ မိတ်ဆွေတွေ
ပဲဟာ၊ ဟိုနေ့က ကျွန်မတို့ မိတ်ဆက်ပြီးသွားပြီလေ"

"မသိဘူးဗျာ၊ ကျွန်တော် ခင်ဗျားနဲ့ မိတ်ဆွေမဖွဲ့ချင်ဘူး
စကားလည်း မပြောချင်ဘူး၊ သွားပါတော့ဗျာ၊ မြန်မြန်သ
သွားပါတော့"

အမျိုးသမီးက ထွက်မသွား၊ ကားနားတွင်သာ
ကပ်၍ ရပ်နေပါသည်။

"ခင်ဗျား အေးနည်းနည်းဖယ်၊ ကျွန်တော့်ကား ထွက်တော့
မယ်"





"ရှင်ဟာ ယောက်ျားတန်မဲ့ စိတ်ပုပ်စိတ်ယုတ် အရမ်းကြီး
တာပဲ"

သူ့ဟာသူ ပြောချင်တာ ပြောပလေ့စေတော့ ဒီမိန်းမ
နဲ့လည်း လေကုန်ခံပြီး သူ ရန်ဖြစ်မနေချင်တော့ပါ။

ကားကို သူမနှင့် ကင်းဝေးရာ ခပ်လှမ်းလှမ်းကိုရွှေ့
ပြီး စက်နှိုးလိုက်ပါသည်။

တော်ပါသေးသည်။ ခပ်လှမ်းလှမ်းမှ လာနေသော
ညီညီဇော်ကို တွေ့လိုက်ရပါသည်။

ကျက်သရေချင်းက ကွာလိုက်တာ။

အသားအရေက ဝါဝင်းမွတ်ညက်ကာ ပိန်ပိန်သွယ်
သွယ် ကိုယ်လုံးလေးမှာ စိန်မိုက်ကယ်ပိုးပျော့ထဘီလေးနှင့် လိုက်
ဖက်လှပါသည်။

ကုပ်အထိ အရှည်ရှိသော ဆံပင်လေးမှာ ဖြောင့်
ဖြောင့်အိကျလို့ နေပါသည်။ ဒီလောက်လှတဲ့ ကောင်မလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာနှင့် လုံးဝမအပ်စပ်ပါ။ အမျှားသူငါက ဟိုမိန်းမကြမ်းကြီးလို တွေးထင်မိသွားမှာကို သူ စိုးရိမ်လှပါသည်။

"ဆောရီးပဲ အစ်ကိုရယ်၊ စောင့်နေရတာ ကြာပြီလားဟင်"

"သိပ်တော့ မကြာသေးပါဘူး၊ ဒါပေမဲ့ စိတ်တော့ညစ်တယ်"

"မြင်သားပဲ၊ ညီညီ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတာ"

"ဒါနဲ့များ ညီညီရယ်၊ မြန်မြန်လာလိုက်လည်း ပြီးရောဘားခုတော့ စိတ်ကို ညစ်တော့တာပဲ"

"အဲဒီမိန်းမက အရူးလားဟင်"

"မသိပါဘူး၊ သူ့ကို စကားမပြောချင်ပါဘူး ဆိုတာလည်း မရဘူး၊ ဒီနေရာမှာ သူ အမြဲရှိနေတာ ထင်တယ်နော်"





"ညီညီလည်း သူ့ကို အမြဲတွေ့တယ်၊ သူက အစ်ကိုထည်တို့လို ယောကျ်ားတွေ အပေါ်သာ ကောင်းတာ၊ ညီညီနဲ့တွေ့တာ သုံးခါလောက်ရှိပြီ၊ အမြဲတမ်း မျက်စောင်းထိုးထိုး ကြည့်သွားတယ်"

"သူ့ကို သွားကြည့်မနေနဲ့လေ၊ ရုပ်ကြီးက တကယ့်ကိုကြောက်စရာကြီး ...

လာလေ ... သွားကြစို့"

"ဒီနေ့ ဘယ်ကိုသွားမလဲ အစ်ကိုထည်"

"မနေ့ကနေရာကိုပဲ သွားတာကောင်းပါတယ်နော်"

"အစ်ကိုထည် မကြောက်ရင်တော့ သွားပေါ့"

"တို့အကြောင်းလည်း သိဘားနဲ့ ညီညီရယ် ...

ဒါတောင် ညက အတွေးထဲမှာ ဒီကောင်တွေကို ကိုယ်ထိလက်ရောက် မလုပ်လိုက်ရတာကိုပဲ မကျေနပ်ဖြစ်နေတာ ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကလည်း သူတို့ပဲလေ၊ ဒီလောက် ကြောက်တတ်နေမှတော့ သူများတကာတွေ ကိစ္စမှာ ဝင်ရှုပ်ချင်မနေပါနဲ့တော့လား ...

ခုတော့ ရှယ်လိုက်ရုံ ရှိသေးတယ်၊ ပြေးလိုက်တာ တန်းနေတာပဲ ...

ဒီနေ့တော့ ဒီကောင်တွေ ဘယ်နည်းနဲ့မှ လာတော့မှာ မဟုတ်ဘူး ညီညီ၊ စိတ်သာချ"

"သူတို့ မဟုတ်ဘဲ ဒီပြင်သူတွေ လာခဲ့ရင်ကော",

"လာတာတော့ လာကြမှာပေါ့ ညီညီရယ်၊ ဒါက လူတကာ သုံးစွဲဖို့ လုပ်ထားတဲ့ ပန်းခြံပဲ၊ ကိုယ့်ကို မနှောင့်ယှက်ရင် ပြီးတာပဲ"

ဒီနေ့လည်း မနေ့ကကဲ့သို့ပင် စားစရာတွေဝယ်ပြီး ပန်းခြံသို့ လာခဲ့ကြပါသည်။ ဝယ်ခြမ်းလာခဲ့သော ပစ္စည်းများကို နေရာချပြီးသည်နှင့် သူမ၏အကြောင်းကို သိချင်လွန်းလှသော ထည်အုပ်ကို ပြောပြရန် စကားစလိုက်ပါသည်။





"တကယ်တော့ ညီညီ အိမ်ကနေ ထွက်လာရတဲ့ အဓိက တရားခံက, ဦးမေပါ ...

ဦးမေ ဆိုတာက ညီညီနဲ့ ဝမ်းကွဲညီအစ်မ၊ နာမည် အပြည့်စုံက တော်ဦးမေ ...

အစ်မသာ ဆိုတာပါ၊ အသက်က ငါးလကျော်ကျော်ပဲ ကွာတာပါ ...

ညီညီ့ အမေနဲ့ ဦးမေရဲ့ အမေက ညီအစ်မအရင်း ...

အားလုံး အဘွားရဲ့ အရိပ်အာဝါသအောက်မှာ တူတူနေကြတာပါ ...

ဦးမေမှာ ညီညီထက်သာတဲ့ အချက်က မိစုံဖစုံနဲ့ နေရတာလေ ...

ညီညီကတော့ ကိုးနှစ်သမီး အရွယ်တည်းက အဖေနဲ့အမေ ကားမှောက်ပြီး တစ်ပြိုင်တည်း ဆုံးသွားခဲ့တယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ငယ်ငယ်တည်းက မိဘမဲ့ပေါ့ အစ်ကို ထည်ရယ် ...

ဒါပေမဲ့ အဘွားကတော့ ညီညီ့ကို အရမ်းချစ်ပါတယ်၊ ဒီပြင် သားသမီးတွေကမွေးတဲ့ ကလေးတွေထက်စာရင် ညီညီ့ကို အဘွားက ပိုပြီး ဦးစားပေး ချစ်ရှာပါတယ် ...

ကြွားတာတော့ မဟုတ်ဘူးနော်၊ အဘွားက ပိုက်ဆံအရမ်းရှိတယ်၊ သားသမီးတွေ မြေးတွေအတွက် ခိုနားစရာ အရိပ်ရသစ်ပင်ကြီးပေါ့ အစ်ကိုရယ် ...

အိမ်ထောင်ကျပြီး သားသမီးတွေကိုလည်း အဘွားက အိမ်ခွဲမပေးဘူး၊ သူ့အိမ်ကြီးက အကျယ်ကြီးဆိုတော့ ဒီလိုပဲ စုပေါင်းပြီး နေကြရတာပေါ့ ...

အဘွားနာမည်က ဒေါ်သီသီတော် ...

ညီညီ့နာမည် အပြည့်အစုံက တော်ညီညီဇော်"





မိန်းကလေးနာမည် ညီညီဇော် ဆိုတည်းက ရယ်ချင်နေခဲ့တာ၊ ခုတော့ ညီညီဇော် အပြင် ရှေ့က 'တော်'ကလေးကိုပါ ဆည့်လိုက်တော့သည့်မို့ ထည်အုပ်တစ်ယောက် ကျိတ်၍ရယ်မိသွားပါသည်။

"ညီညီနဲ့ ဦးမေက ကျောင်းထားတော့လည်း တစ်ချိန်တည်းဆိုတော့ အမြဲတမ်း အတန်းထဲမှာ တူတူနေရတာပေါ့ ...

ဦးမေကို ညီညီက ချစ်ပါတယ်၊ ဦးမေကလည်း ညီညီ့ကို ချစ်တယ်မေ့ါလေ ...

တစ်ခါတလေမျိုးမှာ ညီအစ်မနှစ်ယောက် သင့်တင့်သလိုလို ရှိနေပေမဲ့ ...

စာမေးပွဲစစ်ပြီးလို့ ရီပို့ကတ်တွေရတိုင်း သူ ညီညီ့ကို ရန်လုပ်တတ်ပြန်ရော၊ ဘာလို့လဲ ဆိုတော့ သူက ဉာဏ်မကောင်းဘူးလေ၊ စာမေးပွဲစစ်တိုင်း သူက ညီညီ့ကို အမြဲရှုံးနိမ့်တာမို့ သူ့အမေ အန်တီမေစီက ဆူတယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာတင် သူက မနိုင်,နိုင်ရာ ဖီထောင်းတော့တာပဲ၊ ညီညီ့ကို သူ ရန်ရှာတဲ့ အခါမျိုးတော့ ရှိတာပေါ့လေ ...

အဘွားက သူ့မြေးမလေးနှစ်ယောက် ရှုတည့်တာကို လုံးဝမကြိုက်ဘူး၊ တကယ်တော့ အမိက အပြစ်ရှိသူက ဦးမေရဲ့အမေ၊ အန်တီမေစီပဲလေ ...

ငယ်ငယ်တုန်းမှာတော့ ပညာကိုပြိုင်ရင်း မသင့်မတင့် ဖြစ်ကြရတဲ့အခါ ရှိသလို၊ အရွယ်ရောက်လာတော့ သူ့ကြောင့် ဖြစ်ရပြန်ရော ...

သူ ဆိုတာက ခိုင်သွန်း ...

ညီညီနဲ့ အတန်းကလည်း တူတူ ...

နေတာလည်း တစ်လမ်းထဲမှာ အတူတူပဲ ...

ခိုင်သွန်းကလည်း စာတော်တာပဲ ...

ခိုင်သွန်းရဲ့ မိဘတွေက အစိုးရဝန်ထမ်းတွေလေ၊ ရာထူးရာခံတွေကလည်း ကြီးကြီးမားမားတွေ ဆိုတော့





ခိုင်သွန်းနဲ့ ညီညီတို့ ခုလို ဝင်ထွက်သွားလာနေတာကို နှစ်ဖက်မိဘတွေက လိုလိုလားလားနဲ့ ခွင့်ပြုထားတယ်လေ ...

ဒီလိုပဲ အတူတူ သွားလာခဲ့နေကြရာကနေ အချိန်ကြာလာတာနဲ့အမျှ ညီညီနဲ့ ခိုင်သွန်းကို သက်မကင်းဖြစ်ပြီး ဦးမေ စိတ်ဆိုးရတဲ့ အကြိမ်တွေကလည်း မနည်းတော့ဘူးလေ ...

အန်တီမေစီ ကိုယ်တိုင်က သူ့သမီးကို ခိုင်သွန်းနဲ့ ပိုပြီး ရင်နှီးစေချင်တော့ ညီညီကို ဖယ်ထုတ်ဖို့ ကြိုးစားတာပေါ့၊ တစ်နေ့ပေါ့ အစ်ကိုထည်ရယ်"

"ညီညီ တစ်ယောက်တည်းလား၊ ဦးမေကော"

"အန်တီမေစီနဲ့ မနက်အစောကြီးတည်းက ထွက်သွားတာ"

"ညီညီ တစ်ယောက်တည်း ပျင်းနေတာပေါ့၊ ဟုတ်လား။ ဒီလိုမှန်းသိရင် အစောကြီးတည်းက အဖော်လာလုပ်ပေးပါတယ် ညီညီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ဦးမေ ရှိလည်း တို့က ဦးမေနဲ့ ဆောကစား နေတာမှ မဟုတ်တာ၊ ဘာမှ ထူးခြားပြီး ပျင်းစရာမရှိပါဘူး"

"ဒါဆို စာအုပ်ဆိုင် သွားကြမလား"

"သွားလေ"

ထိုစဉ်မှာပင် ဒေါ်မေစီတော်နှင့် သမီး တော်ဦးမေကို ရောက်လာပါသည်။

"မောင်ခိုင်သွန်း ရောက်နေတာကို၊ ကေ့ ညီညီ တစ်ယောက်တည်း ပျင်းလို့ မင်းကို ဖုန်းဆက်ခေါ်လိုက်တာ ထင်တယ်၊ ဟုတ်လား"

"မဟုတ်ပါဘူး အန်တီ၊ ကျွန်တော် ပျင်းပျင်းရှိတာနဲ့ စာအုပ်ငှားရင်း ဝင်လာတာပါ"

ခိုင်သွန်း၏ အဖြေလေးကမဆိုးပါ။ နို့မို့ဆို လူကြီး တန်မဲ့ အငိုက်ဖမ်း မေးတတ်သော သူမ၏စကားက ညီညီကပဲ





မေနှင့် ဒေါ်မေစီ မရှိတုန်း ခိုင်သွန်းကို တမင်ခေါ်လိုက်သလိုလို ဦး ပြောထည့်လိုက်တာလေ။

"ရောက်နေတာ ကြာပြီလား ခိုင်သွန်း"

"သိပ်တော့ မကြာသေးပါဘူး၊ ဒီရောက်တော့ ညီညီ တစ်ယောက်တည်း ပျင်းနေမှာစိုးလို့ စကားပြောရင်း အဖော် လုပ်ပေးနေတာ ဦးမေရဲ့"

"စာအုပ်လိုက်ငှားမယ်ဆို ညီညီ၊ သွားကြရအောင်"

"ဦးမေရေ ... ညီညီတို့ စာအုပ်ဆိုင် ခဏသွားလိုက်ဦး မယ်"

ထွက်သွားသော ညီညီဖော်နှင့် ခိုင်သွန်းကို ကြည့် ဦးမေ တစ်ယောက် မကျေမနပ် ဖြစ်နေမိပါသည်။

ထိုနည်းတူစွာ အပေါ်ထပ်မှ ညီညီဖော်တို့ နှစ်ယောက် လိုက်ကြည့်နေမိသော ဒေါ်မေစီ တစ်ယောက်ကလည်း သမီး သူ တော်ဦးမေ ကိုယ်စား မခံမရပ်နိုင်တွေ ဖြစ်နေပါသည်။



www.burmeseclassic.com

ညပိုင်း ထမင်းစားဝိုင်းလေးက တိတ်ဆိတ်လို့ နေ
ပါသည်။

အဘွားဖြစ်သူ ဒေါ်သီသီတော်က အထူးသဖြင့် ည
အချိန် ထမင်းစားလျှင် အိမ်ရှိ မိသားစုအားလုံး ဝင်ရောက်စားသော
ကျေနပ်တတ်သည်။

မနက်ပိုင်းကတော့ များသောအားဖြင့် ကျောင်းသွား
သူများ ရှိသလို အလုပ်သွားသူများလည်း ရှိသဖြင့် ဆုံစည်းနို
ခဲယဉ်းလှသည်လေ။

ဒီနေ့ည ထမင်းစားဝိုင်းလေးက ခါတိုင်းထက် ထူး
ခြားစွာ တိတ်ဆိတ်လို့ နေပါသည်။

ညနေတုန်းက မကျေမနပ်ဖြစ်ခဲ့ရသည်ကို အကြောင်း
ပြုပြီး မအေဖြစ်သူကော သမီးဖြစ်သူပါ အားလုံးကို စကားမပြော
နိုင်ဘဲ တိတ်ဆိတ်ငြိမ်သက်လို့ နေပါသည်။





မိခင် ဒေါ်သီသီတော်က သမီးဖြစ်သူသည်လည်း
ကောင်း၊ မြေးမလေးဖြစ်သူသည်လည်းကောင်း၊ ခုလို မကြာခဏ
စိတ်ဆိုးစိတ်ကောက် ရှိတတ်သည်မို့ သူတို့စိတ်ကောက်လျှင်
အမြဲတမ်း မသိကျိုးကျွံပြုခဲ့မိတတ်ပါသည်။

ညီညီဇော်က အဘွားကို ဟင်းများခပ်ထည့်ပေးသလို
အဘွားကလည်း သူ့မြေး ညီညီဇော်ကို ဟင်းခပ်ထည့်ပေးခြင်း
ဖြင့် ဒီနေ့ ထမင်းဝိုင်းလေးက စိတ်နှလုံး မကြည်စွာနှင့် ပြီးဆုံးခဲ့
ရပါသည်။

ထမင်းစားပြီးသော်လည်း ထိုအတေးအမှတ်တွေက
ပြီးသေးပါ။

မိမိအခန်းသို့ ဝင်သွားပြီဖြစ်သော ညီညီဇော်ကို
ဒေါ်မေစီက အိမ်ဖော်ကောင်မလေး ခင်ထားအား အခေါ်လွှတ်
လိုက်ပါသည်။

"အန်တီမေစီ ... ညီညီ့ကို ခေါ်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်လေ ညီညီ၊ အဘွားပါရှိတုန်း ပြောစရာလေးတွေ ရှိတာ ပြောထားချင်လို့ပါ၊ ညီညီ ညနေက ခိုင်သွန်းနဲ့ ဘယ်ကိုသွားတာလဲ"

"စာအုပ်ဆိုင်ကိုသွားတာ အန်တီမေစီ"

"အဖော်ရှားလို့ ညီညီရယ်၊ ခင်ထားကို ခေါ်သွားလည်း ရသားနဲ့"

"အန်တီမေစီ … ညီညီကို ဘယ်လို ပြောလိုက်တာလဲ၊ ခိုင်သွန်းနဲ့ သွားတာ အဆန်းမှ မဟုတ်တာ၊ ညီညီလည်း ခိုင်သွန်းနဲ့ကြုံရင် ကြုံသလို တူတူသွားတတ်သလို၊ ဦးမေလည်း ဒီလိုပဲ သွားနေကျပဲဟာ"

"တွေ့လား မေမေ၊ မေမေ့မြေးလေးဟာ ဘယ်တော့မှ လူကြီးသူကြီးတွေ ဆုံးမလို့ မရဘူး၊ အမြဲတမ်း ပြန်ခံပြောတော့တာပဲ …

ဒါ့ကြောင့် တမင်တကာ မေမေ့ရှေ့ ခေါ်ပြောတာ နော် …





အဲလို ယောကျ်ားလေးတွေနဲ့ အရပ်ထဲမှာ လျှောက်သွားနေတော့ သူများတွေက ဘယ်လို ပြောကြမလဲ ညီညီ…

လူကြီးတွေက မသင့်တော်လို့ ဆုံးမတာကို မခံချင်ရင် နောက်ဆို အန်တီမေစီလည်း ညီညီ့ကို ဆုံးမမှာ မဟုတ်တော့ဘူး"

"မေစီကလည်းကွယ်၊ ကလေးကို အဲလိုမပြောပါနဲ့၊ ငါ့မြေးလေးက ဒီလောက်လည်း အဆိုးကြီး မဟုတ်ပါဘူး"

"တော်ပြီ၊ သမီး ပြောရင် မေမေ အဲလို ကပျက်ရပျက်တွေ လုပ်လာမယ်ဆိုတာ သမီး ထင်သား၊ ခုတော့ သမီးပါးစပ်ညောင်းတာရယ်၊ လူမုန်းခံရတာပဲ ရှိတယ်"

မိခင်ဖြစ်သူက မြေးဖြစ်သူဘက်က ဝင်ပြောသဖြင့် ဒေါ်မေစီတော် တစ်ယောက် မကျေမနပ်တွေ ဖြစ်ခဲ့ရပါသည်။

ညီညီ မျက်ရည်တစ်စက် မကျပါ။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကျရင် သူတို့ကို အရွှံးပေးရာ ရောက်မယ်လေ။ ခ

ခြေကို ခပ်ဆောင့်ဆောင့်လေး နင်းပြီး အခန်းထဲ ဝင်သွားပါသည်။

"တွေ့လား၊ ဒီကောင်မလေးဟာ တော်တော် ထိန်းရခက်တဲ့ မိန်းကလေးပါလို့ ပြောနေတာကို မေမေတို့ကမှ မယုံတာ"

"မေစီ ... နင် တော်တော့ ...

မေမေ့ကို စိတ်ညစ်အောင်မလုပ်နဲ့၊ ငါသိရသလောက်ကတော့ ညီညီဟာ အင်မတန်မှ လိမ္မာတဲ့ကလေး၊ တကယ်လို့ ဒီကလေးဟာ မလိမ္မာရင်တောင်မှ ငါတို့တွေအားလုံး ဝိုင်းပြီး ကြင်ကြင်နာနာ ထိန်းမတ်ပေးရမဲ့ ကလေးပါ —

မေမေ လုပ်တာတွေဟာ အမှန်ကြီးပဲ၊ တို့အားလုံး သိထားဖို့က ဒီကလေးကို တို့အားလုံး ဂရုစိုက်ရမယ်၊ ကြင်နာရမယ်၊ ကုန်ကုန်ပြောမယ်၊ ညီညီဟာ တို့တစ်မိသားစုလုံးရဲ့ အထူးအခွင့်အရေးခံသူ ဖြစ်ရမယ် ...





ငါသိရသလောက်ကို ပြောရမယ်ဆိုရင် နင်ဟာ တစ်ခုမဟုတ်တစ်ခု အမြဲပြဿနာရှာတတ်တယ် ...

ခုဖြစ်ရတဲ့ကိစ္စဟာလည်း ဘာမှ မလောက်လေး မလောက်စားကိစ္စလေး၊ တစ်စိတ်ကို တစ်အိတ်ဖြစ်အောင် နင်အမြဲလုပ်တယ် မေစီ ...

ကဲ ... နင် ပြောသလိုပဲ ထားပါတော့ ညီညီ၊ ဒီကောင်လေးနဲ့ တွဲတယ်၊ တစ်နေ့ ကြိုက်သွားမှာစိုးတယ် ပေါ့ ဟုတ်လား ...

ကြိုက်သွားတော့ကော ဘာဖြစ်လဲ၊ ခိုင်သွန်းဟာ တို့အားလုံး လက်ခံထားတဲ့သူပဲ ...

ပြီးတော့ ကြေးရတတ်ထဲက ကလေးမို့ ဒီကလေးနဲ့ ညီညီ ပတ်သက်သွားရင် တို့ဘက်ကလည်း ဘာမှကန့်ကွက်စရာ မလိုဘူးမို့လား"



www.burmeseclassic.com

"ရွှေဘုန်း ... နင် ဖော်တော့၊ ငါက ဘာမှပြန်မပြောချင် လို့ ကြည့်နေတာ၊ တကတည်းမှပဲ၊ အငယ်ဆုံးလုပ်ပြီး အကြီးတွေအပေါ် ဩဇာအာဏာ လာပြချင်နေတယ်"

"အားလုံး တိတ်စမ်း၊ ဘာတွေဖြစ်နေကြတာလဲ၊ ကောင်း ကောင်းမွန်မွန် ဆွေးနွေးလို့ရတဲ့ ကိစ္စကို ဒီလောက်အကြီး အကျယ်တွေ ပြောနေစရာ မလိုပါဘူး၊ သိပ်ရှက်ဖို့ကောင်း တယ်"

အကြီးဖြစ်သူ မေစီတော်ကို အားနာသဖြင့် ဒေါ်သီသီ တော်က အငယ်ဆုံးသား လူပျိုဖြစ်သည့် ရွှေဘုန်းတော်ကိုသာ ဖမ်း၍ဆူလိုက်ပါသည်။

တကယ်တော့ သားသမီးတွေအားလုံး မိခင်ဖြစ်သူ ဒေါ်သီသီတော်ကို ကြောက်ရွံ့ကြပါသည်။

ငယ်ငယ်တန်းကဆို မိခင်ကို မည်သူမျှ မော်၍ပင် မကြည့်ရဲကြပါ။ ခု ကိုယ့်အိမ်ထောင်နှင့်ကိုယ် ဖြစ်လာကြမှ





မိခင်ကို ပြန်၍ခံပြောတတ်လာသည်ကို ဒေါ်သီသီတော်က လုံးဝ မကျေနပ်ပါ။ အားလုံးတွင် အဆိုးဆုံးက ဒုတိယအကြီးဆုံးဖြစ်သူ ဒေါ်မေစီတော်ပင် ဖြစ်သည်။

ဒေါ်မေစီတော်၏ ခင်ပွန်းမှာ တကယ့်လူအေးတစ် ယောက် ဖြစ်သော်လည်း သမီးဖြစ်သူ တော်ဦးမေကတော့ မိခင် ကြီးဆွဲရာအတိုင်း ပါရသည့်သမီး ဖြစ်နေသည်။

ဘွားအေလုပ်သူက မိဘမဲ့မြေးလေးဖြစ်သူ ညီညီဖော် ထက် ဘယ်မြေးကိုမှ ပို၍ အခွင့်အရေး မပေးပါ။

ဤသည်ကို ဒေါ်မေစီတော်နှင့် သမီးတော်ဦးမေတို့ က လုံးဝမကျေနပ်ပါ။

"အဲဒီနေ့က ပေါက်ကွဲမှုဟာ ညီညီတို့မိသားစုကို သွေးခွဲ နိုင်ခဲ့တာပေါ့၊ အစ်ကိုရယ် ...

ထမင်းစားရင်လည်း တစ်ယောက်နဲ့တစ်ယောက် မဆိုစည်းအောင် ရှောင်ဖယ်ကြတာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အင်အားနည်းတဲ့ ညီညီမှာတော့ အဘွား ဟာ အားအထားရဆုံးပါ ...

အစ်ကို ညီညီတို့မိသားစုအကြောင်းကို နားထောင် ရတာ တော်တော်ငြီးငွေ့သွားပြီမို့လား"

"ဘယ်ကသာ ... အရမ်း စိတ်ဝင်စားနေတာ"

"ဘယ်သူ့ကိုလဲ၊ ဦးမေကိုမို့လား"

"ထွပ်သရီး"

"ဒါဖြင့် ဘယ်သူ့ကိုလဲ၊ ပြော"

"နိုင်သွန်းကို"

"ဘာ ... နိုင်သွန်း ဟုတ်လား၊ ဟင်း ဟင်း ဟင်း၊ အစ်ကို ကတော့လေ၊ နိုင်သွန်းက ယောက်ျားလေးပဲဟာ"

"ဒါပေါ့၊ ယောက်ျားလေးမို့ ကျွန်တော်က စိတ်ဝင်စား တာပေါ့ ...





နိုင်သွန်းနဲ့ ညီညီ ဘယ်လိုပတ်သက်ဦးမယ် ဆိုတဲ့ ဇာတ်လမ်းလေးကို ကျွန်တော် အရမ်း စိတ်ဝင်စားနေပြီ လေ"

"ဒါလား ... အစ်ကိုထည် စိတ်ဝင်စားတာ ညီညီနဲ့ နိုင်သွန်း အကြောင်းကိုလား"

"ဟုတ်တယ်"

"ဒါဆိုရင် ခဏနားလိုက်ဦးမယ်၊ ညီညီ ဗိုက်ဆာပြီ။ ထမင်းစားကြရအောင်နော်"

"အရေးထဲမှာများ ညီညီဗိုက်ရယ်၊ ဆာပဲဆာနိုင်လွန်းတယ်၊ တကယ့်ကို အကွက်ကောင်းရောက်ခါမှပဲ"

"ဖြည်းဖြည်းပေါ့ အစ်ကိုထည်ရယ်၊ ဒီနေ့မပြီးလည်း နောက် နေ့ နောက်နေ့တွေ အများကြီး ရှိသေးတာပဲ"

"ဒါဆိုလည်း စားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ညီညီဖော်၏ အကြောင်းတွေကို သိချင်လွန်းလို့ ထည်အုပ် ခမျာ ထမင်းတွေကို ကပျာကရာ ပါးစပ်ထဲ ပက်သွင်းနေပါသည်။

"အစ်ကိုထည် အရမ်းဆာနေပြီ ထင်တယ်"

"မဟုတ်ပါဘူး ညီညီရယ်၊ ထမင်းစားရတာ စိတ်မရှည်လွန်းလို့ မြန်မြန်ပြီးရင်လည်း ပြီးရောဆိုပြီး ကမန်းကတန်းစားနေတာပါ"

"ညီညီကတော့ အဲလို အမြန်မစားတတ်ဘူးဆရာ၊ ညီညီထမင်းစားရင် အရမ်းကြာတာပဲ ..."

အသားလေးတွေဆို သေသေချာချာဖွဲ့ပြီး အမျှင်လေးတွေဖြစ်မှ စားတတ်တာ ...

အထူးသဖြင့် ငါးဆိုရင်တော့ ပိုဆိုးတာပေါ့လေ၊ အရိုးစူးမှာလည်း ကြောက်ရသေးတော့ အကြိမ်ကြိမ် စစ်ဆေးပြီးမှ စားရဲတာ ...





ဒါကြောင့် အဘွားက အမြဲတမ်း ညီညီကို ဆူတာ၊ ထမင်းစားရင် ကြာတာဟာ မကောင်းဘူးတဲ့၊ ဆင်းရဲတတ်တယ်တဲ့၊ ညီညီတော့ မထင်ပါဘူး၊ အစ်ကိုပဲ စဉ်းစားကြည့်လေ၊ ထမင်းစားတာကြာလို့ သူဌေးတစ်ယောက်က အလိုလိုဆင်းရဲသွားရတယ်ဆိုတာကတော့ မဖြစ်နိုင်တာ၊ လုံးဝကိုပဲနော် အစ်ကိုထည်၊ ညီညီ ပြောတာ မှန်တယ်မို့လား"

"မှန်ပါတယ်"

"အစ်ကိုထည့် စကားကြီးကလည်း အသက်မပါလိုက်တာ"

"စားမှာသာ စားစမ်းပါ ညီညီရယ်၊ စကားအရမ်းများတာပဲ၊ တော်ကြာ ထမင်းသီးပြီး သေသွားရင် လူပြောရမှာတောင် ရှက်စရာကြီး"

"အရမ်း အမြင်တွေ ကတ်နေတယ်ပေါ့၊ ဟုတ်လား၊ ရတယ် ... ဘယ်သူတွေ စိတ်ဆိုးနေ ဆိုးနေ ထမင်းကတော့ အေးအေးဆေးဆေး စားရမှဖြစ်မယ် ဆရာရေ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေးဟာလေ၊ သူ့မြင်ဖူး သိဖူးတဲ့ မိန်းကလေးထဲမှာ အဆန်းဆုံးပဲ၊ အရှက်တရား အကြောက်တရားဆိုတာ ချိုနဲ့လားလို့တောင် မေးယူမဲ့ မိန်းကလေးမျိုး ဖြစ်ပါသည်။

"မြန်မြန်စားကွာ၊ ညီညီ ကျွန်တော့်ကို တမင်အသည်းယားအောင် လုပ်နေတာမို့လား"

"အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ဟုတ်တယ်"

"ဒါဆို ဒီထမင်းကြီးကို တော်တော့၊ ကုန်လည်းကုန်နေပြီဟာကို၊ ကျွန်တော် ကြည့်နေတာ ညီညီဟာ ဖော့ဘူးကြီးကိုများ ဖွဲ့ပြီးစားဦးမှာလားလို့ ..."

တော်တော့နော်၊ အပြန်ကျရင် ကျွန်တော် ညီညီကို ဟမ်ဘာဂါ ဝယ်ကျွေးမယ်"

"တကယ်"

"တကယ်ပေါ့၊ မနေ့ညက ကျွန်တော် တစ်ယောက်တည်း ဗိုက်ဆာဆာနဲ့ စနေ...ဆိုင်တစ်ဆိုင် ဝင်ပြီး ဟမ်ဘာဂါ





စားလိုက်တာ၊ မထင်မှတ်ဘဲ တော်တော့်ကို ကောင်းသွားတယ်၊ ကျွန်တော်တို့ ရန်ကုန်က နာမည်ကြီးဆိုင်တွေတောင် ဒီလောက် မကောင်းဘူး"

"ဒါဖြင့် အိုကေ ... ညီညီလည်း စားချင်နေတာနဲ့ အတော်ပဲ၊ တကယ်ကျွေးရမယ်နော်"

"တကယ်ပါလို့ ဆိုနေမှပဲ"

ညီညီဇော်ကို စိတ်မရှည်လွန်းစွာဖြင့် ထည့်အုပ်ကောားစ ပြောင်းပေးလိုက်ပါသည်။

"ညီညီ ပြောတဲ့ ခိုင်သွန်း ဆိုတဲ့ နာမည်ကို ကျွန်တော် ကြားဖူးနေတယ်"

"ကြားဖူးမှာပေါ့။ သူက နာမည်ကြီးပဲဟာ"

"ဘာနာမည်ကြီးလဲ"

"ခိုင်သွန်းက စာလည်းတော်တယ်၊ အားကစားမှာလည်း ထူးချွန်တယ်၊ ပြီးတော့ ရုပ်လည်း ..."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့လေ၊ ညီညီ့ဟာက လွန်လာပြီ"

"ဘာလဲ၊ ခိုင်သွန်းကို ရုပ်ချောတယ်လို့ ညီညီ ပြောမှာကို သိပြီး မနာလို ဖြစ်နေတာမို့လား ...

တကယ်ဗဲ မနာလိုမယ်ဆိုလည်း လိုစရာပဲ၊ ခိုင်သွန်းကိုလေ ယောကျ်ားတိုင်းက မနာလိုဖြစ်ကြတာ အစ်ကိုထည်ရဲ့ ...

ခိုင်သွန်းကလည်း ခိုင်သွန်းပါပဲ၊ ကောင်မလေးတွေကဆို သူ့ကို အရမ်းကျတာ ...

ဒီပြင် ယောကျ်ားလေးတွေ တကူးတက လိုက်ယူရတဲ့ ကောင်မလေးတွေကဆို သူ့ကျတော့ မလိုက်ရပါပဲ၊ အတင်း သူ့ကို လိုက်ကြိုက်နေကြတာလေ ...

ဒါတောင် ကိုယ်တော်က မာနကြီးတစ်ခွဲသားနဲ့ မိန်းကလေးတွေကို စိတ်မဝင်စားသလိုလို ဘာလိုလို အချိုးမျိုး ချိုးထားလိုက်သေးတယ် ...





အဲဒါကို ညီညီက ရယ်ချင်တာ၊ တကယ်တော့ သူများတွေကသာ မာနကြီးတယ် ထင်နေတာလေ၊ ညီညီကတော့ သူ အပေါ်မှန်း သိနေတာလေ"

"သူက ညီညီ့ကို ကြိုက်နေလို့ ဖြစ်မှာပေါ့"

"ထွပ်သရီး ... ညီညီ သူ့ကို လုံးဝစိတ်ထဲမှာ မရှိဘူး ...

တကယ်တော့ ခိုင်သွန်းကို သဘောကျနေတာက ဦးမေလေ၊ ဦးမေက ခိုင်သွန်းကို ကျိတ်ပုန်းကြိုက်နေတာ၊ သူတင် မဟုတ်ဘူး၊ သူ့အမေကြီးကလည်း သူ့သမီးကို ခိုင်သွန်းနဲ့ အရမ်းသဘောတူတာ ...

ခိုင်သွန်း အိမ်လာလည်ရင်လည်း မောင်ခိုင်သွန်း၊ မောင်ခိုင်သွန်းနဲ့ ပါးစပ်ထဲက အဲဒီနာမည်ကို မလွှတ်တမ်း ရွတ်နေတာ ...

ပြီးတော့ စားစရာတွေလည်း လုပ်ကျွေးလိုက်ရတာ သူ့မှာ ဖတ်ဖတ်ကိုမောလို့ ...



www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာ ပြောပြရဦးမယ်၊ ဦးမေ မွေးနေ့ပွဲ အစ်ကိုရယ် ...

ဘယ်သူမှတော့ မဖိတ်ပါဘူး၊ ဖိတ်စရာလည်း မလိုဘူးလေ၊ အန်တီမေစီ လာစေချင်တာက တစ်ယောက် တည်းလေ၊ ခိုင်သွန်း လာရင် ပြီးတာပဲမို့လား ...

သမီးလုပ်တဲ့သူကလည်း ခိုင်သွန်းကို အရမ်း အရင်း ကျနေတာ ဆိုတော့၊ သူ့သမီး ပျော်ရအောင် သူကစီစဉ် ပေးနေရတာပေါ့ ...

အဲဒီမွေးနေ့ပွဲမှာတော့ ညီညီရယ်၊ ခိုင်သွန်းရယ် ဦးမေရယ်၊ ဒီသုံးယောက်ပဲလေ၊ အနားမှာ အန်တီမေစီကြီး တော့ ရှိနေတာပေါ့ ...

ပီဇာကြီးမှ မှာထားတာ အကြီးကြီးပဲ၊ အီတလီစား သောက်ဆိုင်က မှာထားတာလေ ...





ခိုင်သွန်းက သူ ပီဇာမကြိုက်ဘူး ဆိုပြီး ညီညီ့ ပန်းကန်ထဲပဲ မပြတ်ထည့်ပေးနေတာပေါ့ ...

ခိုင်သွန်းက အစိတ်တစ်စိတ်ယူပြီး ညီညီ့ပန်းကန်ထဲ ထည့်ပေးလိုက်၊ အန်တီမေစီ့ မျက်လုံးကြီးက ပြူးသွားလိုက်၊ ဦးမေ နှုတ်ခမ်းတွေက မဲ့သွားလိုက်နဲ့ ...

ဘယ်လောက်များ အောက်တန်းကျလိုက်သလဲ နော်...

ဘေးက ခိုင်သွန်းတောင် သူတို့သားအမိနှစ်ယောက်ရဲ့ အပြုအမူတွေကို အကဲခတ်မိတယ်လေ ...

ညီညီကတော့ အရှက်ကွဲလည်း မခံနိုင်တာရယ်၊ ပြီးတော့ သူတို့သားအမိနှစ်ယောက်ကိုလည်း မုန်းမုန်းရှိတာရယ်ကြောင့် တအားကို စားပစ်လိုက်တာ၊ ရယ်ရတယ် နော်၊ သူတို့ကတော့ ညီညီကို ကျိတ်ပြီး ကျိန်ဆဲနေမှာ သိလား ...



www.burmeseclassic.com

www.burmeseclassic.com



ညီညီနဲ့ ဦးမေက ညီအစ်မသာဆိုတာ စိတ်ချင်း

တခြားစီပဲ ...

ညီညီက မဟုတ်မခံ ဆတ်ဆတ်ကြဲ၊ ဦးမေကတော့

ညီညီလို မဟုတ်ဘူး၊ ရုပ်ကတော့ ချောပါတယ်၊ ရုပ်ချော

သလောက် အတွင်းစိတ်ကတော့ တခြားစီပဲ၊ ပုပ်မှပုပ် ...

ဒါပေမဲ့ သူက ညီညီ့လိုတော့ သတ္တိမရှိဘူး၊ မ

နပ်တာရှိရင် ပွင့်ပွင့်လင်းလင်း မဖိုက်ရဲဘူးလေ၊ လိမ်

ပြီး ကွေးကောက်နေအောင် စိတ်ကောက်တော့တာပဲ"

"သူက ရုပ်ချောတယ် ဟုတ်လား"

"ချောတာပေါ့၊ ရက်ရက်စက်စက်ကို ချောတာ ...

ဒါပေမဲ့ ညီညီ သူငယ်ချင်းတွေက ပြော

ဦးမေက လှတော့လှပါတယ်၊ ဒါပေမဲ့ သူ့အလှက စိ

မလာဘူးတဲ့ ...





သူတို့အပြောကို ပြောတာနော်၊ ညီညီကတော့ ညီ

အစ်မ အချင်းချင်းဆိုတော့ ဦးမေနဲ့ ပတ်သက်လို့ ဘယ်လို

မှ ခံစားလို့ မရဘူးလေ"

"သူက ညီညီနဲ့ တူလား"

"မအေညီအစ်မရင်းက မွေးထားတာဆိုတော့ တူချင်တူမှာ

ပေါ့လေ၊ သူများတွေကပြောတော့ တူတယ်လို့ ပြောတာပဲ ...

ဘာလဲ ... အစ်ကိုထည်က ဦးမေကို စိတ်ကူးနဲ့

မှန်းပြီး သဘောတွေ ကျနေပြီလား ...

နောက် ကြုံကြိုက်ရင် ညီညီ မိတ်ဆက်ပေးမယ်၊

ဦးမေမှာ စိတ်ကလေးပုပ်တာ တစ်ခုကလွဲရင် ဘာမှငြင်း

စရာအကြောင်း မရှိဘူးလေ"

"တော်စမ်းပါ ညီညီရာ၊ မဟုတ်တာတွေ လာပြောမနေ

ပါနဲ့ ...

ကျွန်တော် ညီညီ အကြောင်းတွေကိုပဲ သိချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ခုလိုဖြစ်ရတဲ့ အဓိကတရားခံက အဘွားပဲပေါ့ အစ်ကိုထည်ရယ် ...

အဘွားကို အင်္ဂလန်မှာရှိတဲ့ သူ့သားအကြီးဆုံး အန်ကယ်ပီတာက အလည်ခေါ်တယ်လေ၊ အန်ကယ်ပီတာက အဘွားကို အလည်ခေါ်တာလည်း ခဏခဏပါ ...

အဘွားက မလိုက်ဖြစ်တဲ့ အဓိကအကြောင်းကတော့ ညီညီ ကြောင့်ပါ ...

အဘွားက ခဏသွားလည်မယ် ဆိုတာနဲ့ ညီညီက ငိုတော့တာပဲ ...

အဘွားမရှိရင် ညီညီ မနေတတ်ဘူးလေ၊ ဒါနဲ့ပဲ အဘွားက ညီညီကိုငဲ့ပြီး သွားကို မသွားဖြစ်တော့ဘူး ...

ဒီတစ်ခါတော့ အဘွား မသွားလို့ မဖြစ်တော့ဘူးလေ၊ အန်ကယ်ပီတာရဲ့သမီး ညီညီရဲ့ဝမ်းကွဲအစ်မက ဇိုမှာ လက်ထပ်မှာမို့လေ"





"အဲလိုဆို ညီညီ လိုက်သွားပေါ့"

"နို့မို့ဆို လိုက်တာပေါ့ အစ်ကိုထည်ရဲ့၊ အဲဒီတုန်းက စာမေးပွဲဖြေဖို့ ခြောက်ရက်ပဲ လိုတော့တာလေ ...

တစ်သက်လုံး ကြိုးစားလာပြီးမှတော့ ဘယ်မှာလာပြီး တစ်နှစ်စာ အနာခံနိုင်တော့မှာလဲ ...

သူတို့ကလည်း ကိုယ့်ကိုတော့ ဘယ်ငဲ့နေမှာလဲနော်၊ သူတို့ဆောင်ချင်တဲ့အချိန် ဆောင်မှာပေါ့ ...

နို့မို့ဆို ဦးမေကော၊ ညီညီပါ လိုက်ဖြစ်မှာ ...

အဲလို လိုက်သွားဖြစ်ရင်တောင် အစ်ကိုနဲ့ တွေ့ဖြစ်တော့မှာ မဟုတ်ဘူးနော်"

"ဟုတ်တော့ ဟုတ်သားနော်၊ ကျွန်တော်တို့နှစ်ယောက်က အိမ်ကထွက်ပြေးလာတဲ့ ဘဝချင်းက တူဦးတောင်မှ အချိန်တွေက လာပြီးကိုက်ညီဖို့ လိုသေးတာမို့လား ...

ညီညီ့အဘွားက ပြန်လာမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"လာမှာပေါ့၊ ဒါပေမဲ့ တစ်လနီးပါးလောက်တော့ ရောက်တုန်းရောက်ခိုက် နေဦးမှာပေါ့လေ ...

သူ့သားကလည်း သူ့အမေ တစ်ခါတလေလာတာန်း ဘယ်ပြန်လွှတ်ပါ့မတုန်း"

"ဒါဆို ညီညီ ဒီကိုထွက်လာတာ အဘွား ဘယ်သိပါ့မလဲနော်"

"ဘယ်သိမလဲ၊ သူတို့က ဘယ်အကြောင်းကြားရဲမလဲ၊ ညီညီသာ ခုလို ထွက်လာမှန်းသိရင် တစ်အိမ်လုံး အိုးစားကွဲသွားမှာ၊ ခုလည်း ညီညီ့ကို ကျိတ်ရှာနေမှာပေါ့"

"တွေ့ရင် ညီညီ့ကို ပြန်ခေါ်သွားကြမှာပေါ့နော်"

"သေချာတာပေါ့ ...

ဒါပေမဲ့ ဒီမှာ ညီညီရှိမှန်း သူတို့ သိမှာပါ၊ ဘာလို့လဲဆိုတော့ ညီညီက ဒီကလွဲရင် ဘယ်မှ တစ်ယောက်တည်း မသွားရဲဘူးဆိုတာ သူတို့ သိတယ်လေ"





"ဟုတ်လား၊ ညီညီက ဒီမြို့ကို ကျွမ်းတယ်လား၊ ကျွန်တော်ကတော့ ဒီမြို့နဲ့ သိပ်မရင်းနှီးဘူးလေ၊ ကျွန်တော်က ရန်ကုန်သားစစ်စစ်လေ၊ အဖေကော အမေပါ ရန်ကုန်ဇာတိတွေ"

"ဒါဖြင့် လူလည်ပေါ့"

"ဘာဖြစ်လို့လဲ ညီညီ"

"သိဘူးလေ၊ ရန်ကုန်သားတွေက လူလည်တွေဆိုတာ လူတိုင်း သိထားတာပဲ"

"ကျွန်တော်တော့ မပါပါဘူးဗျာ"

"အစ်ကိုထည် အိမ်ကကော အစ်ကိုထွည့်ကို ရှာမှာပေါ့နော်"

"ရှာမှာပေါ့၊ ဒါပေမဲ့ ကျွန်တော့်မေမေ အကြောင်း သိတယ်၊ မေမေက ကျွန်တော့်ကို သတင်းစာထဲကနေလည်းအကြောင်းကြားမှာ မဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူငယ်ချင်းတွေကနေပြီးတော့ တစ်ဆင့် စုံစမ်းနိုင်းမှာလည်း မဟုတ်ဘူး ...

ဘာလို့လဲဆိုတော့ မေမေက စိတ်ကြီးတယ်၊ ပြီးတော့ အရှက်ကြီးတယ် ...

သူ့ရဲ့ ကိုယ်ရေးကိုယ်တာ ပြဿနာတွေကို သူများကို ဖွင့်ပြောမှာ မဟုတ်ဘူး ...

သူ့သားကိုတော့ ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းကြီး ဆိုတာ သူ သိနေတယ်လေ ...

ဟိုနေ့က ကျွန်တော် လူသုံးယောက်နဲ့ ဖြေရှင်းလိုက်ပုံမျိုးပေါ့ ညီညီရာ ...

သူများတွေနဲ့ ရန်ဖြစ်ရင် သူ့သား ဘယ်တော့မှ မခံရဘူးဆိုတာ သူက သိနေတယ်လေ၊ အဲဒါကြောင့် ကျန်းမာရေးကြောင့်လည်း မသေနိုင်၊ ခိုက်ရန်ဖြစ်ပွားလို့လည်း သူ့သားက မသေနိုင်မှန်းကို သူက ယုံကြည်နေတယ်လေ ...





ဟင်း ဟင်း ... သားနဲ့သာ မတည့်တာ သားကိုတော့ ယုံကြည်မှုအပြည့်ရှိတဲ့ မအေပေါ့ ညီညီရာ ...

အဲဒါကြောင့် သူက စိတ်ဆိုးတုန်းခဏ ကျွန်တော့်ကို ပစ်ထားမယ်၊ အဲ ... သူ ကျေနပ်တော့ ပြန်ခေါ်မယ်ပေါ့ ...

မခေါ်လည်း ကောင်းတာပဲ၊ ကျွန်တော်လည်း ဒီမှာ နေသားကျနေပြီဆိုတော့ အေးအေးဆေးဆေးလေး အနားယူရတာပေါ့၊ နားပူလည်း သက်သာတယ်လေ"

"ဟင် ... ဒါဖြင့် မိန်းမပေးစားမလို့ဆို၊ ယောကျ်ားလေး လုပ်တဲ့သူက အိမ်က ထွက်ပြေးသွားတော့ ဘယ်ဖြစ်ပါ့မလဲ၊ အစ်ကိုထည့် အမေက ဒီကိစ္စကို ဘယ်အပျက်ခံပါ့မလဲ၊ အစ်ကိုထည့်ကို လိုက်ရှာမှာပေါ့ ...

တော်ကြာ မိန်းကလေးဘက်ကို ပေါက်ကြားသွားရင် ဘယ်ကောင်းပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ကြားပစေပေါ့၊ ကျွန်တော်ကလည်း တမင်ပေါက်ကြားသွားအောင် လုပ်တာပဲ"

"အဲဒီမိန်းကလေးက ဘယ်ကလဲ၊ ရုပ်ချောလား၊ အစ်ကိုထည်နဲ့ ရင်းနှီးလား"

"ဘယ်ကမှန်းတောင် မသိပါဘူး ညီညီရာ၊ အုတ်ကြားမြက်ပေါက် ကလေကချေတွေ ဖြစ်မှာပေါ့"

"ဩော် ... အစ်ကိုထည့် အမေက ကလေကချေ မိန်းကလေးနဲ့ စပ်ပေးပါ့မလားလို့"

"မသိပါဘူး၊ ဒီကိစ္စတွေ ကျွန်တော် လုံးဝမသိဘူး၊ ခုလည်း ကျွန်တော့်ကို အမေက ကျွန်တော့်သူငယ်ချင်းထဲက ဆွေငယ်ဆိုတဲ့ ကောင်မလေးနဲ့ စိတ်မချဘူး ...

ကျွန်တော်က ဘာမှမဟုတ်ပါဘူး၊ သူငယ်ချင်းဆိုခင်တာပါလို့ ပြောလည်း မရဘူး၊ အမြဲတမ်း ကျွန်တော့်ကို ဆွေငယ်နဲ့ ပတ်သက်ပြီး သံသယတွေ ဝင်နေတယ်





ဆွေငယ် အိမ်လာရင်လည်း မကျေနပ်၊ ဆွေငယ် ဖုန်းဆက်ရင်လည်း မကျေနပ်၊ အဲဒီ ဆွေငယ်ကလည်း ဆွေဝယ်ပါပဲ ...

အရမ်းလည်း သနားဖို့ကောင်းတာ၊ သူ့အပေါ်မှာ ဒီလောက် မကြည်ဖြူတဲ့ ကျွန်တော့်ရဲ့အမေ သဘောထားကို မသိရှာဘူးလေ ...

အမြဲတမ်း အန်တီစားဖို့ဆိုပြီး အစားအစာတစ်ခုမဟုတ်တစ်ခု ဝယ်ပြီး မေမေ့အနား နေတာလေ ...

ဒါပေမဲ့ ရှေ့မှာတော့ မေမေက ဣန္ဒြေမပျက်အောင်နေပေးတာတော့ ကျေးဇူးတင်ရမှာပေါ့ ...

သူက ဘယ်လောက်ထိ အ,သလဲဆိုရင် မေမေမကြည်တာကို လုံးဝမရိပ်မိဘူး ...

သူဝယ်လာတဲ့ စားစရာတွေဆိုရင် သူ ပြန်သွားတာနဲ့ အမှိုက်ပုံးထဲကို ပုံးဆိုပြီး ခုန်ဝင်ရတော့တာပဲ ညီညီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်တော် ... နှမြေစရာကြီး"

"တစ်ခါတလေများဆို သူဝယ်လာတဲ့ အထဲမှာ ဝက်သား လိပ်တို့ ဝက်သားပေါင်းတို့လည်း ပါသေးတယ်၊ အသီး အနှံတွေဆိုရင်တော့ ကျွန်တော်က မနှမြောပါဘူး၊ အဲဒီ ကျွန်တော် ကြိုက်တဲ့ အစားတွေ ဆိုရင်တော့ နှမြောတာ ပေါ့လေ"

"သူကလည်း အနံတို့ကို အကြောင်းပြုပြီး အစ်ကိုထည် ကြိုက်တာတွေ ဝယ်လာမှာပေါ့၊ ဟုတ်တယ်မို့လား"

"အင်း ... ဟုတ်မှာပေါ့"

"ဒါဆို ... သူက အစ်ကိုထည်ကို ကြိုက်နေလို့ ဖြစ်မှာ ပေါ့"

"ဟုတ်မှာပေါ့"

"ဒါနဲ့များ အစ်ကိုထည်ရယ်၊ ရည်းစားဆိုလည်း ရည်းစား ပေါ့၊ ဟိုဒီညာကွေ့ ပြောနေရသေးတယ်"





"ဘယ်ကသာ ရည်းစားရမှာလဲ၊ ကျွန်တော်ကမှ သူ့ကို မကြိုက်တာ"

"ညီညီတော့ မယုံပါဘူးနော်၊ အစ်ကို့ ကြည့်ရတာ ရည်း စားတွေ အများကြီးရှိမဲ့ပုံပါ၊ ဟုတ်တယ်မို့လား"

"မဟုတ်ရပါဘူးဗျာ၊ ဒါပေမဲ့ မိန်းကလေး သူငယ်ချင်း တွေတော့ အများသားကလား၊ သူတို့က ကြိုက်ရင်တောင် ကျွန်တော်က ပြန်မကြိုက်ရဲဘူးလေ"

"ဘာလို့လဲ"

"ဩော် ... တစ်ယောက်ကို ကြိုက်လိုက်ရင် ကျန်တဲ့ကောင် မလေးတွေက အဆိပ်သောက် သေကုန်ကြမှာပေါ့ ...

အဲဒီတော့မှ လူသတ်မှုနဲ့ ကျွန်တော် ထောင်ကျမှာ"

"ဟင်း ဟင်း ဟင်း လူရှုပ်"

"ကဲပါ ... ခိုင်သွန်း အကြောင်း ပြောနေရင်းနဲ့ ကျွန်တော့် အကြောင်းတွေ ဘယ်လိုရောက်သွားမှန်းတောင် မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်သွန်း အကြောင်းမဟုတ်ပါဘူး၊ ညီညီ အကြောင်းတွေ ပါ"

"အင်းပါ၊ ထားပါတော့၊ ကျွန်တော်က ညီညီ အကြောင်း ကို သိချင်ရာကနေ ခု ခိုင်သွန်း အကြောင်းပါ ပိုပြီးသိ ချင်လာပြီ"

"သိရမှာပါ၊ ခုပြောမဲ့အကြောင်းတွေမှာ ခိုင်သွန်း အကြောင်း ချည်းပဲ၊ ခိုင်သွန်းနဲ့ ပတ်သက်နေတာလေ ...

အဲဒီနေ့က မေလ ၁ ရက်နေ့ပေါ့လေ၊ ခိုင်သွန်းမွေး နေ့ ရောက်ကော ဆိုပါတော့ ...

သူကတော့ ကြိုတင်ဖိတ်ထားတာပါ၊ ဒါပေမဲ့ ညီညီ က ပျင်းပျင်းရှိတာနဲ့ ဘာဆိုဘာအစီအစဉ်မှ မလုပ်ခြင်း ဘူး ...

ဦးမေတို့ သားအမိကတော့ ဆယ်ရက်လောက်တည်း ကပေါ့လေ၊ ကြိုကြိုတင်တင် လုပ်ကြတာပေါ့ ...





ခိုင်သွန်း အတွက်တဲ့ အစ်ကိုရယ်၊ အဲရိုးရှပ်အင်္ကျီ ရယ်၊ ပြီးတော့ Ray Ban မျက်မှန်ရယ် တဲ့လေ၊ နှမြောစရာ ဘယ်လောက်ကောင်းလိုက်သလဲနော် ...

ညီညီကတော့ သူများအတွက် ဒီလောက်အကုန် အကျ မခံနိုင်ပေါင်။ ဝယ်ချင်းဝယ် ကိုယ့်အတွက်ပဲ ဝယ် တော့မပေါ့၊ သူများကိုဆို သဒ္ဓါလည်း မသဒ္ဓါဘူး၊ ရှင်း ရှင်းပဲ ...

ညီညီကတော့ ဘာအစီအစဉ်မှ မရှိတော့ ရှိတဲ့ အဝတ်အစားထဲက ညီညီ ဝတ်နေကျပုံစံအတိုင်း ဂျင်းဘောင်း ဘီနဲ့ စပို့ရှပ်လက်ပြတ်ရယ်၊ ဖိနပ်က အပေါင်း၊ ညီညီ့ ကိုယ်မှာ အသစ်ဆိုလို့ တစ်ခုမှ မရှိဘူး ...

အဲ ... ဦးမေကတော့ ပြောမနေနဲ့ အပျံစား အစ်ကို ရေ့၊ သူက ညီညီတို့လို ဘောင်းဘီတွေ ဘာတွေတော့ အပြင်သွားရင် သိပ်မဝတ်ဘူး၊ ထဘီက အနီရောင်ပိုးပျော့



www.burmeseclassic.com

www.burmeseclassic.com



လေးမှာ အနက်ရောင်နဲ့ ရွှေရောင် အပွင့်လေးတွေက ဖောက်ထားလိုက်သေးတယ် ...

အင်္ကျီကလည်း အနီရောင် ခပ်ဖားဖားလေးနဲ့ မျက်စိထဲကကို မထွက်ဘူး၊ လှလိုက်တာမှ အရမ်းကိုပါပဲ အစ်ကိုရယ် ...

ဦးမေရဲ့ကိုယ်က အရောင်တွေများ တဖိတ်ဖိတ် တောက်နေသလိုလား မှတ်ရတယ် ...

ညီညီ့ကိုယ်ကို ကြည့်လိုက်တော့ စုတ်ပြတ်နေတာပဲ ရှိပုံအတိုင်းပဲ၊ အစ်ကိုသာ မှန်းကြည့်ပေတော့၊ အဲဒါလေ နှစ်ယောက်အတူတူသွားမဲ့ ဥပမိရုပ်နှစ်ခုရဲ့ ကွာခြားချက်တွေပဲလေ ...

ပြီးတော့ သူ့လက်ဆောင်တွေကလည်း အကောင်းစားတွေ၊ သေသေချာချာကို ပက်ကင်ပေပါလှလှလေးနဲ့ ထုတ်ထားတာ ...





ညီညီကျတော့ ပေးစရာကလည်း ဘာမှမရှိဘူး၊ သွားဝယ်ဖို့လည်း အချိန်က မရတော့လို့ ညီညီ အန်ကယ် တစ်ယောက် ပေးထားတဲ့ ဘော(လ်)ပင်လေးကိုပဲ ပက် ကင်ပေပါ အဟောင်းတစ်ခုနဲ့ ကောက်ကက်ထုပ်လိုက်တာ တကယ့် အနူလက်သီးပဲ၊ သူများတွေ မြင်တွေ့ရင် လှောင်နေမှာ စိုးလို့ ညီညီ ဘောင်းဘီအိတ်ထဲမှာပဲ ဖွက်ပြီး ယူခဲ့ရတာ၊ အဲဒီနေ့က ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေဟာ အန်တီမေစီနဲ့ ဦးမေတို့ သားအမိအတွက် ပိုပြီး ကြီးထွားစေတာပေါ့ အစ်ကိုရယ်"

ဦးမေက အပေါ်ထပ်ကနေ ခပ်ကြွကြွလေး ဆင်းလာသည်။

"အဆင်သင့် ဖြစ်ပြီလား ညီညီ၊ သွားကြစို့"

"ငါကဖြင့် စောင့်နေတာ ကြာလှပေါ့"

"ဟင် ... ညီညီ၊ အဝတ်အစား မလဲတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးဟယ် ... ခိုင်သွန်းဆီ သွားမှာကိုများ အဆန်းလုပ်လို့ ...

ဒီမျက်နှာကြီး အမြဲတမ်း ပြင်နေရတဲ့ဟာကိုများ သူ မွေးနေ့လုပ်လို့ ကျွေးတော့လည်း သွားစားလိုက်ရဲ့ ပေါ့ ...

ငါကတော့ ပြင်မနေနိုင်ဘူး ဆရာ၊ အလှပြင်မလာလို့ မကျေနပ်ဘူးဆိုပြီး မောင်းတော့ မထုတ်ပါဘူး"

အလှတွေ အစွမ်းကုန်ပြင်ထားပြီးသော တော်ဦးမ တစ်ယောက် ညီညီဇော်၏ စကားကို ကြားလိုက်ရတော့ ရင်ထဲ အောင့်ခနဲ ဖြစ်သွားသည်။ မျက်နှာကလည်း အတော်လေး ပျက် သွားပါသည်။

"ဟဲ့ ... ငါမှ ထူးထူးခြားခြား ပြင်နေတာ မဟုတ်ဘူး လူတိုင်း ဒီလိုမွေးနေ့ပွဲဆို ပြင်ကြ ဆင်ကြတာ မမွှတာ မပြင်မဆင်ဘဲ သွားတဲ့ နင့်သာ ထူးခြားနေတာလေ ...





နင်က ပိုတောင်ရှက်ရဦးမယ်"

"ဟဲ့ ... ဒီနှစ်ယောက်ဟာလေ၊ သွားမယ်ဆိုလည်း သွားကြ ရောပေါ့"

လူကြီးမို့ ဝင်သာဆုံးမနေရသည်။ ဒေါ်မေစီ တစ် ယောက် ညီညီဇော်ကို ဒီအဆင်အပြင်မျိုးနှင့် မြင်လိုက်ရတော့ အတော်လေး ကျေနပ်သွားပါသည်။

တူမရင်းသာ ဖြစ်သော်လည်း ညီညီဇော်ကို သူ့သမီး တော်ဦးမထက် သာသွားမည်ကို ဒေါ်မေစီ အလွန်စိုးရိမ်ပါ သည်။

ကားက ခိုင်သွန်းအိမ်သို့သာ ရောက်သွားသည်။ သူတို့နှစ်ဦးက စကားတစ်ခွန်းမှ မပြောဖြစ်လိုက်ပါ။

သည်နေရာမှာတော့ ငါးလမျှကြီးသည့် ဂုဏ်ကို ဦးစားပေးသည့် အနေဖြင့် တော်ဦးမကို ရှေ့က အရင်ပေးသွား စေပြီး၊ ညီညီဇော်က နောက်မှ လိုက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်ဦးမေ တစ်ယောက် လက်ဆောင်ထုပ်လေး ပိုက်ကာ ကြော့ကြော့မော့မော့လေး ဝင်သွားပါသည်။

ညီညီဇော်က သူမ၏နောက်မှ ကပ်၍လိုက်ပါလာခဲ့ပါသည်။

အပြင်အဆင် လုံးဝမရှိသလို လက်ထဲတွင်လည်း ဘာလက်ဆောင်ထုပ်မှ မပါ။

ဒီကြားထဲ ရောက်နေနှင့်သော သူငယ်ချင်းများက လည်း တော်ဦးမေကို အရမ်းလှပနေကြောင်း ချီးမွမ်းခန်းဖွင့်ကြပါသည်။

ခိုင်သွန်းက ညီညီဇော့် အနားကို ရောက်လာသည် ထိုအခါမှ ညီညီဇော့်ခမျာ ဘောင်းဘီအိတ်ထဲမှ စုတ်တီးစုတ်ဖြစ် လက်ရာဖြင့် ထုပ်ထားသော အထုပ်လေးကို တိတ်တိတ်လေးထိုး ပေးလိုက်ပါသည်။

"ခိုင်သွန်း ... နင့်အတွက် မွေးနေ့လက်ဆောင် ...





ဘာမှ မလောက်လေး မလောက်စားမို့ လူကြားထဲ ထုပ်ပေးရမှာ အားနာလို့"

"ညီညီကလည်းဟာ၊ နင် ငါ့ကိုခင်ရင် ဒီစကားမျိုးမပြော ပါနဲ့"

အားလုံး နောက်ကြပြောင်ကြနှင့် ခိုင်သွန်း၏ မွေးနေ့ပွဲလေးက ပျော်စရာကောင်းသောပွဲလေး ဖြစ်ပါသည်။

အကုန်လုံး ပျော်နေသည့်ကြားထဲတွင် မပျော်နိုင်သူက တော်ဦးမေ တစ်ယောက်သာ ဖြစ်ပါသည်။

သူ့ကို ကြည့်ရသည်မှာ ခိုင်သွန်းကို သူတစ်ယောက်တည်းနှင့် အတူနေရသည်ကိုသာ နှစ်သက်သည်။

အများသူငါနှင့် ခိုင်သွန်း ပျော်နေသည်ကို သူလုံးဝ မကြည်ဖြူနိုင်တတ်ခြင်းပါ။

အထူးသဖြင့် ခိုင်သွန်းကို ညီညီဇော်နှင့် စကားပြောလျှင် အတူတွဲသွားလျှင် မကျေနပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲလို မကျေနပ်လျှင်လည်း ခိုင်သွန်းကို ညီညီဇော်ထက် သူ့ကို ပိုခင်အောင် လုပ်ပါလား။

ဤသို့လည်း သူ မလုပ်တတ်ပါ။

တကယ်တော့ လူငယ်ပီပီ သွက်သွက်လက်လက်ရှိခြင်း၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိခြင်း၊ ဟာသဉာဏ်ရွှင်ခြင်းစတဲ့ အချက်အလက်တွေ တော်ဦးမေမှာ လုံးဝမရှိပါ။

သူ့မှာမရှိသည့် အချက်အလက်တွေ အားလုံး ညီညီဇော်မှာ ရှိနေသည်မို့ ညီညီဇော်ကိုဆို အားလုံးက ခင်မင်ကြပါသည်။

ဒါကို တော်ဦးမေက လုံးဝမကျေနပ်ပါ။ မကျေနပ်ပေမဲ့ ညီညီဇော်ကို သူ ပစ်ပယ်လို့ မရပါ။

သူ့မဘဝဟာ အမြဲတမ်း ညီညီဇော့် အပေါ် အမှီပြုနေရလို့ရလေ။





သူ့ကို ဘာလေးလုပ်ပေးပါဦး၊ သူ့နောက်ကို ဘာယ်သူက လိုက်နှောင့်ယှက်နေလို့ အတူလိုက်ပေးပါဦး၊ စသဖြင့်အမြဲတမ်း ညီညီဇော် ထံမှ အကူအညီကို သူ တောင်းခံနေရလို့ခဲလေ။

သတ္တိမရှိခြင်းနှင့်အတူ စိတ်ပုပ်ခြင်းပါ ဒွန်တွဲနေသည်မို့ တော်ရုံလူများက တော်ဦးမေကို မေးထူးခေါ်ပြောရုံကလွဲလို့ သိပ်ခင်မင်ရင်းနှီးစွာ မပေါင်းသင်းတတ်ကြပါ။

အားလုံး စားသောက်အပြီးမှာ ခိုင်သွန်းက စက္ကူအိတ်လေးများဖြင့် သေချာစွာ ထည့်ထားသော သူ၏ပန်းချီကားချပ်လေးများကို တစ်ဦးစီအတွက် လက်ဆောင်ပေးခဲ့ပါသည်။

ခိုင်သွန်းက ပန်းချီဆွဲရာတွင်လည်း အလွန်ဝါသနာပါသည့်အလျောက် ပြိုင်ပွဲတွင် ဆုများလည်း ရရှိခဲ့ပါသည်။

ခုလည်း ပန်းချီကားလေးများနှင့်အတူ အိတ်ပေါ်တွင် နာမည်များပါ ရေးထားပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



"မကြိုက်တာရှိရင် ပြောနော်၊ တို့ ပြန်ဆွဲပေးမယ်၊ ဒါ
တို့ရဲ့ အမှတ်တရပေါ့နော်"

ခိုင်သွန်းရဲ့ မွေးနေ့ပွဲလေးက ပြီးဆုံး၍ သွားပါပြီ
အားလုံး နှုတ်ဆက်ကြပြီး ကိုယ့်အိမ်ကိုယ် ပြန်ကြပါတော့သည်

"နင် ပျော်လား ညီညီ"

"ပျော်တာပေါ့ဟ၊ ပျော်ချင်လို့ပဲ ဒီကို လာကြတာမို့လား
နင်ကော"

"အေးပါ၊ ငါလည်း ပျော်ပါတယ် ...

ညီညီ ... နင် ခိုင်သွန်းကို ဘယ်လိုမြင်လဲဟင်"

"ဘယ်လိုမြင်ရမှာလဲ၊ ခိုင်သွန်းကို ခိုင်သွန်းလို့ပဲ မြင်တာ
ပေါ့၊ ခိုင်သွန်းကို ထွန်းထွန်းဝင်းလို့ သွားမြင်လို့ ဖြစ်ပါ
မလား"

"ဟင်း ဟင်း ... နင်ကလည်းဟယ်၊ ငါပြောတာ ခိုင်သွန်း
ကို ဘယ်လိုလူမျိုး ထင်လဲလို့ မေးတာပဲဟာ"





"ဪ ... ဒီလိုလား၊ ခိုင်သွန်းဟာ လူချွန်လူကောင်း
တစ်ယောက်၊ ဟိုဟာယ် ... ကိုအံ့ကြီး ဆိုထားတဲ့ ကစား
ခုန်စား စွမ်းအားဖက်တွင်၊ စံချိန်ရင်ဘောင်တန်းလိုက်လို့
ယှဉ်၊ ခေတ်မီမီ ကမ္ဘာကြီးကြည့်မြင် ..."

"တော်စမ်းပါ ညီညီရယ်၊ ပေါတောတောတွေ၊ ဟုတ်တော့
ဟုတ်တယ်၊ နင်ပြောတဲ့အတိုင်းပဲ၊ ခိုင်သွန်းဟာ တကယ့်
လူတော်လူကောင်း တစ်ယောက်လို့ ဆိုရမှာပဲနော် ...

ငါတို့နဲ့များ အရည်အချင်းချင်း အရမ်းကွာတာပဲ၊
အဲဒါ ဘာလို့လဲ မသိဘူးနော်"

"ရှင်းရှင်းလေးပါ ဦးမေရာ၊ ညံ့လို့ပေါ့"

"ဟုတ်မယ်နော်၊ ငါတို့က အရမ်းညံ့ဖျင်းတာ၊ ဒါတောင်
နင်က တော်ပါသေးတယ် ညီညီရာ"

"ဒါတော့ ဟုတ်တာပေါ့၊ ခိုင်သွန်းထက်စာရင်သာ ညံ့မှာ၊
နင့်ထက်တော့ ငါက အများကြီး သာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီဟာ၊ ငါ့ဘဝနဲ့ ငါ့အနေအထားပဲ ကောင်းပါတယ်၊ မပင်မပန်းဘဲ အေးအေးဆေးဆေး နေရတာ ဘယ်လောက် သက်သာသလဲနော် ...

မဖြစ်ကာမှ နေရောပဲ၊ ငါတော့ အေးအေးချမ်းချမ်းလေးပဲ နေရတာကို ကြိုက်တယ် ညီညီ"

"ငါကတော့ နင့်လိုမဟုတ်ဘူး ဦးမေ၊ ပူပူဆူဆူနဲ့မှ ကြိုက်တာ၊ ဥပမာ ဟင်းအိုးဖြစ်ရင်လည်း ဆူပွက်ပြီး ဆေကျနေမှ ကြိုက်တာမျိုးပေါ့ဟာ"

"အဲဒီတော့ နင် ဘယ်မှာလာပြီး အေးချမ်းမှု ရပါတော့မလဲ"

"အေးလေ ... ငါမှ အေးချမ်းမှုကိုမှ မလိုချင်တာ"

"ဒါတွေ ထားပါတော့၊ ခိုင်သွန်းလို ငါ ပန်းချီဆွဲတတ်ချင်တယ်"

"ဆွဲတတ်ချင် လေ့ကျင့်ပေါ့ဟာ၊ အလွယ်လေးပါ"

"လေ့ကျင့်ရင် တကယ်ဖြစ်မှာလား"





"ဖြစ်မဖြစ် နင် ခိုင်သွန်းကို မေးကြည့်လိုက်လေ"

"အေး ... ငါလည်း ခိုင်သွန်းကို မေးကြည့်မလို့ပဲ၊ တကယ်လို့ သူက အပန်းမကြီးဘူးဆိုရင်တောင် သူ့ကို သင်ခိုင်းရင် ရပါ့မလား မသိဘူးနော်"

"အမယ်လေး ... ဦးမေရယ်၊ ခိုင်သွန်းကြီးများ ရေရေရာရာလုပ်လို့ ...

ဒီမှာ ဦးမေ၊ နင်က သင်ချင်တယ်ဆိုရင်လေ ဟော့ ခိုင်သွန်း၊ ငါ့ကို ပန်းချီလာသင်ပေးစမ်းလို့ လက်ဖျောက်တီးပြီးသာ ခေါ်လိုက်၊ သူလာသင်မှာ သေချာတယ်"

"နင်ပြောသလောက် မလွယ်ဘူး ထင်တယ်နော် ညီညီ၊ ငါ ထင်တာတော့ သူက စာဖတ်စရာရှိသေးလို့၊ ဘတ်စကက်ဘောသင်တန်း သွားစရာရှိလို့နဲ့ ဆိုပြီး ငြင်းမယ် ထင်တာပဲ"



www.burmeseclassic.com

"ရပါတယ်ဟာ၊ ဒါတွေ ခေါက်ထားလိုက်စမ်းပါ၊ ဖြစ်ကို ဖြစ်ပါတယ်"

စကားပြောနေရင်းမှ တော်ဦးမေက ခိုင်သွန်းလက်ဆောင်ပေးလိုက်သော စာအိတ်လေးဆီ မျက်စိရောက်သွားသည်။

"သူငယ်ချင်း တော်ဦးမေအတွက် အမှတ်တရ

ခိုင်သွန်း"

ကြည်နူးစရာ ကောင်းလိုက်တာ၊ ဒါပေမဲ့ ဒီလက်ဆောင်လေးကို ခိုင်သွန်းဟာ သူမ တစ်ယောက်တည်းကိုသာ ပေးမယ်ဆိုရင်တော့ တော်ဦးမေ အတွက် အလွန်အကျွံကောင်းခြင်းပဲပေါ့၊ ခုတော့ လာသူအားလုံးကို ပေးခဲ့တာလေ။

"ဖွင့်ကြည့်ရအောင်နော် ညီညီ"

"သဘောပဲလေ"

"နင်ကော"

"ငါက အိမ်ရောက်မှ ဖွင့်တော့မယ်"





"နေနိုင်တယ်ပေါ့ ဟုတ်လား၊ ငါကတော့ ကြည့်ချင်ပြီ၊ ဖွင့်လိုက်မယ်နော်"

"သဘောပါလို့ ဆိုနေ"

ထိပ်မှ ပိတ်ထားသော နေရာလေးကို မစုတ်မပြဲအောင် တော်ဦးမေက လက်သည်းနှင့် ကုတ်ခြစ်ကာ ခွာလိုက်ပါသည်။

"ဟယ် ... လှလိုက်တာ ညီညီရယ်၊ ခိုင်သွန်းက အရမ်းတော်တာပဲနော်၊ နံနက်ချိန်ခါ မြင်တွင်းတဲ့"

ပန်းချီကားလေး ကြည့်ရတာ ရင်ထဲကို အေးစိမ့်သွားတာပဲ"

"နင်ကတော့ ပိုပြီ"

"နင့်အတွက်တော့ ပိုချင်ပိုမယ်၊ ငါကတော့ ပန်းချီကိုစိတ်ဝင်စားတာဆိုတော့ အရသာလည်း ခံတတ်တယ်၊ ပန်းချီကားနဲ့ ပတ်သက်ပြီး ဝေဖန်သုံးသပ် ခံစားတတ်တယ်၊ ညီညီ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာတော့ ခိုင်သွန်းက နင့်ကို ပန်းချီကား ပေးလိုက်တာဟာ ပိဋကတ်သုံးပုံကို စားနေတဲ့ ခြလိုရှိ ပေါ့ဟယ်၊ အဲလို ဖြစ်နေပြီ၊ ဟင်း ဟင်း ဟင်း”

“သေလိုက်ပါတော့ ညီညီရယ်၊ ဦးမေရဲ့ အလှောင်ကိုမှ ခံလိုက်ရလေခြင်း”

တော်ဦးမေက သူမ၏ ပန်းချီကားလေးပေါ်မှ မျက်စိကို မခွာနိုင်အောင် ဖြစ်နေပါသည်။

“ဦးမေ … ဒီမှာကြည့်စမ်း၊ လိပ်ပြာလေးနှစ်ကောင် – အဲဒါ အထီးနဲ့ အစ်မ သိလား”

“မဟုတ်တာ၊ သူ့ဟာသူ ကြုံရာဆွဲတာ ဖြစ်မှာပေါ့”

“နင်ကြည့်လေ၊ ဒီနှစ်ကောင်ထဲမှာ တစ်ကောင်က အကြီး တစ်ကောင်က နည်းနည်းသေးတယ်၊ ပြီးတော့ အကြီး ကောင်က အရောင်ရင့်တယ်၊ အဲဒါ အထီးဆိုပြီး ရင့်ကျက် တဲ့သဘောဆောင်အောင် ရည်ရွယ်ပြီး ဆွဲထားဟာ –





အသေးက အရောင်လေးက ဖျော့ဖျော့လေးနဲ့ နုနု ဖတ်ဖတ်လေးလေ၊ အဲဒါ အမသဘောဖြစ်အောင် ဆွဲထား တာ …

နင်ဟာလေ ပန်းချီပညာလည်း ဝါသနာပါတယ်၊ သင်ချင်ပါတယ်ဆိုပြီး အခြေခံသဘောလေးလောက်ကို တောင် နားမလည်သေးဘူး …

နောက် ခိုင်သွန်းဆီမှာ ပန်းချီသင်မယ်ဆိုရင် မသင် ခင် ငါ့ဆီမှာ အခြေခံသဘောတရားလေးသိအောင် ရက် သတ္တတစ်ပတ်လောက်တော့ အရင်သင်လိုက်ဦး၊ နင်လည်း သိက္ခာမကျဘူး၊ ပြီးတော့ ခိုင်သွန်းနဲ့သင်တဲ့အခါကျရင် နင့်ဦးနှောက်တွေကလည်း သင်ရင်ဖြစ်ထွန်းမဲ့ အနေအထား ဖြစ်ဖို့ အဆင်သင့် ဖြစ်နေမှာလေ”

“သေလိုက်ပါလား”



www.burmeseclassic.com

www.burmeseclassic.com



"သေလို့ မဖြစ်သေးဘူးဟော့၊ နင့်ကို ငါသင်စရာတွေ အများကြီး ရှိနေသေးလို့ သေလို့ မရသေးဘူး ...

ဦးမေ ... နင့်ကို ခုန လိပ်ပြာအထီးနဲ့ အစ်မတို့ ခွဲခြားသင်ပေးသွားပြီးပြီနော် ...

ခုတစ်ခါ သဘောတရားလေး သင်ပေးလိုက်ဦးမယ်—

ဒီလိပ်ပြာ အပြာရင့်ရောင်မှာ အဖြူအစက်အစက် တွေနဲ့ ခပ်ကြမ်းကြမ်း အကောင်ကြီးက ဘယ်သူလဲ သိလား"

"ဟင့်အင်း ... မသိဘူး"

"အဲဒါ ခိုင်သွန်းလေဟာ"

"ဟင်း ဟင်း ဟင်း၊ နင့်သဘောတရားကလည်း ရယ်စရာ ကြီး"

"ဟောဒီက အဝါရောင်ဖျော့ဖျော့လေးနဲ့ လိပ်ပြာမလေး ကတော့ ဒီက အနီရောင် ကောင်မလေး ဦးမေပဲလေ"





"သွားစမ်း၊ အရူးမ၊ ငါက အကောင်းမှတ်လို့ နားထောင် နေတာ"

"ခုတော့ အကောင်းမဟုတ်ဘူးလား"

"အင်းပါ၊ အကောင်းပဲ ထားလိုက်ပါတော့၊ နင် အရမ်း တော်တာပဲ ဦးမေရယ်၊ နင့်လို ညီအစ်မမျိုး ရထားတာ ငါ ဂုဏ်ယူပါတယ်"

"ယူရမယ်လေ၊ ယူရမယ်ပေါ့"

"နင်ပြောတဲ့ သဘောတရားတွေဆိုတာ အဲဒါမျိုးတွေပေါ့ နော်၊ တကယ်ပါ ညီညီရယ်၊ ငါကလည်း တုံးကိုတုံးအ လွန်းပါတယ် ...

နင်နဲ့ ငါဟာ ညီမတွေတော်ပြီး နင့်လိုမျိုး ငါ့ဦး နှောက်က ဘာလို့ မဖွံ့ထားရတာလဲ မသိဘူးနော်"

"ဦးနှောက်ကို ဖွံ့ထွားအောင် လုပ်တာက လွယ်ပါတယ် ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ညီညီ၊ ဦးနှောက်မွဲ့ထွားအောင် လုပ်လို့ရတယ်၊ ဟုတ်လား"

"နင်ကလည်းဟာ၊ အဖေတစ်ယောက်လုံး ဆရာဝန်လုပ်နေပြီး ဒီလောက်တောင် တုံးရလား"

"ဖေဖေက ငါ့ကို ဦးနှောက်ကောင်းတဲ့ဆေး ရှိတယ်ဆိုတာ ပြောကို မပြောဘူးတာ ...

သူပဲမသိလို့လားတော့ မပြောတတ်ဘူး"

"ဟဲ့ ... ကိုယ့်အဖေကို ဒီလိုမျိုးမပြောရဘူးလေ၊ ပြီးတော့ ငါသိတဲ့ဆေးက အင်္ဂလိပ်ဆေး မဟုတ်ဘူး၊ မြန်မာဆေး ခေါ်မှာပေါ့ဟယ်၊ ဓာတ်စာသဘောပါ၊ လွယ်လွယ်လေး"

"ဒါဖြင့် နင်က အဲဒီဆေးတွေ ခိုးခိုးသောက်နေတာပေါ့၊ ဟုတ်လား ညီညီ ...

ဒါကြောင့် နင် စာမေးပွဲဖြေတိုင်း ငါ့ထက် အမှတ်တွေ သာနေတာကိုး၊ ဟုတ်တယ်မို့လား"





"အေး ... ဟုတ်တယ်"

"ရက်စက်ပါပေ့ ညီညီရယ်၊ နင်နဲ့ ငါနဲ့ဟာ ညီအစ်မတွေ တော်တယ်ဆိုတာကိုမှ သတိရသေးရဲ့လားဟင် ...

နင် အဲဒါတွေသောက်လို့ အမှတ်တွေ အများကြီး ရပြီး အဆင့်ကောင်းကောင်းတွေ ရနေတာဆိုရင်လည်း ငါ့ကိုလည်း ပေးသောက်ပေါ့ဟယ် ...

ငါ တာဏယ်ကို မသိတာ ညီညီရယ်၊ ငါ့ကို အဲဒီ ဆေးနည်းတွေ ပေးနော်"

"ပေးပါ့မယ်ဟယ်၊ နင်ကလည်း တကတည်းမှပဲ၊ ငါက ခုတလော မအားလို့ပါ၊ အားရင် ငါကိုယ်တိုင် စီစဉ်ပေးပါတယ်"

"ရပါတယ်၊ နင် ဆေးနည်းသာပြော၊ ငါ့ဟာငါ လုပ်သောက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညမှသောက်နော်၊ ညတောင်မှ အိပ်ရာဝင်ကာနီးမှသောက်၊ သူ့ကို သောက်ပြီးရင် နင် ဘာမှ ထပ်မစားနဲ့တော့၊ ကြားလား"

"ရေတွေ ဘာတွေတော့ သောက်လို့ရတယ်နော်"

"ရတယ်၊ ရေလည်း ရတယ်၊ အအေးလည်း ရတယ်၊ အင်း ... ကော်ဖီတို့ လက်ဖက်ရည်တို့တော့ မရဘူး၊ ဪ ... နွားနို့လည်း မသောက်နဲ့၊ ကြားလား"

"ကြားပါတယ်၊ အရေးထဲ ဆေးနည်းတောင် မပြောရသေးဘူး၊ ဆေးဆရာ ဖြစ်နေပြီ"

"အိမ်ရောက်မှ ပြောမယ်ဟာ၊ စာရွက်နဲ့ ဘောလ်ပင်လည်း ဆောင်လာခဲ့ဦး"

"အေး ... အေး"

အိမ်ရောက်လို့ ညီညီဖော် အဝတ်အစားလဲပြီးရုံ ရှိသေးသည်၊ အခန်းတံခါးခေါက်သံကို ကြားရပါတော့သည်။





"ဒေါက် ... ဒေါက်"

"ဘယ်သူလဲ"

"ငါပါ ... ဦးမေပါ"

"ဝင်လာခဲ့၊ ငါ ဖွင့်ထားတယ်"

ခုနေမှာတော့ ညီညီဖော် တစ်ယောက် တော်ဦးမေကို ကောင်းကောင်းကြီး နိုင်ထားပါသည်။

"နင်ကလည်းဟယ်၊ လောကြီးလိုက်တာ၊ ဖြည်းဖြည်းမှ လုပ်လည်း ရတာပဲဟာ၊ ငါက ထွက်ပြေးမှာမှ မဟုတ်တာ"

"မဟုတ်ဘူးလေဟာ၊ တော်ကြာ နင်ပြောတဲ့ပစ္စည်းက မရှိရင် အချိန်ရှိတုန်းလေး ဝယ်ခိုင်းထားရတာပေါ့"

"ရှိပါတယ်၊ မရှိတဲ့ဟာဆိုရင် နင့်တောင် ပြောနေစရာ မလိုပါဘူး၊ ငါ ကြိုသတိပေးမှာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ကဲ ... နင် မှတ်ထားလိုက် ...

ကြက်ဥ၊ နမ်းဆီ၊ သကြားဇွန်းသေးတစ်ဇွန်း၊ ဆား မကျည်းစေ့ခန့်၊ ငါအခုပြောတာတွေက တစ်ခွက်စာနော်၊ ငရုတ်ကောင်းမှုန့် သာမန်စိပ်ပုတီးလုံးခန့်၊ သံပရာသီးလေး ပုံတစ်ပုံ၊ သံပရာစေ့ နှစ်စေ့၊ နှစ်စေ့ထက် မပိုစေနဲ့၊ ပျား ရည် လက်ဖက်ရည်ဇွန်းသေးတစ်ဇွန်း၊ မှတ်ရန် ပျားရည်ကို နောက်ဆုံးမှထည့်၊ အားလုံးကို ဇွန်းနှင့်မမွှေရ ...

နေဦး ... နေဦး ... ငါ ရေကြည့်လိုက်ဦးမယ်၊ နင့် စာရွက် ခဏပေး"

ညီညီဖော် ပြောသည်များကို တော်ဦးမေက သေ သေချာချာ စနစ်တကျလေးကို ရေးမှတ်ထားပါသည်။

"အားလုံး ရှစ်မျိုးနော်၊ ဒါဆို ဟုတ်ပြီ၊ ငါ ဖျော်ပုံဖျော် နည်း ပြောပြမယ် ...





ကြက်ဥကို ပထမဦးဆုံး အရင်ဖောက်လိုက်၊ မပျက် စေနဲ့နော်၊ ပျက်သွားရင်တော့ ပစ်ပလိုက်တော့၊ ပစ်တော့ မပစ်နဲ့ပေါ့ဟယ်၊ ဒေါ်ဒေါ်တင်ကြီး နောက်နေ့သုံးစရာရှိ တာ သုံးရအောင် ရေခဲသေတ္တာထဲမှာပဲ ဒီအတိုင်း ခွက် လေးနဲ့ ထားလိုက် ...

ငါပြောတာ နင့်ဆေးအတွက် အသုံးမကျတော့တာ ကို ပြောတာပါ ...

နောက်တစ်လုံးထပ်ဖောက်၊ အကောင်းမရမချင်း ဖောက်၊ ဘာလို့လဲဆိုတော့ ငါတို့က အနှစ်ကလေး သက် သက်ပဲ ယူမှာလေ ...

ဒီနေရာမှာတော့ အကာက လုံးဝအသုံးမကျဘူး၊ သူ့ ပါရင်တောင် အနှောင့်အယှက်ဖြစ်ပြီး ဆေးဓာတ်တောင် ပျက်ပျက်သွားနိုင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ပန်းကန်ထဲက ကြက်ဥအနှစ်ကလေးကို အသာလေးဆယ်ယူလိုက် ...

လက်သုံးချောင်းနဲ့ အသာလေးကျော့ပြီး ဆယ်ယူရင် ရတယ် သိလား ...

နင် မလုပ်တတ်ရင် ငါ့ကို လာလုပ်ခိုင်းလေ၊ ကြားလား"

"ရပါတယ်၊ အဲလောက်တော့ ငါ လုပ်တတ်ပါတယ်"

"အဲဒီ အနှစ်လေးပေါ်မှာ နမ်းဆီ ဇွန်းသေးလေးနဲ့ တစ်ဇွန်း အသာလေး ဖျန်းလိုက်၊ နမ်းဆီနဲ့ ပဲဆီ မှားမယ်နော် ...

ဘူးအကြီးကြီးနဲ့ ထည့်ထားတဲ့ဆီကို မသုံးနဲ့၊ အဲဒါ ပဲဆီတွေ ...

ငါပြောတဲ့ နမ်းဆီက ပုလင်းပိန်ပိန်ရှည်ရှည်လေးနဲ့ သိသာပါတယ်ဟာ၊ အဖုံးကအနီရောင်၊ အဲဒါ နမ်းဆီအစစ်ပဲ၊ ပြီးတော့မှ သကြားဇွန်းသေးနဲ့ တစ်ဇွန်းကို အနှစ်ပေါ်မှာ





ဖြူးလိုက်၊ ပြီးတော့ ငါပြောထားတဲ့ ငရုတ်ကောင်းတို့ ဘာတို့ သူ့အချိုးအစားအတိုင်း ထည့်လိုက်၊ သံပရာစေ့ နှစ်စေ့လည်း ထည့်နော်၊ ဘာမှမကြောက်နဲ့၊ အဲဒီ အစေ့က မျိုချလိုက်တာနဲ့ လျှောခနဲ ကျသွားတာ ငါ့ ကိုယ်တွေ့ပဲ"

"အဲဒါကို အားလုံး ရောခေါက်လိုက်ရမှာလား"

"ခေါက်စရာ မလိုဘူးလေ၊ ပါးစပ်ထဲ ဒီအတိုင်းလေး လောင်းထည့်လိုက်၊ အဝင်သိပ်မဆိုးပါဘူး၊ နင် ကြောက်တတ်ရင်တော့ နှာခေါင်းကိုပိတ်ပြီး သောက်လိုက်၊ ပိုပြီး အဆင်ပြေလိမ့်မယ်"

"နင်ဟာလေ ... လူက ငယ်သလောက် ဗဟုသုတ်ကတော့ မသေးပါလား"

"ကဲပါ၊ ပြီးရင်လည်း သွားတော့၊ ငါ ရေချိုးလိုက်ဦးမယ်၊ ဒီနေ့ည ငါ ထမင်းမစားတော့ဘူးလို့ ကြီးကြီးတင်ကို ပြောလိုက်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး … ငါလည်း မစားတော့ဘူး၊ ငါလည်း ခိုင်သွန်း ထည့်ပေးလို့ အားနာနာနဲ့သာ စားရတာ ဗိုက်ကို တင်းနေတာပဲ …

ဒါဖြင့် ငါသွားတော့မယ်၊ ဪ … နင့်အိတ်ကော မဖောက်သေးဘူးလား"

"မဖောက်အားသေးဘူးဟာ၊ မောရတဲ့ကြားထဲ၊ နောက်မှ ဖောက်တော့မယ်"

တော်ဦးမေ အခန်းထဲက ထွက်သွားမှ ညီညီဇော် တစ်ယောက် ခြေပစ်လက်ပစ် ကုတင်ပေါ် လှဲချလိုက်ပါတော့သည်။

စိတ်ကော လူကော ပင်ပန်းလာလို့လားတော့ မသိ၊ ညီညီဇော် တစ်ယောက် မေးခနဲ့ အိပ်ပျော်သွားပါသည်။ တစ်ရေး နိုးတော့ အချိန်က ညကိုးနာရီပင် ထိုးနေပါပြီ။





ဗိုက်ထဲက နည်းနည်းဆာသလိုလို ရှိလာသည်မို့ မီးဖိုခန်းထဲဝင်ပြီး တစ်ခုခု စားစရာရှာလိုက်မည်ဟု အတွေးဖြင့် လာခဲ့ပါသည်။

မီးဖိုခန်းထဲတွင် မီးလင်းနေပါသည်။ လှမ်းနေသော ခြေလှမ်းများက တစ်စုံတစ်ရာသော မြင်ကွင်းကြောင့် နောက်သို့ တစ်လှမ်းဆုတ်သွားပါသည်။ နောက်နှစ်လှမ်းဆုတ်၊ နောက်တော့ တစ်ကိုယ်လုံး ဗီရိုကြီးကိုကွယ်ပြီး ပုန်းပြီးသား ဖြစ်သွားပါသည်။

တော်ဦးမေကို တစ်ယောက်တည်း သနားစဖွယ် တွေ့လိုက်ရပါသည်။

မဟုတ်မှသာလွဲရော တော်ဦးမေ ညနေက သူပြော လိုက်သည့်ဆေးကို ဖော်စပ်နေတာပဲ ဖြစ်မည်။

"ဦးမေ … အဆင်ပြေရဲ့လား"

"လန့်လိုက်တာ ညီညီရယ်၊ နင်ကလည်း အသံမပေး ဘာ မပေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါက နင် အဆင်မှ ပြေရဲ့လားလို့ လာကြည့်တာပါ၏
မှန်စမ်း၊ အားလုံး စပ်ပြီးသွားပြီလား"

"ပြီးတော့ ပြီးသွားပြီ၊ ဒါပေမဲ့ သောက်ရမှာတော့ ကြောက်
စရာကြီးနော်၊ အော်ကလီဆန်နီမဲ့ပုံပဲ"

သူမကို ဆေးသောက်ရမှာ ကြောက်သည့်ပုံလေး
လုပ်ပြနေသော တော်ဦးမေကို ညီညီ သနားသွားပါသည်။

သူ့ခမျာ အားကိုးတကြီးနှင့် ညီညီဖော် ပြောသည့်
အတိုင်း ဖျော်ထားလိုက်တာ သံပရာစေ့လေးနှစ်စေ့ကပါ ကြက်ဥ
၏အနှစ်ပေါ်တွင် ထီးထီးလေး ရှိနေပါသည်။

ဒါတွေကိုသာ တော်ဦးမေ သောက်လိုက်ပါလျှင်
အော်ကလီဆန်လန်ပြန်သွားနိုင်သည်လေ။

"သောက်လို့ ဖြစ်ပါ့မလား ညီညီရယ်၊ ငါ ကြောက်တယ်"

"အေး ... ငါလည်း သောက်တုန်းကတော့ သောက်ခဲ့တာ
ပဲ၊ အရသာကတော့ အတော်ဆိုးသားကလား၊ လူကို





တာ မျော့မျော့လေး ဖြစ်သွားတာ၊ သုံးရက်လောက်ကို
ခံစားလိုက်ရတယ်"

"ဒါဆို ဖြစ်မယ်မထင်ပါဘူး ညီညီရယ်၊ နောက်တော့မှ
သောက်တော့မယ်နော်၊ ဒါတွေတော့ ပစ်လိုက်တော့မယ်"

"အေးလေ ... နင် သောက်ရမှာ ကြောက်တာကိုတော့ ငါ
အတင်းမတိုက်တွန်းချင်တော့ပါဘူး၊ သွား ... သွား ... နင်
အိပ်ချင်အိပ်တော့၊ ဒီခွက်ကိုသွန်ပြီး ငါပဲ ဆေးထားလိုက်
မယ်"

ကိုယ့်ဟာနှင့်ကိုယ် မဟုတ်တရုတ်တွေ လျှောက်
ပြောခဲ့ပြီး တကယ်တမ်းကျတော့ တော်ဦးမေကို သူ သနားသွားပါ
သည်။

တော်ဦးမေ လက်ထဲမှ ဖျော်ထားသည့် ခွက်လေး
ကိုယူကာ ဘေစင်ထဲသို့ သွန်ချလိုက်ပါသည်။ ပြီးတော့မှ ခွက်လေး
ကို ဆေးကာ သိမ်းလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းလို့ ကျောင်းသွားတော့မှပဲ သူနဲ့ ဦးမေ ဆုံဖြစ်ခဲ့ကြပါသည်။

နှစ်ယောက်စလုံးက UFLတွင် တက်ကြရာ ညီညီဇော်က အင်္ဂလိပ်စာဘာသာတွဲနှင့် တက်ရပြီး တော်ဦးမေက ကိုရီးယားဘာသာတွဲနှင့် တက်ခဲ့ရသည်။

"ညီညီ ... နင့်ကို ဆေးတွေမေးပြီးကာမှ ငါ မသောက်ရဲတာကို စိတ်ဆိုးလားဟင်"

"ဘာလို့ ဆိုးရမှာလဲ၊ နင်က သောက်ချင်တယ်ဆိုလို့သာ ငါ ပြောရတာ၊ တကယ်တော့ အဲဒီဆေးက အဝင်ဆိုးသား တစ်ရက်သောက်ပြီးတာနဲ့ နောက်သောက်ဖို့ စိတ်ကိုမကျ ရဲတော့ဘူး"

"ဒါနဲ့များ အစကတော့ နင်က အဝင်မဆိုးပါဘူးဆို"

"နင့်ကို အားပေးတာပါဟယ်၊ ဒါတွေ ထားလိုက်ပါတော့ ဟိုမှာ ကားအဆင်သင့် ဖြစ်နေပြီ သွားကြစို့"





"ညီညီ"

"ဟင်"

"နင့်ပုံလေး ကြည့်ပြီးပြီလား"

"ဟင့်အင်း ... ငါမှ မအားသေးတာ၊ မနေ့က ရောက်ရောက်ချင်း အိပ်ပျော်သွားတယ်၊ နောက် ဗိုက်ဆာလို့ ထလာတော့ နင်နဲ့တွေ့တယ် ...

ထမင်းတစ်ပန်းကန် စားပြီးတော့ ပြန်အိပ်သွားတယ်...

ပြီးတော့ မိုးလင်းအိပ်ရာကနိုးတော့ ကျောင်းသွားဖို့ ပြင်ဆင်ရတယ် ...

ဘယ်မှာလဲ ဖောက်ကြည့်ချိန်"

"ဒါတော့ ပိုလွန်းပါတယ်ဟာ၊ အချိန်ဆိုတာ ယူတတ်ရင် ရပါတယ်၊ ဒါဆို ညနေကျောင်းကပြန်မှ ဖောက်ပေါ့နော်"

"အေးပါ၊ ခုလည်း ကျောင်းသွားတော့မဲ့ဟာ၊ ဖောက်လို့ မရသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင်ဖောက်ရင် ငါ့ကိုပါ ခေါ်နော်၊ ငါလည်း ကြည့်ချင်လို့၊ တူတူဖောက်မယ်နော်"

"နင်မို့လို့ ဒီပုံတွေ စိတ်ဝင်စားတယ် ဦးမေရယ်၊ ဒီမှာ ငါကတော့ ဖောက်ဖို့ စိတ်မဝင်စားဘူး၊ နင် သိပ်ကြည့်ချင်လှချည်ရဲ့ ဆိုရင်တော့ ငါ့ကို မေးမနေနဲ့တော့၊ နင့်သဘောနဲ့နင် ဖောက်သာကြည့်လိုက်တော့၊ ငါ ခွင့်ပြုတယ်"

"မလိုပါဘူး၊ ကြည့်ရင် နင်နဲ့မှ တူတူကြည့်မှာပေါ့"

ဒီလိုတော့လည်း သူတို့ညီအစ်မနှစ်ဦးက တည့်ကြပါသည်။ များသောအားဖြင့်တော့ ဒေါ်မေစီတော် ဝင်ရှုပ်လို့ပဲဖြစ်ဖြစ်၊ ခိုင်သွန်းနှင့် ပတ်သက်၍ပဲဖြစ်ဖြစ်၊ တစ်ခါတစ်ခါ စကားများ၊ စိတ်ကောက်တာတ်သည်တော့ ရှိသည်ပေါ့လေ။

ကျောင်းဆင်းလို့ အိမ်ပြန်ရောက်ပြီး မကြာခင် တော်ဦးမေ ညီညီဖော် အခန်းကို ရောက်လာပါသည်။





"ကဲ ... ကဲ ... မယ်မင်းကြီးမရေ၊ ဒီလောက် ဖွင့်ချင်ရင် ယူသာဖွင့်လိုက်ပါတော့"

တော်ဦးမေက သူမ၏ လက်ချောင်းသွယ်သွယ်လေးများနှင့် စက္ကူအိတ်လေးကို ဖွင့်လိုက်ပါသည်။

ထွက်လာသော ပန်းချီကားကိုကြည့်ပြီး နှစ်ယောက်သား အံ့ဩတကြီး ဖြစ်ရသည်နှင့်အညီ ငြိမ်သက်လို့ သွားကြပါသည်။

"ညီညီ ... ဒါ နင့်ပုံမို့လား"

"အေး ... ဟုတ်မယ် ထင်တာပဲ"

"ဒီလောက် တူနေတာကိုများဟယ်။ နင့်ပုံ မဟုတ်လို့ ဘယ်သူ့ပုံ ဖြစ်ရဦးမှာတုန်း"

"ညီညီ"

"ဟင်"

"နင့်ဓာတ်ပုံ သူ့ကို ပေးထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြဲကြီးစည်ရာဟယ်၊ ဘာလို့ ပေးရမှာလဲ"

"မဟုတ်ဘူးလေ၊ နင်ကပေးတာ မဟုတ်ဘဲ၊ သူက နင့်

ဆီက ဓာတ်ပုံတောင်းဖူးတာလားလို့ ငါမေးတာ"

"သူလည်း မတောင်းဖူးဘူး၊ ငါလည်း မပေးဖူးဘူး"

ညီအစ်မနှစ်ယောက် ကောင်းမိကောင်းရာ စကား

တွေပြော၊ အရွှန်းတွေ ဖောက်နေရာက တော်ဦးမေ၏ရှပ်

အလိုလို ပျက်လာပါတော့သည်။

"ငါကြတော့ ငါ့ပုံကို ဘာလို့ မဆွဲပေးတာလဲ မသိဘူးနော်"

"ဩော် ... ခိုင်သွန်းက ကြုံရာဆွဲလိုက်တာ ဖြစ်မှာပေါ့

ဟာ၊ သူ့မှာလည်း ကြည့်ပါဦး၊ ဆွဲလိုက်ရတဲ့ပုံတွေ

မနည်းတာ ...

အဲ ... ငါ့ပုံကိုဆွဲတာကတော့ ငါ့ကို တမင်စချင်လို့

ပဲ ဖြစ်မယ်၊ အစတုန်းကတော့ ပစ်စလက်ခတ်ဆွဲပြီး ငါ့

ကို စ,မလို့ ရည်ရွယ်မှာပါ၊ ဒီကောင့်အကြောင်း ငါ သိ

တယ် ...





ဒါပေမဲ့ ဆွဲရင်းနဲ့ ပုံကအဆင်ပြေသွားတာ ဖြစ်မှာ

ပေါ့ ...

ငါ့ပုံက ဆွဲလို့လွယ်လို့ နေမှာပေါ့၊ ဘောင်းဘီရယ်၊

တီရှပ်ရယ်၊ ပြီးတော့ ဝေါ့ကင်းရှူးလေး ဆွဲလိုက်။ ဦးထုပ်

လေးဆွဲလိုက်၊ အဲဒီလောက်ဆို ငါ့ပုံ ပေါ်သွားပြီလေ ...

နင့်ပုံကတော့ ဆွဲရခက်မှာ သေချာတယ်၊ ဆံပင်

ပုံစံကလည်း စတက်ပ်လေးတွေနဲ့ ဆိုတော့ ဆွဲရတာ

လက်ဝင်မယ်၊ ပြီးတော့ နင့်ရဲ့မျက်လုံးလေးတွေ၊ နှုတ်ခမ်း

လေးတွေက ... အိုဟယ် ... ဟိုသီချင်းလေ ... ဘယ်ပန်းချီ

ရေးလို့မမီ ... ဘယ်ပန်းချီ ရေးလို့မမီ ...

အဲဒီလို အဲဒီလို တူအောင်ဆွဲဖို့ရာ ခက်လို့ဖြစ်မှာ

ပေါ့၊ ပြီးတော့ နင့်ရဲ့ ကြော့ရှင်းနေတဲ့ ကိုယ်လုံးလေးကို

ကောက်ကြောင်းဖော်ဖို့ရာ သူ မနိုင်လို့ ဖြစ်မှာပေါ့ ဦးမေ

ရာ"



www.burmeseclassic.com

ဒီတစ်ခါတော့ ညီညီဇော် တစ်ယောက် တော်ဦးမေကို စိတ်ပြေရာပြေကြောင်း ဘယ်လိုပဲပြောပြော တော်ဦးမေကတော့ စိတ်ပြောင်းမလာတော့ပါ။

သူမ၏စိတ်ထဲမှာ ခိုင်သွန်း တစ်ယောက် ညီညီဇော်ကို စွဲလမ်းနေလို့သာ ဒီပုံကို ဆွဲရတာပဲ ဖြစ်မယ်လို့ ယုံကြည်လိုက်တော့ပါတော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထင်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ခိုင်သွန်း တစ်ယောက် အိမ်ကို ရောက်လာပါသည်။ ညီညီဇော်ကော၊ တော်ဦးမေပါ နှစ်ယောက်စလုံးရှိ၍ တော်ပါသေးသည်။

နို့မို့ဆို ခိုင်သွန်းကို ညီညီဇော် တစ်ယောက်တည်း ညှို့ခံနေလျှင် တော်ဦးမေ မကျေမနပ်ဖြစ်မှာ သေချာသည်။

"ငါပေးတဲ့ပုံတွေ ကြိုက်လား ညီညီ"

"ကြိုက်ပါတယ်၊ နင်က ပုံဆွဲအရမ်းကောင်းတာပဲနော်၊ ဦးမေတောင် နင်နဲ့ ပန်းချီသင်ချင်လို့တဲ့၊ ဟုတ်တယ်မို့လား ဦးမေ"

www.burmeseclassic.com



"ခိုင်သွန်း အားမှပါ"

"ဟဲ့ ... သင်ချင်တယ် ဆိုရင်လည်း တစ်ခါတည်းပြောလိုက်ရှလေ ဦးမေရယ်၊ နင် သင်ချင်တယ်ဆိုလို့ ငါက စကားလမ်းကြောင်းလည်း ပေးရသေးတယ်၊ နင့်ကျတော့ ခိုင်သွန်းအားမှပါတဲ့။ အဲဒါ ဘာစကားကြီးလဲ"

"ခိုင်သွန်း"

"ဘာလဲ"

"နင် ဦးမေကို သင်ပေးမယ်မို့လား"

"ဦးမေ သင်ချင်ရင် ငါ သင်ပေးမှာပေါ့"

"ကဲ ... ငါမပြောလား ဦးမေရဲ့၊ ခိုင်သွန်းက သင်ပေးမှာပါ ဆိုတာလေ ...

ခိုင်သွန်း ... နင် စိတ်မဆိုးနဲ့နော်၊ နင့်မွေးနေ့တုန်းက ပြောခဲ့တယ်မို့လား၊ ပုံတွေ မကြိုက်တာရှိရင် နင်ပြန်ဆွဲပေးမယ် ဆိုတာလေ"





"ဟုတ်တယ်လေ ... ငါ ပြောခဲ့သားပဲ"

"အင်း ... ဦးမေကဟယ်၊ သူ့ပုံကို ကြိုက်တော့ ကြိုက်ပါတယ်တဲ့၊ ဒါပေမဲ့ ငါ့ကို ပေးသလိုမျိုးပေါ့ဟယ်၊ သူ့ရဲ့ ပုံတူပန်းချီကားလေးကိုလည်း လိုချင်လို့တဲ့ဟယ်၊ အဲဒါ နင် ဆွဲပေးလိုက်ပါဟယ်"

"ဒါလေးများ ဦးမေရယ်၊ လိုချင်ရင် ငါဆွဲပေးမှာပေါ့၊ နင့်ဟာက ကြားကနေ ရှေ့နေတွေ ဘာတွေငှားပြီးမှ ပြောရတယ်လို့"

"ဘာ ... ဘာပြောတယ် ခိုင်သွန်း၊ ငါ့ကို နင်က အဲလိုပြောတယ်၊ ဟုတ်လား။ ဒီမှာ ငါမပြောရင် အဲဒီကမချွေချောက သူ့ဟာသူလည်း မပြောဘဲ စိတ်ကောက်လွန်းလို့ ကြားက ပြောပေးရတာပါနော် ...

ရတယ် ... နောက်ဆို နင်တို့ဟာနင်တို့ပဲ ပြောကြတော့ ငါ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးဆိုးဖြင့် ခိုင်သွန်းနှင့် တော်ဦးမေတို့ နှစ်ယောက်ကို ထားခဲ့ကာ ညီညီဖော် အပေါ်ထပ်သို့ တက်သွားပါတော့သည်။

ခိုင်သွန်းနှင့် သမီးဖြစ်သူကို နှစ်ယောက်တည်း တွေ့လိုက်ရသဖြင့် ဒေါ်မေစီ အလွန်ကျေနပ်မိပါသည်။

သူမ မြင်ချင်သည့် မြင်ကွင်းက သည်မြင်ကွင်းမျိုးသာ ဖြစ်သည်။

သမီးဖြစ်သူနှင့် ခိုင်သွန်း၏ကြားတွင် ညီညီဖော်ကို အမြဲတမ်း ဝင်ရှုပ်တတ်သည့် အရှုပ်တော်ပုံမလေးဟုလည်း သူမ ထင်တတ်ပါသည်။

၆ ၆ ၆

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"ဟယ်"

ညီညီဖော် တစ်ယောက် ခိုင်သွန်း ဆွဲပေးထားသော သူမ၏ပုံလေးမှာ ရေစီးကြောင်းများနှင့်အတူ ဆေးများကွက်တိကွက်ကြားဖြစ်ကာ ပျက်စီးနေသည်ကို တွေ့လိုက်ရပါသည်။

ဒါ ဘယ်သူ့လက်ချက်လဲ မသိဘူး။

"ဦးမေ ... ဒါ နင်လုပ်တာလား"

"ငါက နင့်ပုံကို ဘာလို့ လုပ်ရမှာလဲ၊ အေးမေ လုပ်တာ ဖြစ်ချင် ဖြစ်မှာပေါ့"

"မဟုတ်ဘူး၊ နင်ပဲ ဖြစ်မှာပဲ၊ နင်မှ မလုပ်ရင် ဘယ်သူမှ မလုပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ညီညီ၊ နင်ဟာလေ တရားလွန်လာပြီနော်၊ နင့်ပုံကို ဘယ်သူကမှ လက်ဖျားနဲ့တောင် မထိဘူး၊ ငါကလူကြီးမို့ အစစအရာရာ ဝင်မပြောချင်လို့ ကြည့်နေတာ ...

နင် ဦးမေကို ဘာမှ ဆွဲထည့်နေစရာ မလိုဘူး"

"ဒါဆို အန်တီမေစီ လုပ်တာပဲ ဖြစ်မယ်"

"ညီညီ ... ငါ မေမေ မရှိတုန်း နင်နဲ့ ရန်မဖြစ်ချင်ဘူးနော်၊ နင်ဟာလေ လူလေးက လက်တောက်လောက်နဲ့ အရမ်းကို မိုက်ရိုင်းတယ်"

"မိုက်ရိုင်းအောင် အန်တီမေစီ လုပ်တာလေ"

"တော်ပြီ ... တော်ပြီ၊ ငါ ညည်းကို ကြောက်ပါပြီအေ၊ ညည်းဟာလေ ပြောဆိုဆုံးမမဲ့သူ မရှိလို့ထင်ပါရဲ့ အရမ်းကို မိုက်ရိုင်းလွန်းအား ကြီးတယ်၊ နောက်ဆို ညည်းနဲ့ အဝေးဆုံးမှာပဲ နေပါရစေတော့နော်"





ပြောပြောဆိုဆို ဒေါ်မေစီတော် တစ်ယောက် အပေါ်ထပ်သို့ ခြေသံတဒုန်းဒုန်းမြည်အောင် ဆောင့်နင်းပြီး တက်သွားပါတော့သည်။

"အဲဒါပဲ အစ်ကိုထည်ရယ်၊ ဒါတွေဟာ ညီညီ ဆင်းလာတဲ့ အဓိက အကြောင်းတွေပါပဲ ...

အိမ်မှာ လူကြီးရယ်လို့ အန်တီမေစီတစ်ယောက်ပဲ ရှိတာမို့လား၊ အဘွားသာရှိနေရင် ညီညီ လုံးဝ မမှုဘူး ...

ခုတော့ သူတို့ မျက်နှာကိုလည်း ညီညီ မကြည့်ချင်ဘူး၊ သူတို့ အငြိုအစူကိုလည်း ညီညီ မခံချင်ဘူး ...

ညီညီ ဆိုးတာလည်း ပါတော့ ပါတာပေါ့လေ၊ အမြဲတမ်း သူတို့ဆို ညီညီ ဘယ်တော့မှ ငုံ့ခံခဲ့တာ မဟုတ်ဘူး ...

တစ်နည်းအားဖြင့် ညီညီရဲ့ သဘောအရ ပြဿနာကို ပိုမိုကြီးထွားစေချင်တာလည်း ပါတာပေါ့လေ ...



www.burmeseclassic.com

www.burmeseclassic.com



အဘွားသာ ပြန်လာလို့ကတော့ သူတို့သားအမိ မလွယ်ဘူးပဲ ...

ဦးမေကတော့ သိပ်အပြစ်မရှိရှာပါဘူးလေ၊ အမိကက တော့ အနှိတ်မစီပါပဲ"

"သူတို့က ညီညီ့ကို လိုက်မရှာကြဘူးလား"

"အစ်ကိုထည်ရယ်၊ ညီညီ ဘယ်မှာရှိတယ်ဆိုတာ သူတို့ သိတာပေါ့၊ ဒါပေမဲ့ ညီညီ့ကို ဘယ်ခေါ်လိမ့်မလဲ"

"အဘွား လာရင်ကော ညီညီ ပြန်လိုက်သွားမှာလား"

"ဒါကတော့ လိုက်သွားရမှာပေါ့၊ ခုလည်း ညီညီ အပြီး ထွက်လာတာ မဟုတ်ပါဘူး၊ ဘယ် ဒီအသက်ဒီအရွယ် လေးနဲ့ ကိုယ့်ဘဝကိုယ် ဘယ်လိုလုပ် ကျောင်းလို့ရမှာလဲ၊ ဟုတ်ဘူးလား အစ်ကိုထည် ...

အစ်ကိုထည်လည်း အိမ်က လာခေါ်ရင် လိုက်ရမှာပဲ မို့လား"





"ညီညီဟာလေ စကားတွေ အရမ်းတတ်သလို သိပ်ဆိုးတဲ့ ကောင်မလေးပဲနော်"

"ဆိုးတယ်၊ ဆိုးတာတော့ ညီညီကိုယ့်ညီညီလည်း သိနေ တာပဲ"

"လိမ္မာပါ ညီညီရယ်"

"အစ်ကိုထည်လည်း လိမ္မာပါနော် ဟင်း ဟင်း"

ဇာတ်လမ်းလေး ပြီးဆုံးသွားပြီမို့ အပြန်ခရီးမှာ အတိပေးထားသည့်အတိုင်း ညီညီ့ဇော်ကို ဟမ်ဘာဂါ လိုက်ကျွေး ပြီး လမ်းခွဲခဲ့ရပါသည်။

၉ ၉ ၉

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com









အဘွား ပြန်ရောက်လာရင်တော့ သူ့ကို ချက်ချင်း ခေါ်မှာပါ။

ဒီအချိန်မှာ အစ်ကိုထည်ကိုလည်း သူ့အိမ်က လာခေါ်ရင်တော့ အကောင်းသား ...

နို့မို့ဆို သူ အစ်ကိုထည့်ကို တစ်ယောက်တည်း ထားခဲ့ကာ မသွားရက်ပါ။

ဘဝတူချင်းမို့ သူ အစ်ကိုထည်ကို ခင်သည်။ အားကိုးသည်။ အစ်ကိုထည်နဲ့ လျှောက်လည်နေရသည်ကို သူ ပျော်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အကြောင်းတစ်ယောက် ပြောနေရသည်ကို သူ ကျေနပ်မိပါသည်။

သူ ပြန်သွားလျှင် အစ်ကိုထည် တစ်ယောက်တည်း အရမ်းကို အထီးကျန်နေတော့မှာ ...

ခုနေမှာတော့ သူမဟာ အစ်ကိုထည်နဲ့ ခက်ခဲတဲ့ လမ်းတွေကိုလည်း လျှောက်ခဲ့ပြီးပြီ။

ပျော်ရွှင်ကြည်နူးစရာ နေ့ရက်လေးတွေနဲ့လည်း ကြုံဆုံခဲ့ပြီးပြီ။

သူမ အစ်ကိုထည်ကို အရမ်းအရမ်းကို ခင်မိသွားပါပြီ။

ခုတော့ အစ်ကိုထည်ကို သူမ ခိုင်သွန်းလို ခင်မင်လို့ ရသွားပါပြီ။

အဘွားနဲ့ ခွဲခွာနေရစဉ်မှာ သူ့အတွက် ဖြေသိမ့်ပေးနိုင်တဲ့ တစ်ဦးတည်းသော စွမ်းဆောင်ရှင်ဟာ အစ်ကိုထည်ပါပဲလေ။





အစ်ကိုထည့်အကြောင်း စဉ်းစားရင်းနှင့် အိပ်ပျော်သွားလိုက်တာ မိုးစင်စင်လင်းတော့မှပဲ နိုးလာပါတော့သည်။

ဒီနေ့ စောစောစီးစီး အစ်ကိုထည်နှင့် ချိန်းထားကာမှ သူမက နောက်ကျနေသည်လေ။

ဇေတ်ကြာ ဘူတာရုံမှာ အစ်ကိုထည် ကြောက်သည့် ...နီးမ အစ်ကိုထည့် အနား ရောက်လာမှာလည်း စိုးရသေးသည်။

ဘူတာရုံရောက်တော့ အစ်ကိုထည့်ကားကို အဝေးကြီးတည်းက လှမ်းမြင်နေရပါသည်။

ညီညီဖော်တစ်ယောက် သူမဆီ အပြေးအလွှားလာနေသည်ကို အဝေးကြီးတည်းက ထည်အုပ် မြင်နေရပါသည်။

"ဟူး ... မောလိုက်တာ အစ်ကိုရယ်"

"မော်မှာပေါ့၊ ညီညီက ပြေးလာတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"မပြောလို့ရမလား၊ ဒီက နောက်ကျနေရတဲ့ကြားထဲ ဟိုမှာ တွေ့လား၊ အစ်ကိုထည့်ဟာကြီး လိမ်ကျစ် လိမ်ကျစ်နဲ့ လျှောက်လာနေပြီလေ"

"ဟာ ... ဟုတ်ပါရဲ့၊ ကြောက်စရာကြီး"

ထည်အုပ်၏ ကားလေးက တစ်ရှိန်ထိုး မောင်းထွက်သွားပါတော့သည်။

"တွေ့လား၊ အဲဒါကြီးကို မြင်လည်းမြင်ရော ညီညီ အစ်ကိုထည် ကြောက်မှားစိုးလို့ အသားကုန်သုတ်ပြီး ပြေးလာခဲ့ရတာရှင့်"

"ကျေးဇူးပါပဲ ညီညီရယ်၊ သူနဲ့ တွေ့မှာစိုးလို့ ကျွန်တော် ဘူတာရုံကို မလာရဲတာ၊ ဒါကြောင့် ညီညီကို ပြောတာလေ ညီညီ တည်းတဲ့နေရာကို လာပါရစေလို့"

"လာပြန်ပြီလား ဒီစကား၊ မပြောပါဘူးလို့ ပြောထားပြီး ပြောကိုမပြောဘူး၊ မေးမနေနဲ့တော့"





နှစ်ဦးသား ဒီနေ့ လျှောက်လည်မဲ့ခရီးစဉ်ကို ပြောထားပြီးသားမို့ မြို့ပြင်သို့ ထွက်ခဲ့ကြပါသည်။

အခုအချိန်က မနက်ခင်း နေရောင်ခြည်တွေ ဖြာဖြာလင်းနေသည့်အချိန် တောတောင်ရေမြေ သဘာဝအလှတွေနဲ့ ပြည့်စုံနေသည့်အချိန်လေ ...

ဒီလိုအခြေအနေမျိုးတွေဟာ ညဘက်ကြတော့ အရမ်းကို ကြောက်စရာကောင်းသွားရတာကို ညီညီဇော်ကော ထည်အုပ်ပါ စဉ်းစားလို့မရနိုင်ပါ။

အမှောင်ထုတွေက ဖုံးလွှမ်းပြီး မိုးသက်လေပြင်းတွေ တိုက်နေလို့ပဲ ကြောက်စရာကောင်းနေတာလား၊ သို့တည်းမဟုတ် ထစ်စုံတစ်ရာသော အကြောင်းတွေကပဲ သူတို့နှစ်ဦးကို ကြောက်လန့်အောင် လုပ်နေတာပဲလားတော့ မပြောတတ်ပါ။ ကြောက်တာက တော့ နှစ်ဦးစလုံး ဆတ်ဆတ်တုန်အောင် ကြောက်ခဲ့ရသည့်နေရာသာ။



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက သူတို့ မှန်ထားသည့်နေရာသို့ ရောက်သွားပါသည်။

"ဒီနေရာပဲ ထင်တယ်နော် ညီညီ"

"ဟုတ်မယ်၊ ဟုတ်မယ်၊ လျှပ်စစ်လက်လိုက်တော့ ညီညီ တွေ့ရတဲ့ သရဲနဲ့ တူတယ်ဆိုတာ ဒီအပင်ကြီး ဖြစ်မယ်"

"အဲဒါ သချိုင်းကုန်း ညီညီ၊ ဟိုမှာ အုတ်ဂူလေးတွေ တွေ့တယ်မို့လား"

"တွေ့တယ်၊ တွေ့တယ်၊ ကြောက်စရာကြီးနော်၊ ကားလည်း အဲဒီနေရာမှာမှ ခွေးပြီးပျက်ရတယ်လို့ အစ်ကိုထည်ရယ်နော်"

"ဩော် ... ဒါကတော့ သူတို့ ဆာလို့ဖြစ်မှာပေါ့"

"ဘာ ... ဘာပြောတယ်၊ ဘာ ... ဘာလို့လဲ"

"လူဆာလို့ ဖြစ်မှာပေါ့၊ တို့နှစ်ယောက်ကိုလည်း တွေ့ရော အရင်ဆုံး ကားကို မသွားနိုင်အောင် လုပ်မယ် ...





ပြီးတော့မှ ကုပ်ချိုးသတ်ပြီး စားဖို့ ရည်ရွယ်မှာပေါ့ ညီညီရယ်"

"ကြောက်စရာကြီးနော် အစ်ကိုထည်၊ အစ်ကိုထည် ပြောတဲ့ အတိုင်း ညီညီတို့နှစ်ယောက်ကို အသည်းအူတွေကစပြီး အကုန်ဖောက်စားပစ်မှာပေါ့နော်"

"ဒါပေါ့ ...

ဒါပေမဲ့ မပူပါနဲ့ ညီညီရယ်၊ တို့က ဂုဏ်တော်ကို အလွတ်ရထားတာလေ ...

ရထားတာတင် မဟုတ်ဘူး၊ တို့ သွားလေရာမှာ အမြဲတမ်း ပါးစပ်က ရွတ်နေကြဆိုတော့ အန္တရာယ်တွေကို အေးအေးဆေးဆေးနဲ့ ကျော်လွှားနိုင်တယ်ပေါ့ ညီညီရာ၊ တို့ကို ယုံတယ်မို့လား"

"ယုံတာပေါ့ အစ်ကိုထည်ရယ်၊ သိပ်ကိုယုံပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ အစ်ကိုထည်မဟုတ်ဘဲ ဒီပြင်လူနဲ့သာဆို ညီညီတော့ အရိုးအသားတောင် ရှာလို့ရတော့မှာ မဟုတ်ဘူးနော်"

"ဪ … ညီညီက တို့နဲ့ မဟုတ်ဘဲ ဒီပြင်လူနဲ့ သွားချင်သေးလို့လား"

"မဟုတ်ပါဘူး ညီညီက သဘောကို ပြောပြတာပါ၊ ဥပမာ အစ်ကိုထည်ရှာ၊ ခိုင်သွန်းနဲ့ဆိုပါတော့ …

သူဟာ စာတော်တယ်၊ အားကစားမှာ ထူးချွန်တယ်၊ ပန်းချီတတ်ကျွမ်းတယ်၊ ဒါပေမဲ့ ခုလိုမျိုး ဘေးအန္တရာယ်တွေနဲ့ ကြုံလာရင်တော့ သူ ဘယ်စွမ်းဆောင်နိုင်တော့မှာလဲလို့ ပြောတာပေါ့"

"အမှန်ပဲ ညီညီ"

"ကျေးဇူးတင်လိုက်တာ အစ်ကိုထည်ရယ် …





အဘွားသာ သိရင် အကိုထည့်ကို အရမ်းကို ကျေးဇူးတင်သွားမှာ၊ ဘာလို့လဲဆိုတော့ ညီညီသာ သေသွားရင် အဘွားလည်း တိုက်ရိုက် တန်းသေရင်သေမှာ၊ ဒါမှမဟုတ်၊ ညီညီအကြောင်း တနပ်နပ် တွေးပြီး ရင်ကွဲနာကြမှာ သေရှာတယ်"

"အရေးထဲ အဖြစ်တွေသည်းနေလိုက်တာ"

"ဟင်း ဟင်း ဟင်း … အစ်ကိုထည် ဒီနေရာကြီးက သချိုင်းကုန်းနယ်မြေကြီးဆိုတော့ ဟိုဦးလေးကြီးကကော"

"မပြောတတ်ဘူးလေ၊ လူလည်း ဖြစ်နိုင်သလို၊ တို့ကြားဖူးတဲ့ နေ့စံညခံဆိုတဲ့ အမျိုးအစားထဲကလည်း ဖြစ်နိုင်တာပဲ"

"ဒါဆို သူက ညမှာ ငရဲခံပြီး ညီညီတို့နဲ့ တွေ့တဲ့အချိန်မှာ ငရဲက စပြီး ကျွတ်ခါစအချိန် ဖြစ်မှာပေါ့နော်"

"ငရဲက ကျွတ်ကျွတ်ချင်း တို့ဆီ တန်းလျှောက်လာတာတော့ ဟုတ်ချင်မှဟုတ်မှာပေါ့လေ …



www.burmeseclassic.com

www.burmeseclassic.com



ပဲပြုတ်နံပြားနဲ့ လက်ဖက်ရည်ဖြစ်ဖြစ်၊ ဒါမှမဟုတ် တစ်ခုခုကို အရင်ဝင်စားဦးမှာပေါ့ ...

ပြီးမှ တို့ကားနား ရောက်လာတော့ သနားပြီး တွန်းပေးလိုက်တာ ဖြစ်မှာပေါ့ ညီညီရာ"

"ဟင်း ဟင်း ဟင်း ... အစ်ကိုထည်ကတော့ ပြောရှာမယ် ...

သနားပါတယ်နော်၊ ဒီလူကြီး မြန်မြန်ကျွတ်ပါစေလို့ ဆုတောင်းပေးရအောင်နော် အစ်ကိုထည်"

"ဆုတောင်းပေါ့၊ သူများအတွက် ဆုတောင်းပေးတာတို့ အမျှအတန်း ဝေပေးတာတို့ဟာ ကောင်းတဲ့အလုပ်တွေပဲ လေ"

"အစ်ကိုထည် အမျှဝေပေးပြီး ဆုတောင်းပေးလိုက်ပါလား ဟင်"

"ရတယ်လေ၊ ဒါဖြင့် တို့ ဆုတောင်းပြီး အမျှပေးဝေလိုက် မယ်ဟုတ်လား"





ထည်အုပ်က ပါးစပ်မှ အသံမထွက်ဘဲ တဖွဖွ ရွတ်ဆိုနေပါသည်။

အသံက လုံးဝ ထွက်မလာသဖြင့် ညီညီဇော်က ဘေးကနေ မကျေမနပ် ဖြစ်နေပါသည်။

"အသံကျယ်ကျယ်လေးဆိုလေ အစ်ကိုထည်၊ သူကော ကိုယ်ပါ ကြားရတာပေါ့"

ညီညီဇော်က ထည်အုပ်၏ လက်မောင်းလေးကို လက်နှင့် ကုတ်ပြီး သတိပေးလိုက်ပါသည်။

မျက်စိမှိတ်ပြီး ဆုတောင်းရင်းကနေ ထည်အုပ်က လက်ဝါးလေးကာပြကာ ညီညီဇော်အား တားလိုက်ပါသည်။

ပြီးမှ ထည်အုပ်ထံမှ တိုးရာကနေ အသံကျယ်ကြီး ဖြန်းစားကြီး ပေါ်ထွက်လာသည်မို့ ညီညီဇော်ပင် လန့်သွားပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန် ...

သာဓု သာဓု သာဓု ...

ညီညီဖော်နှင့် ထည်အုပ်တို့နှစ်ယောက် ပြိုင်တူ အမျှအတန်းဝေကာ သာဓုခေါ်လိုက်ကြပါသည်။

"အစ်ကိုထည်က မကောင်းဘူး ဆရာ၊ ဆုတောင်းတုန်းက တော့ တိုးတိုးလေး၊ ညီညီက ကြားချင်လို့ လက်ကုတ်ပြော တော့လည်း တားသေးတယ်၊ အမျှဝေတော့ အသံကြီးကျ ကြောက်စရာကြီး၊ တကယ့်ကို အကျယ်ကြီး ...

ပြန်ဆုတောင်းဦး အစ်ကိုထည်ရာ၊ ညီညီ ကြားချင် လို့ပါဟာကို"

"တော်ပါတော့ ညီညီရာ၊ ကျွန်တော် မောလွန်းလို့ပါ"

"မရဘူး၊ မောရင် ခဏနားလိုက်၊ ပြီးမှ တစ်ခါပြန်ဆို"





"ဟား ဟား ဟား ... တကယ်ခက်တဲ့ ညီညီပါလား၊ ကျွန်တော်က တကယ်မှ မရတာ၊ ညီညီ အထင်ကြီးအောင် ပါးစပ်က ပွစိပွစိနဲ့ ဆုတောင်းသလိုလုပ်ပြီးမှ အမျှအတန်း ဝေလိုက်တာ၊ တကယ်မှတ်နေတယ် ဟုတ်လား၊ အရူးမ လေး"

"သိပ်ဆိုးတဲ့ အစ်ကိုထည်ပါလား၊ ဒါဖြင့် ဟိုနေ့က အစ်ကိုထည် ဆုတောင်းလို့ သရဲတွေရဲ့ အန္တရာယ်က လွတ်တယ်ဆိုတာလည်း အလကားပဲပေါ့ ဟုတ်လား"

"အင်း ... ဟုတ်တယ်"

"ဒါဖြင့် ပန်းခြံမှာ အစ်ကိုထည်ကို ကြောက်ပြီး လူဆိုးသုံး ယောက် ထွက်ပြေးသွားတယ်ဆိုတာကကော"

"အဲ ... ဒါက တကယ်"

"ထားပါတော့လေ၊ ယုံရတော့မှာပေါ့၊ ကဲပါ ညီညီတို့ ပြန်ကြပါစို့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အစောကြီး ရှိသေးတာ"

"စောစောပေါ့၊ နောက်နေ့ကျမှ လည်ကြတာပေါ့နော်၊ ဒီနေ့တော့ သရဲအကြောင်း စဉ်းစားပြီး အိမ်ပြန်အနားယူ လိုက်တာပဲ ကောင်းပါတယ် အစ်ကိုထည်ရာနော်"

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဝင်စားဖွယ်ရာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"ညီညီ ပြန်မရောက်သေးဘူးလား ဦးမေ"

"ဟင်းအင်း၊ ခေါ်လို့မရသေးဘူး ခိုင်သွန်းရဲ့"

"ဦးမေနဲ့ လူကြီးတွေ သွားခေါ်ရင် တို့လည်း လိုက်ပြီး ဝိုင်းပြောပေးမယ်လေ"

"ရမယ်မထင်ပါဘူး ခိုင်သွန်းရယ်၊ ညီညီက အရမ်းကို စိတ်ဆတ်တာ၊ မေမေကပဲ ညီညီ့ကို ပြဿနာရှာနေတာ လို့ပဲ ပြောတယ်လေ ...

အဘွား ပြန်လာရင် ပြဿနာကို ပိုပြီး ကြီးထွား အောင် လုပ်နေတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း ဟုတ်မယ် မထင်ပါဘူး၊ ဦးရွှေဘုန်းနဲ့ တို
သွားခေါ်ရရင် ကောင်းမလား မသိဘူးနော်"

"ခေါ်မနေနဲ့၊ ဦးရွှေဘုန်းလည်း ခေါ်ပြီးပြီ၊ ခိုင်သွန်း
သွားရင်လည်း မောယုံပဲ ရှိမှာ"

"မောခါမှ မောရောပေါ့ ဦးမေရာ၊ တကယ်ဆို မိန်းကလေး
တစ်ယောက်တည်းဆိုတော့ တို့အနေနဲ့ ဒီအတိုင်း ကြည့်နေ
လို့ မဖြစ်ဘူးလေ"

"အဘွား ပြန်လာရင်တော့ သူ ရောက်လာမှာပေါ့လေ
ခုတော့ ငါလည်း သူ့ကို သတိရတာပဲ၊ ဒါပေမဲ့ မမေနဲ့
သူနဲ့က စေးကပ်တာမဟုတ်တော့ အဘွား မရောက်မချင်း
သူ လာကိုလာမှာ မဟုတ်ဘူး"

"သူက ဦးမေနဲ့ ရန်ဖြစ်သွားတာလား"

"ဟင့်အင်း ... မေမေနဲ့ ဖြစ်တာ၊ ညီညီက တော်တော်
ပေါင်းရသင်းရခက်တာ ခိုင်သွန်းရဲ့၊ လူကြီးတွေဆို ဦးမေ
တို့များ ဘယ်တော့မှ ခံပြောရဲဘူး ...





ခုတော့ ခိုင်သွန်း ဆွဲပေးထားတဲ့ သူ့ပန်းချီကား
ကို ရေတွေ စိုပြီး ပျက်စီးသွားလို့တဲ့၊ ဟိုလူ့ကို အပြစ်ဖို့၊
ဒီလူ့ကို အပြစ်ဖို့နဲ့၊ နောက်ဆုံးတော့ မေမေက သူ့ကို
ဟန့်တားလိုက်တော့ ... အိုး ... ဘာပြောကောင်းမလဲ၊
ပွဲတွေက ပိုပြီး ကြမ်းလာပြီး နောက်ဆုံးတော့ အိမ်က
ထွက်သွားတဲ့အထိ ရောက်သွားတာပေါ့လေ"

"ဦးမေက ရအောင် တားရောပေါ့ကွာ"

"တားလို့ရပါ့လိမ့်မယ်၊ ခိုင်သွန်းလည်း သူ့စိတ်ကို သိသား
နဲ့ ...

ဒါပေမဲ့ ခိုင်သွန်း တားရင်တော့ မပြောတတ်ဘူး"

"အရေးထဲမှာ များ ဦးမေရယ် ...

ဒါဖြင့် သူနေတဲ့ နေရာကိုတော့ ဦးမေတို့ သိတယ်
နော်"

"ဒါပေါ့၊ နင် အရမ်းသတိရတယ်ဆိုရင်တော့ လိုက်သွား
လေ၊ ငါ လိပ်စာပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးမေတစ်ယောက် ဒီနေ့ ဘယ်လိုဖြစ်နေမှန်း မသိဘူး။ စကားပြောရတာကို မကောင်းဘူး"

"ဟင်း ဟင်း ဟင်း ..."

နှစ်ယောက်သား ပြိုင်တူ ရယ်ချလိုက်ပါသည်။

ခိုင်သွန်းက ဦးမေကို သေသေချာချာလေး စိုက်ကြည့်မိလိုက်တော့ ဦးမေ၏ ခေါင်းလေးက မသိမသာ ငုံ့ချလိုက်ပါသည်။

တကယ်တော့ တော်ဦးမေနှင့် ညီညီဇော်တို့နှစ်ယောက်ဟာ ဝမ်းကွဲညီအစ်မဝို့ အတော်လေးကို တူရှာပါသည်။

သို့ပေမဲ့ ညီညီဇော်က သွက်သွက်လက်လက်လေးနှင့် ချစ်စရာကောင်းသလို တော်ဦးမေက ဣန္ဒြေရရလေးနှင့် လုပသူလေး ဖြစ်ပါသည်။

နှစ်ယောက်သား ငေးငေးငိုင်ငိုင်လေး ဖြစ်နေရာမှ ခိုင်သွန်းတစ်ယောက် ပြန်၍ အသက်ဝင်လာပါသည်။





"ငါ ပြန်လိုက်ဦးမယ် ဦးမေ၊ သတင်းထူးရင်လည်း ငါ့ဆီ အကြောင်းကြားနော်"

"စိတ်ချ ခိုင်သွန်း"

ခြံထဲမှ ခြေလှမ်းကျဲကြီးဖြင့် ထွက်သွားသော ခိုင်သွန်းကို တော်ဦးမေတစ်ယောက် ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ပါတော့သည်။

❀ ❀ ❀


ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com









မြင်တွေ့ရသော မြင်ကွင်းက ထည်အုပ်အတွက် အံ့ဩစရာနှင့်လှုပ်ချောက်ချားစေပါသည်။

ညဘက်ဆို ထည်အုပ် ညီညီဇော်နှင့် ဘယ်တော့မှ အတူလျှောက်မလည်တတ်ပါ။ ဒါကလည်း မိန်းကလေးဖြစ်သည့် ညီညီဇော်ကို အထင်သေးကြမည်စိုးသည့်အတွက် ဖြစ်ပါသည်။

သူနဲ့ လမ်းခွဲပြီး ပြန်သည့်အချိန်ဟာလည်း အမြဲတမ်း ညနေလေးနာရီထက် နောက်မကျတတ်ပါ။

ညီညီဇော် ကိုယ်တိုင် သူ့ကို ပြောခဲ့သည်။ သူမ ညဘက်ဆို ဘယ်မှ မသွားတော့ပါဘူးတဲ့။

ခုတော့ ညမဟုတ်လို့ ဘာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ညီညီဇော်ကို အမျိုးသားတစ်ဦးနှင့် စားသောက်ဆိုင်တွင် သူ တွေ့နေရပြီလေ။

ရှေ့မှာတော့ စားသောက်စရာတွေ ချထားပါသည်။ သို့ပေမဲ့ နှစ်ယောက်စလုံး အစားကို စိတ်မဝင်စားကြပါ။

ညီညီဇော်ဟာ သတ္တိရှိရှိနဲ့ မာရေကျောရေ ရှိလှသော မိန်းကလေးဟု ထည်အုပ် ထင်ခဲ့ပါသည်။

ခုတော့ ညီညီဇော် မျက်လုံးအိမ်မှ မျက်ရည်ပေါက်တွေက အဆက်မပြတ် လိမ့်ဆင်းလို့ကျနေသည်ကို သူ တွေ့ရပါသည်။

ဘာတွေများ ဖြစ်နေရတာလဲ ညီညီရယ် ...

သွားပြီး အကူအညီပေးရအောင်ကလည်း ညီညီ စိတ်ဆိုးမည်ကို ကြောက်ရပါသေးသည်။

ထိုသူက ကျလာသော မျက်ရည်များကို တယုတယ သုတ်ပေးနေပါသည်။





ညီညီ့အပေါ်မှာ ထိုလူက ရိုင်းစိုင်းသည့်အပြုအမူတွေ လုပ်မပြမချင်းတော့ သူ အသာလေး စောင့်ကြည့်နေရပေဦးမည်။

ထိုသူက စကားပြောလိုက်တိုင်း ညီညီတစ်ယောက် ခေါင်းညိတ်လိုက် ခေါင်းခါလိုက်နှင့် လုပ်နေပါသည်။

ထိုသူနှင့် ညီညီဇော့်ကို ပတ်ဝန်းကျင်ရှိ လူများကလည်း သူ့နည်းတူ အကဲခတ်ကြည့်ရှုနေကြပါသည်။

ညီညီတစ်ယောက် သူ မသိအောင် ဘာတွေများ ရှုပ်နေပါလိမ့်။

ဒါကြောင့် သူနေသော နေရာကို ပြပါဆိုတော့ လုံးဝ လက်မခံသည့်အပြင် ခါးခါးသီးသီးကို ငြင်းဆန်ခဲ့သည်လေ။

ညီညီ ပြောတော့ ညီညီဟာ တကယ့်အမျိုးကောင်းသမီးထဲကဆို၊ ခုတော့ ညီညီ အပြောနဲ့ လုပ်ရပ်တွေက တခြားစီဖြစ်နေပါလား ညီညီရယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူ ဒီလိုမြင်ကွင်းမျိုးနဲ့ ညီညီ့ကို မြင်တွေ့ရလိမ့်မ… လို့ လုံးဝ မမျှော်လင့်ထားခဲ့မိတာ ခုတော့ ကိုယ့်မျက်လုံးတွေ… တောင် လိုက်မယုံကြည်နိုင်တော့လောက်အောင်ပါပဲ ညီညီရယ်…

ထိုသူက စားပွဲပေါ်တွင် ချထားသော အစားအသောက်… ညီညီ့အား ကျွေးနေပါသော်လည်း ညီညီက ခေါင်းကို တွင်တွင်… နေပါသည်။

ကော်ဖီခွက်လေးကို ညီညီက မော့သောက်လိုက်ပါ… သည်။

ထိုသူက ညီညီ့အော်၏ ဖြောင့်စင်းလှပသော ဆံ… လေးကို တယုတယ သပ်တင်ပေးနေပါသည်။

စိတ်ကို မနည်းချုပ်တီး၍ ထားရပါသည်။ ဒီကိစ္စ… တွေက ညီညီ ကိုယ်တိုင်ပါလို့ ဖြစ်ရတဲ့ကိစ္စတွေမို့ သူ့အနေနဲ့ ဘာမှ ဝင်ပြီး စွက်ဖက်နိုင်ခွင့်မှ မရှိတာပဲ။





ညီညီဆိုတဲ့ ကောင်မလေးဟာ သူ့အပေါ်မှာတော့ အထက်စီးကနေ အနိုင်ယူတတ်ပြီ။ ဒီလူနဲ့ကြခါမှ တကယ့်အလွမ်းမင်းသမီးလေးပမာ အားငယ်နွမ်းနယ်နေသည့် မျက်နှာလေးနှင့်။ တတ်လည်း တတ်နိုင်ပါပေ့ ညီညီရယ် …

ညီညီ့တွင် အမြွှာညီအစ်မသာ ရှိမည်ဆိုပါလျှင် ဒီမိန်းကလေးက ဘယ်နည်းနှင့်မျှ ညီညီ မဟုတ်နိုင်။ သူနှင့် အမြွှာဖြစ်သည့် မိန်းကလေးပဲ ဖြစ်မယ်ဟု သူ တစ်ထစ်ချ တွက်မိမှာပါလေ။

ထိုသူက သူ့တွင် ပါလာသော ပိုက်ဆံအိတ်ကို ဖွင့်ခါ ပိုက်ဆံများကို ထုတ်ယူလိုက်ပါသည်။

ပြီးတော့ ညီညီ့ လက်ကိုင်အိတ်ထဲသို့ ထည့်ပေးလိုက်ပါသည်။

သူတို့နှစ်ဦး ထပြန်ရန် ဟန်ပြင်နေချိန်မှာတော့ သူ့ကို မြင်သွားမှာစိုးသဖြင့် ထည်အုပ်က ထောင့်တစ်ထောင့်မို့ ကပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ လုပ်လိုက်ချင်သည်က ဒီလူ၏ လက်ထဲမှ ညီညီ့ကို အတင်းဆွဲလုကာ ထွက်ပြေးသွားချင်တာပါပဲ။

သို့ပေမဲ့ သူ့အကြံအစည်က မအောင်မြင်လိုက်ပါ။ ထိုလူနှင့်အတူ ညီညီတို့ လိုက်ပါစီးနင်းသွားသော မတ်(ခ)တူးကား ကြီးက ထွက်သွားပါတော့သည်။

၉ ၉ ၉

ဝေဖန်စာ၊ အကြံပြုစာ၊ ခံစားချက်စာများ ပေးပို့လိုပါလျှင် အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







ညီညီ ဟာ ထည်အုပ်အပေါ်မှာ တာဝန်ကျေပါသည်။

ထည်အုပ် ကားလေး ဆိုက်သည်နှင့် ညီညီဇော်ကို အဆင်သင့် တွေ့ရပါသည်လေ။

ထဘီအပြာ၊ အင်္ကျီအပြာပွင့်လေးနှင့် မိန်းကလေး ပီပီ ကြော့ရှင်းလှပနေသော ညီညီ့ကို တွေ့ရပြန်တော့ ထည်အုပ် ရင်ထဲ ဝမ်းသာရမလို၊ ဝမ်းနည်းရမလိုမျိုး ခံစားခဲ့ရပါသည်။

ညီညီဟာ သူနဲ့ တွေ့သည့်အခါမျိုးမှာ ဘောင်းဘီ ဝတ်တတ်သည့်အခါမျိုး ရှိသလို ထဘီ ဝတ်သည့်အခါမျိုးလည်း ရှိတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထည်အုပ်က ညီညီနှင့် ထဘီက ပိုပြီး လိုက်ဖက်သည်ဟု ပြောခဲ့ဖူးပါသည်။

ဒီနေ့တော့ သူ့အလိုကျ ညီညီဟာ ထဘီလေးနှင့် ဖြစ်နေပါသည်။

ထည်အုပ်ကားလေး ရပ်လိုက်သည်နှင့် ညီညီ ကားပေါ် တက်လိုက်ပါသည်။

"စောင့်နေရတာ ကြာပြီလား ညီညီ"

"ဟင့်အင်း ... မကြာသေးပါဘူး အစ်ကိုထည်ရဲ့"

"ဘယ်သွားကြရင် ကောင်းမလဲ"

"အစ်ကို သွားချင်တဲ့ဆီသွားလေ၊ ညီညီတို့ တစ်ပတ်လောက်ပဲ လည်ရတော့မှာ"

"ဟင် ... ညီညီ စကားက ဘယ်လိုကြီးလဲ"

"ဟုတ်တယ်၊ အစ်ကိုထည်ရဲ့၊ နောက်တစ်ပတ်လောက်အဘွား ပြန်လာတော့မှာ၊ အဘွားက ညီညီ မရှိမှန်းသိမှ ချက်ချင်းကို လိုက်ချလာမှာ"





"အဲဒါဆို ညီညီ ပြန်လိုက်သွားရမှာပေါ့နော်"

"အင်းပေါ့"

"စိတ်မကောင်းစရာပဲ"

"အစ်ကိုထည်လည်း ပြန်တော့ပေါ့နော်၊ ညီညီ အစ်ကိုထည့်ကို တစ်ယောက်တည်း ထားပြီး ပြန်သွားရမှာ စိတ်မချဘူး"

"ညီညီ ကျွန်တော့်အတွက် ထည့်စဉ်းစားပေးတာ ကျေးဇူးတင်ပါတယ်"

"ထည့်မစဉ်းစားလို့ရမလား အစ်ကိုထည်ရဲ့၊ ဒီမြို့မှာ ခေတ္တနားခိုတဲ့ လူနှစ်ယောက်ဖြစ်တဲ့ အစ်ကိုထည်နဲ့ ညီညီဟာ တစ်ယောက်ကိုတစ်ယောက် အမှီသဟဲ ပြုပြီး စိတ်ချမ်းသာမှုတွေ မွေးဖွားနေရတာလေ"

"ဒီလိုဆိုတော့လည်း ညီညီ ကျွန်တော့်အပေါ် ကောင်းပါသေးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် အစ်ကိုရယ်၊ ညီညီ အစ်ကိုနဲ့ နေရတဲ့ တစ်လျှောက်မှာ အစ်ကို့အပေါ် ဘာများ မကောင်းခဲ့တာ ရှိလို့လဲ၊ ဘာတွေများ ကောက်ကျစ်လိမ်ညာခဲ့လို့လဲ ပြော လေ"

"အင်း ... ရှိတော့မရှိပါဘူး၊ ဒါပေမဲ့ နည်းနည်းတော့ ရှိတယ်"

"ဘာစကားလဲ အစ်ကိုထည်ရဲ့၊ နည်းနည်းတော့ ရှိတယ် ဆိုတာ"

"နည်းနည်းတောင် မဟုတ်ဘူး၊ ညီညီ ကျွန်တော့်ကို လိမ် ထားတဲ့အမှုက တော်တော်ကြီးကိုကြီးတာ၊ ဒါပေမဲ့ကျွန်တော် ဘယ်တော့မှ မပြောဘူး ...

ညီညီနဲ့ ကျွန်တော်ဟာ တစ်နေ့တော့ လမ်းခွဲရမယ်၊ အဲဒီအချိန်မျိုးမှာ ခုစကားကို ပြောပြီး ကျွန်တော်တို့နှစ် ယောက်ရဲ့ ခင်မင်မှုကို အဖျက်ဆီးမခံနိုင်ဘူး ညီညီ"





"ကြီးကျယ်လိုက်တာ၊ ပြောစရာရှိရင်လည်းပြော၊ မပြော ဘူးဆိုရင်တော့ ဒီနေရာကနေ ညီညီတို့နှစ်ယောက် လမ်းခွဲ ကြရုံပဲ ရှိတယ်၊ ညီညီ ပြန်တော့မယ်"

ထည်အုပ်ကိုယ်တိုင် တားလည်းမတားဖြစ်၊ တားဖို့ နေ့လည်း စိတ်ထဲက တစ်မျိုးကြီးမို့ သူ မတားလိုက်နိုင်ခင်မှာပင် ညီညီဇော် အပါးမှ ထွက်ခွာ၍သွားပါတော့သည်။

၉ ၉ ၉

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆောက်စာများ ပေးပို့လိုပါလျှင် အမှတ် ၅၅၊ ၁၉–လမ်း၊ ထားဝယ်မြို့နယ် သို့ စာရေးသူပေးပို့ နိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com









ညက တစ်ညလုံး သူ အိပ်မပျော်ခဲ့ပါ။ လူတစ်ကိုယ်လုံး နံ့ချည့်ကာ ဆွဲချထားသလို လူက ပျော့ဖတ်လို့နေပါသည်။

သူ တွေးလိုက်တိုင်း ညီညီဇော်အကြောင်းပင် ဖြစ်ပါသည်။

ဒီလောက် သူ့အပေါ်မှာ တရင်းတနှီး ခင်မင်တွယ်တာခဲ့သော မိန်းကလေးကို သူ ဘာကြောင့် ရက်ရက်စက်စက် နှင်ချဖို့ ကြိုးစားခဲ့မိသည်ကို စဉ်းစား၍ မရနိုင်အောင် ဖြစ်ခဲ့ရပါသည်။

ခါတိုင်း သူ ညီညီဇော်ကို သွားစောင့်နေကြနေရာလေးကို သွားစောင့်ပြန်တော့ ညီညီဇော်က ပေါ်မလာတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူလည်းပဲ မိန်းကလေးဆိုတော့ နာတတ်သည့် အသည်းနှလုံးတော့ ရှိမှာပေါ့။

သူ့ဘက်က မတင်မကျ ဖြစ်နေတဲ့ ကိစ္စကြီးကို ဖွင့်ပြောလိုက်လျှင် သူ့အပေါ်မှာ ညီညီ ခုလို သစ်စိမ်းချိုးသွားမည် မဟုတ်ပါ။

တကယ်ဆို သူ့ဘက်က ဖွင့်ပြောပြီး တစ်ဖက်လူကို ပြန်လည်ချေပခွင့်လေးတော့ ပေးသင့်တာပေါ့လေ။

စိတ်ညစ်ညစ်ဖြင့် ခြေဦးတည့်ရာကို ထွက်လာခဲ့ပါသည်။

ဗိုက်ထဲက အတော်လေး ဆာနေသည်မို့ တစ်ခုခု ဝင်စားမည် ဟူသော အတွေးဖြင့် ဈေးထဲသို့ ဝင်လာခဲ့ပါသည်။

ဘာစားရမည်မှန်း မသိ။

ဘာကိုမှလဲ မစားချင်တော့ပါ။





ခါတိုင်းဆို ညီညီနဲ့ နှစ်ယောက်သား စားချင်တာလေးတွေကို တိုင်ပင်ပြီး စားခဲ့ကြတာကိုပဲ သတိရနေမိပါသည်။

ထိုစဉ်မှာပင် ခပ်လှမ်းလှမ်းရှိ လူအုပ်ကြားထဲတွင် ညီညီ့ကို လှမ်း၍ တွေ့လိုက်ပါသည်။

ဘာပြောကောင်းမလဲ၊ ထည်အုပ် တစ်ယောက် ခလုတ်ကန်သင်းကော လူတွေကော ဘာဆိုဘာကိုမှ မမြင်တော့ပါ။

အတင်းတိုးတိုက်ပြီး ညီညီဇော်ဆီကို အပြေးသွားကာ ညီညီ၏ လက်ကို ဖမ်းဆွဲလိုက်ပါသည်။

အစကတော့ ညီညီဇော်တစ်ယောက် လန့်သွားပါသည်။

နောက်မှ ထည်အုပ် ဖြစ်နေသည်မို့ သူ ဘာမှ မပြောတော့ဘဲ ထည်အုပ် ဆွဲခေါ်ရာသို့ ပါသွားပါတော့သည်။

ကားရှိရာသို့ ခေါ်ဆောင်သွားပြီး ကားပေါ်မှာလည်း တစ်ဦးနှင့်တစ်ဦး စကားလုံးဝမပြောဖြစ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ညီညီ ကျွန်တော့်ကို စိတ်ဆိုးနေလား၊ အားလုံးဟာ ကျွန်တော့်ရဲ့ အပြစ်တွေပါဗျာ ...

မငိုပါနဲ့ ညီညီ၊ ကျွန်တော်လေ ညီညီ ငိုနေတာကို မခံစားနိုင်လွန်းလို့ ခုလို ဖြစ်ခဲ့ရတာပါ"

"ညီညီ့ကို အစ်ကိုထည် ဘာမကျေနပ်တာရှိလဲပြော၊ ဖွင့်မပြောဘဲ အဲလိုကြီး ခင်မင်မှုကို ဖျက်ဆီးရမဲ့စကားဆိုတာက ဘာကြီးလဲ၊ အဓိပ္ပာယ်မရှိလိုက်တာ ...

အစ်ကိုထည်နဲ့ ညီညီဟာ တစ်ချိန်မှာ အဘိုးကြီး အဘွားကြီးတွေလည်း ဖြစ်လာမှာပဲ၊ အဲဒီအခါကြရင်လည်း မိတ်ဆွေဟာ မိတ်ဆွေပဲပေါ့ ...

' ဘာလဲ ... ဒီကနေ့ ပြန်သွားရင် အစ်ကိုထည် ညီညီ့ကို လမ်းမှာ တွေ့ရင်တောင် မခေါ်တော့ဘူးဆိုကဲ့ သဘောလား"





"ရန်တွေ့လို့ ဝပြီလား ညီညီ၊ ကျွန်တော် ညီညီ့ကို စကားတစ်ခွန်းမေးမယ်၊ စိတ်မဆိုးရဘူးနော်"

"မေး ... အဲဒါမျိုးကို ညီညီ ကြိုက်တယ်"

"ကျွန်တော်တို့လေ တစ်နေ့က ညပေါ့ ညီညီရယ်၊ အင်္ဂါနေ့ ညတုန်းကလေ ...

ညီညီ့ကို စားသောက်ဆိုင်တစ်ခုမှာ လူတစ်ယောက်နဲ့ တွေ့တယ်၊ ညီညီ့ မျက်နှာကလည်း တော်တော်မကောင်း ဖြစ်နေတယ် ...

ညဆိုရင် ညီညီ အပြင်လုံးဝ မထွက်ပါဘူးဆိုတဲ့ စကားကို ကျွန်တော် ယုံစားပြီး ညီညီမှ ဟုတ်ရဲ့လားလို့တောင် သံသယ ဖြစ်မိတယ် ...

သေသေချာချာကြည့်ယူတော့ ညီညီမှ ညီညီပါပဲလေ၊ ကျွန်တော့်ကို ကျွန်တော် မယုံကြည်ချင်သလို ကျွန်တော့် မျက်စိတွေကိုလည်း မယုံချင်တော့ဘူး၊ ဒါပေမဲ့ အမှန်တရား



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဘယ်မှာသာ လိမ်ညာလို့ရပါ့မလဲ ညီညီရယ် နော်”

“ဟင်း ဟင်း ဟင်း”

ထည်အုပ်တစ်ယောက် သူ့စကားပြီးဆုံးသည်နှင့် တအား ရယ်ချလိုက်သော ညီညီ့ကိုပင် စိတ်ထဲ ယောင်းခနဲ ခေါသထွက်သွားပါသည်။

“တော်ပါတော့ ညီညီရယ်၊ ကျွန်တော်ပြောတဲ့ စကားထဲမှာ ရယ်စရာ မပါပါဘူး၊ ငိုရင်တောင်မှ ငိုစရာကောင်းနေမှာ ပါ”

“အစ်ကိုထည်၊ အစ်ကိုထည်ဟာ၊ အရမ်းကို ရယ်စရာကောင်းတဲ့ အစ်ကိုထည်ပါလား ...

ညီညီ့ကို စိတ်ဆိုးနေတာ အဲဒါကြောင့်လား”

“ဟုတ်တယ်၊ စိတ်ဆိုးတာထက် နမြောတာက ပိုများ တယ် ...



ကျွန်တော်ကလေ ညီညီ့ကို ခြောက်ပြစ်ကင်း သဲလည်းစင်ဆိုပြီး ကြင်နာယုယသနားလိုက်ရတာ၊ ခုတော့ ညီညီဟာ ကျွန်တော် ထင်ထားတာနဲ့မှ တခြားစီ ဖြစ်နေပြီလေ၊ တကယ်တော့ ညီညီဟာ မုန်တိုင်းမကြီးနဲ့ တူနေပြီလေ”

“အစ်ကိုထည် တော်တော့ ...

သူ့စကားတွေက ရယ်စရာကောင်းလို့ ဒီက ရယ်နေတာကို အဟုတ်မှတ်ပြီး ဆက်တိုးချင်နေတာ၊ တော်ကြာ အမှားတွေ ပါလာရင် ညီညီ သည်းမခံနိုင်တော့ဘူး နော် ...

အဲဒီအခါကြရင် လိုက်ပြီး တောင်းပန်လည်း မရတော့ဘူး၊ ညီညီ အစ်ကိုထည့်ကို ခွင့်မလွှတ်တော့ဘူး၊ ဒီမှာ အစ်ကိုထည် ပြောတဲ့လူက ကိုကိုဖေ၊ အဲဒါ ညီညီ့ရဲ့ အစ်ကို”

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က အစ်ကိုလဲ"

"အို ... အစ်ကိုပါလို့ဆိုနေကာမှ ဘယ်က အစ်ကိုတွေ ဘာတွေ လုပ်နေရသေးတယ် ...

အဲဒါ ညီညီ့ရဲ့ အစ်ကိုဝမ်းကွဲ၊ မေမေ့ရဲ့ အစ်မ အကြီးဆုံးက အနိုကယ်ပီတာက မွေးတာ ...

ခု အဘွား အင်္ဂလန်ကို လိုက်သွားတယ်မို့လား အဲဒါ ကိုကိုဖေ့ရဲ့ အဖေဆီကိုပဲ အစ်ကိုထည် ...

ကိုကိုဖေ့ရဲ့ နာမည်က ဇော်ဖေငယ်တဲ့၊ သူ အင်္ဂလန်ကို လိုက်မသွားဘူး၊ လိုက်မသွားတာကလည်း ဒီမှာ ဆောက်လုပ်ရေးအင်ဂျင်နီယာ လုပ်နေတာမို့ပါ ...

အလုပ်မရခင်တုန်းကတော့ ညီညီတို့နဲ့ပဲ အတူ တာ၊ ခုတော့ အလုပ်က နယ်တွေ အမြဲထွက်နေရတာ ဆိုတော့ အိမ်မှာ နေလိုက် သွားလိုက်ပေါ့ ...



ခုလည်း ညီညီရှိတဲ့ဆီကို တမင်လိုက်လာပြီး ညီညီ့ကို ဖျောင်းဖျခေါ်နေတာ"

"ဒါဆို ဘာလို့ လိုက်မသွားတာလဲ"

"အိုး ... ပြဿနာကို ကြီးထွားအောင် လုပ်ချင်လို့ပါဆို နေမှပဲ"

"တော်တော်ဆိုးတဲ့ ညီညီပဲ"

"ဆိုးထားမှလေ၊ အဲဒီ အန်တီမေစီကြီးကို မုန်းလို့၊ သူ့ကို အဘွား ဆုံအောင် တမင်ဖန်တီးယူလိုက်တာ၊ ပြီးတော့ စာမေးပွဲပြီးထားတုန်းမှာ အဘွားလည်း မရှိတော့ အိမ်မှာ မနေချင်တော့လို့လေ ..."

ပထမတော့ ညီညီ မရှိတာကို အန်တီမေစီက ဘယ်သူ့ကိုမှ မပြောဘူးတဲ့ ...

ကိုကိုဖေကိုယ်တိုင်လည်း နိုင်ငံသွန်းက အကြောင်းကြားလိုက်လို့ သိတာတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



နိုင်သွန်းဆီက အကြောင်းကြားစာလည်း ရရော ကိုကိုဖေက အလုပ်တွေ ပစ်ထားခဲ့ပြီး ညီညီဆီ ချက်ချင်း လာခဲ့တာလေ ...

မုန့်ဖိုးတွေလည်း ပေးသွားတယ်၊ အစ်ကိုထည် စားချင်တာရှိရင်ပြော၊ ညီညီ ဝယ်ကျွေးမယ်"

"ညီညီ့ကို သူ ဘယ်လိုလုပ် ချက်ချင်းကြီး ရှာတွေ့သွားတာလဲ"

"ဩော် ... ခက်ပါလား အစ်ကိုထည်ရယ်၊ ညီညီ အိမ်က ဆင်းလာတည်းက ဘယ်ကိုသွားမယ်၊ ဘယ်မှာတည်းမယ် ဆိုတာ အားလုံး သိထားပြီးသားပါလို့၊ ညီညီ ကိုယ်တိုင် လည်း ဒီနေရာကလွဲရင် တစ်ယောက်တည်း ဘယ်မှ မသွားတတ်မှန်း အားလုံး သိနေတယ်လေ"

"ဝမ်းသာလိုက်တာ ညီညီရယ်၊ ညီညီ့ဆီက ဒီစကားမျိုး ကြားရတာ ကျွန်တော် အရှမ်းကို ဝမ်းသာတာပဲဗျာ"





"သွားစမ်းပါ၊ သူများကို မဟုတ်ကဟုတ်ကတွေ တွေးပြီး လိုက်လိုက်ချောင်းနေတယ်ပေါ့လေ ဟုတ်လား"

"အင်း ... ဟုတ်တယ်"

"စိတ်ပုပ်၊ စိတ်ယုတ်"

"အဲလိုပဲ ထင်ထားတာ ကောင်းပါတယ် ညီညီရယ်"

၍ ၍ ၍

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com









"အစ်ကိုထည်"

"ဟင် ..."

"အစ်ကိုထည် အိမ်မပြန်သေးဘူးလားဟင်"

"တို့ဟာတို့ ပျော်နေတာကို ဘာလို့များ ပြန်လွှတ်နေရတာလဲ ညီညီရယ်"

"ညီညီက ပြန်ရတော့ အဘွားက ပြန်လာတော့မှာလေ ...

အစ်ကိုထည်ကို ညီညီ တစ်ယောက်တည်း စိတ်မချဘူး၊ ညီညီ မရှိရင် အစ်ကိုထည် တစ်ယောက်တည်း ပျင်းနေမှာ"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုထည့်အမေကလည်း နေနိုင်လိုက်တာနော်၊ သားလေး တစ်ယောက်တည်း ရှိတာကိုများ လာခေါ်ရော ပေါ့"

"ဒီအရွယ်ကြီးကိုများ လာခေါ်နေရဦးမှာလား ညီညီရယ်_

ကျွန်တော်နဲ့ မေမေနဲ့ အဆက်အသွယ် လုပ်ပြီးသွား ပြီ ...

မေမေက ပြန်လာတော့တဲ့၊ ကျွန်တော် မကြိုက်တာကို သူ မလုပ်တော့ဘူးတဲ့"

"အဲဒီတော့ အစ်ကိုထည်က ဘာပြောလိုက်လဲ"

"ကျွန်တော်ကလည်း ပြန်ပြောလိုက်တာပေါ့၊ မေမေသား အေးအေးဆေးဆေး ကောင်းကောင်းမွန်မွန်နေရင် သား ပြန်လာခဲ့မယ် ...

ခုတော့ သား ဒီမှာ ပျော်နေလို့ ခဏတော့နေခွင့်ပြု ပါဦးလို့ တောင်းပန်လိုက်တော့ မေမေက ဘာပြောတယ်မှတ် လဲ ...





သားတဲ့ သားအသက်က ခုဆို နှစ်ဆယ့်ထဲကို ရောက်တော့မယ်တဲ့ ...

လာမဲ့တပေါင်းလပြည့်ကျော် ၅–ရက်နေ့ဟာ သား နှစ်ဆယ်တင်းတင်းပြည့်တဲ့နေ့ပဲ တဲ့၊ အဲဒီနေ့ကြရင် ငါ့ သားကို ငါ ပြန်ခေါ်မယ်တဲ့ ...

သားက ပျော်နေတယ်ဆိုလို့ မေမေ အကြိမ်ကြိမ် ခွင့်ပေးထားပြီးပြီတဲ့၊ သား မွေးနေ့မှာတော့ အချိန်မီ ပြန်မှဖြစ်မယ်တဲ့၊ ဥစ္စာစောင့်ဇာတ်လမ်းတွေလိုပေါ့ ညီညီ ရာ၊ လူ့ပြည်မှာ အသက်နှစ်ဆယ် နှစ်ဆယ့်ငါးလောက် နေခွင့်ရပြီး ကိုယ့်သိုက်ကိုယ် ပြန်ရသလိုပေါ့ ...

ကျွန်တော်လည်း အချိန်တန်ရင် အိမ်ပြန်ရမှာပါ ညီညီရာ"

"သွားစမ်း၊ အရူးကြနေတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ညီညီ ပြန်သွားတာနဲ့ အစ်ကိုလည်း တစ်ခါတည်း တန်းပြန်တော့နော်”

“အင်းပါလို့ဆိုနေ”

“ဟိုရောက်ရင်လည်း ကျွန်တော့်ကို ပစ်မထားနဲ့ဦးနော်”

“စိတ်ချ၊ အစ်ကိုထည်သာ အစ်ကိုထည်ဟာမတွေနဲ့ တွေ့ပြီး ညီညီ့ကို မေးသွားမှာ သေချာတယ်”

“ဒီလောက်မြန်မြန်ကြီးတော့ မေ့နိုင်ဦးမယ် မထင်ဘူး ညီညီရဲ့၊ ဘာလို့လဲဆိုတော့ တို့နှစ်ယောက်နေလာခဲ့တဲ့ အချိန်တွေက မနည်းမှမနည်းတော့တာ”

“ဟုတ်တယ်၊ အားလုံးပေါင်း နှစ်ဆယ့်တစ်ရက် ရှိသွားပြီနော်”

“ညီညီ တော်တယ်”

“အစ်ကိုထည်”

“ဘာလဲ ညီညီ”





“ဒီနေ့ ညီညီ့ကို ဘူတာမှာ ချမပေးနဲ့တော့”

“ဘာဖြစ်လို့”

“ပြန်ရတော့မှာ သေချာနေပြီမို့ ညီညီ ရှိမဲ့နေရာကို ပြချင်လို့”

“ဝမ်းသာလိုက်တာ ညီညီရယ်၊ ညီညီနဲ့ ခွဲရတော့မယ်ဆိုတော့ ဝမ်းလည်းနည်းတယ်”

“ရန်ကုန်ရောက်ရင်တော့ ပြန်တွေ့ကြတာပေါ့နော်”

ထည်အုပ်က ညီညီ ပြသည့် နေရာသို့ ကားကို ဦးတည်မောင်းနေပါသည်။

တစ်ယောက်နဲ့တစ်ယောက် တစ်နေ့နေ့မှာ ခွဲရမည်ဆိုတာကို သိနေပါလျက် တကယ်တမ်း ခွဲရတော့မည်ဆိုတော့ နှစ်ဦးစလုံး ရင်ထဲက မချိအောင် ခံစားခဲ့ရပါသည်။

“ဒီဟိုတယ်ပဲ အစ်ကိုထည်၊ ဒါ အဘွားပိုင်တဲ့ ဟိုတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … ဒါကြောင့် ညီညီ ဒီလောက်သတ္တိတွေ ရှိနေ
တာကိုး"

ဟိုတယ်အပေါက်ဝတွင် ရပ်နေသော လူသုံး
ယောက်ထဲမှ တစ်ယောက်က တံခါး လာဖွင့်ပေးသည်။

ဒီလူကို အရမ်းမြင်ဖူးနေသည်မို့ ထည်အုပ် သေသေ
ချာချာကြီးကို စိုက်ကြည့်နေမိပါသည်။

"အစ်ကိုထည် သူ့ကို မြင်ဖူးလားဟင်"

"မြင်ဖူးသလိုလိုတော့ ရှိတယ်"

"စဉ်းစားလို့ရပြီလား"

"မရသေးဘူး ညီညီ"

"အစ်ကိုထည်ကို ကြောက်လို့ ထွက်ပြေးကြတဲ့လူသုံးယောက်
ထဲက တစ်ယောက်လေ"

"ဟာ … ဟုတ်ပြီ၊ တို့ မှတ်မိသွားပြီ"





ထိုသူက ပြုံးပြရင်း ညီညီ ဆင်းသွားသော ကားတံခါး
ပေါက်ကို ပြန်ပိတ်ပေးလိုက်ပါသည်။

ဩော် … ညီညီဟာ တကယ့်ကို တော်ဝင်နန်းထိုက်
တဲ့ မိန်းကလေးပါလား။ ဒီလို မိန်းကလေးကိုမှ အယုလွဲမှားစွာ
သူ ထင်မိထင်ရာ လျှောက်ထင်ခဲ့သည်ကိုပဲ ရှက်လို့မဆုံးနိုင်အောင်
ရှိခဲ့ရပါသည်။

တကယ်တော့ သူ့ကို ရန်ချင်း မတုံ့ပြန်ရဲလို့ ထွက်
ပြေးရသည်ဆိုသော လူသုံးယောက်မှာ သူ့ကို ကြောက်၍မဟုတ်ပါ။

ဒီလူသုံးယောက်က ညီညီရဲ့ အန္တရာယ်တွေကို
ကာကွယ်ပေးဖို့ စောင့်ရှောက်ပေးဖို့ လိုက်လာရသော လူများသာ
ဖြစ်နေသည်မို့လေ။

ကိုယ့်ကိုယ်ကိုယ်သာမက ညီညီကိုပါ ဒီလူသုံး
ယောက် သူ့ကို ကြောက်၍ ထွက်ပြေးကြသည်ဟု တင်စားကြွား
ခဲ့ထားသည်ကိုပင် ကျိတ်၍ ရှက်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အစတည်းက 'ပြောရောပေါ့ ညီညီရယ်၊ နတော့ အရှမ်းကို ရှက်ဖို့ကောင်းတာပါပဲလား ...

တစ်သက်လုံး မပြခဲ့သည့် သူ့နေရာကိုလည်း ညီညီဟာ ပြပေးသွားပြီမို့ ပြန်ဖို့ရက်က အတော်လေးကို နီးနေလို့ဖြစ်မှာ။

လည်လို့ပတ်လို့တောင် အားမရသေးချိန်မှာ ညီညီ ပြန်ရတော့မယ်ဆိုတော့ လွမ်းစရာလေးတွေပါလား ...

ညီညီ ပြန်သွားလျှင်တော့ သူ ဒီရပ်ဒီရွာမှာ တစ်ယောက်တည်း နေလို့ရတော့မှာ မဟုတ်။ ညီညီကို သတိရတဲ့စိတ်နဲ့ သူ ရူးချင်ရူး၊ မရူးရင် သေသွားနိုင်ပါသည်။

ညီညီရယ် တို့လည်း အချိန်တန်ရင် မင်းလို အိမ်ပြန်တော့မှာပါကွယ်။

၉ ၉ ၉





ညီညီဇော်၏ အမြန်လာပါဆိုသော စကားကြောင့် သူ ရောက်ရှိလို့လာပါသည်။

ဒါပေမဲ့ မြင်ရသည့်မြင်ကွင်းက စိတ်မချမ်းသာစရာပါ။

ဧည့်ခန်းတွင် ညီညီအဘွားဖြစ်ဟန်တူသည့် အဘွားကြီးတစ်ယောက်နှင့် သူ့လိုအရွယ် လူငယ် ခပ်ချောချောလေးတစ်ယောက်ကို မြင်တွေ့လိုက်ရပါသည်။

သူ့တစ်ကိုယ်လုံး ဆွေးမြည့်တုန်ယင်သွားပါသည်။

"လာ အစ်ကိုထည့် ထိုင်လေ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါ ညီညီ့ အဘွားလေ"

အဘွား ဒါ မြေး ပြောပြောနေတဲ့ မြေးရဲ့ သူငယ်ချင်း ကိုထည်အုပ် ...

ခိုင်သွန်း သူက တို့သူငယ်ချင်း ကိုထည်အုပ် ...

အစ်ကိုထည် ဒါ ညီညီ ပြောပြောနေတဲ့ ညီညီတို့ သူငယ်ချင်း ခိုင်သွန်း ဆိုတာပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

နှစ်ဦးသား လက်ဆွဲနှုတ်ဆက်လိုက်ကြပါသည်။

ခိုင်သွန်းဆိုသော နာမည်ကို သူ ညီညီနှင့် မတွေ့ခင် ကတည်းက ကြားဖူးနေပါသည်။

ဒါဟာလည်း ခိုင်သွန်းရဲ့ ထူးခြားတဲ့ အရည်အချင်း တွေကြောင့် လူသိများရတာ ဖြစ်မှာပေါ့။

တကယ်တော့ ညီညီ ပြောထားတာထက် ခိုင်သွန်းဟာ ပိုပြီး ကြည့်ကောင်းနေပါသည်။





"ညီညီ့ကို စောင့်ရှောက်ထားခဲ့တဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်ဗျာ"

သူကများ ကြီးကြီးကျယ်ကျယ် လူကြီးလူကျယ် လုပ်လို့။ ညီညီ့ကို စောင့်ရှောက်ထားတဲ့အတွက် ကျေးဇူးတင်ပါတယ်တဲ့။

တကယ်တော့ ဒီစကားနဲ့ သူနဲ့က ဘာမှ မဆိုင်ပါ။ သူက ညီညီရဲ့ အုပ်ထိန်းသူမှ မဟုတ်တာ။ အဘွားက ပြောရင်တော့ ရမည်ဖြစ်သော်လည်း ...

ဒီစကားကို သူ ပြောလိုက်တာကတော့ ပိုင်စိုးပိုင်နင်း နိုင်လှသည်မို့ ထည်အုပ် လုံးဝ မကျေနပ်နိုင်ပါ။

"မြေးလေးရဲ့ သူငယ်ချင်းဆိုတော့ ရန်ကုန်ရောက်ရင်လည်း အဘွားတို့ဆီ ဝင်လည်ပါကွယ် ...

အဘွားမြေးက ဆိုးတယ်လေ ... ဒါကြောင့် ဒီမြေးကိုဆို အဘွားက စိတ်အပူရဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏာနေလို့ စားပြီး သောက်ပြီးရင် ညီညီတို့ ပြန်ရတော့မှာ အစ်ကို"

"ကျွန်တော်တို့ မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ ထမင်းအတူစားခြတာပေါ့ဗျာနော်"

"ရပါတယ်ဗျာ၊ ကျေးဇူးပါပဲ၊ ကျွန်တော် နောက်ဆုံးမှစားပါတော့မယ်"

"မဟုတ်တာပဲ မြေးရယ်၊ စားသွားပါ၊ အဘွားက မြေးမလေးရဲ့ သူငယ်ချင်းတွေဆို အားလုံးကို ခင်လည်းခင်တယ်၊ ချစ်လည်းချစ်ပါတယ်"

မစားချင်ပါဘဲနှင့် ထမင်းဝိုင်းကို အားနာ၍ ဝင်စားခဲ့ရပါသည်။

ဒီနေရာမှာတော့ ခိုင်သွန်းဟာ သိတတ်သားပါလား။ သူက အဘွားဘေးတွင် ဝင်ထိုင်ပြီး မျက်နှာချင်းဆိုင်ဘက်တွင် ဘည်အုပ်နှင့် ညီညီတော့်ကို နေရာချပေးခဲ့ပါသည်။





ကောင်းနိုးရာရာဟင်းများကို အဘွားကို ထည့်ပေးပြီးသည်နှင့် ထည်အုပ်၏ ပန်းကန်ထဲသို့ ထည့်ပေးတတ်ပါသည်။

ခုမှပင် သူ့ ခိုင်သွန်းအပေါ် အနည်းငယ် ကျေအေးသွားပါသည်။

တကယ်တော့ ညီညီတို့ ပြောနေတဲ့ ခိုင် သွန်းဟာ ပညာရေးနှင့် အားကစားတွင်သာမက လူမှုရေးတွင်လည်း အလစ်ဟင်း မရှိအောင် ထူးချွန်သူပါ။

သူကသာ ညီညီနှင့် ပတ်သက်၍ စိတ်မိုက်စိတ်ရိုင်းတွေ ဝင်ကာ မဟုတ်မတရား တွေးနေမိခြင်းသာ ဖြစ်ပါသည်။

"ရန်ကုန်ရောက်ရင် လာလည်ပါဗျာ၊ ကျွန်တော်တို့အတွက် အပေါင်းအသင်းတစ်ယောက် တိုးလာတာ ပျော်စရာပေါ့နော် ..."

ငါ အဘွားကို အခန်းထဲ လိုက်ပို့ပေးလိုက်ပြီးမယ် ညီညီ ...



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုပါဦး ကိုထည်အုပ်”

“ဟုတ် ... ဟုတ်ကဲ့ပါ ခင်ဗျာ”

ဧည့်ခန်းမှာတော့ ညီညီတို့နှစ်ယောက်တည်း ကျန်ရစ်ခဲ့ပါသည်။

“ဒါ အဘွားပိုင်တဲ့ ဟိုတယ်လေ၊ ဒီမှာ ညီညီ ရှိနေတာမို့ အားလုံး စိတ်ချထားကြတာ ...

ညီညီကလည်း ဒီပြင်နေရာဆို ဘယ်နေရဲမလဲ ...

ခုဟာက ကိုယ်ပိုင်ဟိုတယ် ဖြစ်နေလို့ နေရဲတာပါ”

“ဒါနဲ့များ ညီညီရယ် ကျွန်တော့်ကို ဒီနေရာကို မပြောဘဲ ဘာလို့များ ဘူတာရုံမှာ လာလာစောင့်နေရတာလဲ”

ဒါကတော့ ညီညီ နေရာကို ပြလိုက်ရင် အစ်ကိုထည် တစ်ချိန်လုံး လာနေမှာစိုးလို့ပေါ့။

“ညီညီ”

“ဟင်”





“ညီညီ ပြန်တော့မှာပေါ့နော်”

“ဟုတ်တယ်”

“ညီညီ ပျော်နေလားဟင်”

“အဘွားနဲ့ ခိုင်သွန်းကို တွေ့တော့ ပျော်တယ်၊ ဒါပေမဲ့ အစ်ကိုထည်နဲ့ ခွဲရမဲ့အတွက်တော့ အရမ်းခံစားရတယ်”

“ဘယ်လိုမျိုး ခံစားရတာလဲဟင်”

“တစ်မျိုးပဲပေါ့ အစ်ကိုထည်ရယ်၊ ရန်ကုန်ရောက်ရင် အစ်ကိုထည်နဲ့ မတွေ့ရတဲ့အခါ ညီညီ နေတတ်ပါ့မလား၊ ခံနိုင်ရည် ရှိပါ့မလားဆိုတာ ကိုယ့်ကိုယ်ကိုယ် ခဏခဏ မေးနေရတယ် ကိုထည်”

“တကယ်ပြောတာလား ညီညီ”

“တကယ်ပေါ့”

“အမှတ်တရလေး တို့ နှုတ်ဆက်လိုက်ပါစေနော်”



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဆိုရင်းမှပင် ထည်အုပ်က ညီညီ၏ လက်ဖဝါးလေးကို ကောက်ယူ၍ ဖျစ်ညှစ်ကာ နှုတ်ဆက်လိုက်ပါသည်။

စီးကျလာသော ညီညီ၏ ပါးပြင်ပေါ်က မျက်ရည်ပေါက်လေးများကို ထည်အုပ်က သူ၏ လက်ကိုင်ပဝါလေးဖြင့် တယုတယ သုတ်ပေးလိုက်ပါသည်။

"ဒီလက်ကိုင်ပဝါလေးပေါ်က မျက်ရည်စက်တွေဟာ တို့နှစ်ယောက် ရင်နင့်အောင် ခံစားရတဲ့ သက်သေတွေပဲပေါ့နော် ညီညီ"

"အကြာကြီးမနေနဲ့နော်၊ အစ်ကိုထည် ရန်ကုန်ကို အမြန်ပြန်လာခဲ့နော်"

"စိတ်ချပါ ညီညီ"

• ကားပေါ်သို့ ပစ္စည်းများ တင်ပြီးသည်နှင့် အသွားကော နိုင်သွန်းပါ ရောက်လာကာ ထည်အုပ်အား နှုတ်ဆက်ကြပါသည်။





"သွားမယ်နော် အစ်ကိုထည်"

ညီညီဖော်၏ နှုတ်ဆက်သံလေးက သူ့နားကမထွက်တော့ပါ။ ကားလေးက ဝေးသထက်ဝေးသွားသလို ထည်အုပ်၏ ခံစားချက်တွေကလည်း ပြင်းသထက်ပြင်းလာပါတော့သည်။

"လိုက်ခဲ့မယ် ညီညီရေ၊ ကျွန်တော်လေ ညီညီ ရှိရာကို အမြန်ဆုံးသာ လိုက်လာခဲ့ပါတော့မယ်ကွယ်"

၏ ၏ ၏


ဝေယံစာ၊ ဆရာကြီးစာ၊ မိတ်ဆွေကဗျာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၅၀–လမ်း၊ ပန်းဘဲတန်းမြို့နယ် သို့
ပေးပို့ပေးပို့နိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com









"ညီညီ နင် အရမ်းပျော်နေတယ် ဟုတ်လား"

"ဒါပေါ့၊ နင်လည်း ငါ့လို ပျော်ချင်ရင် အိမ်က ထွက်သွားကြည့်ပါလား"

"ငါ ထွက်သွားရင် ငါ့အမေ သေသွားမှာပေါ့၊ ပြီးတော့ ငါက ဘယ်သူနဲ့မှ ဘာမှ မဖြစ်ဘဲ နဲ့ ဘာလို့ ထွက်သွားရမှာလဲ"

"စတေနံ့ထွင်တဲ့သဘောပေါ့ဟာ ..."

အစကတော့ ငါလည်း ကြောက်တာပေါ့၊ ဒါပေမဲ့ ရျက်ချင်းပဲ အဖော်ကောင်းတွေ့သွားတာလေ၊ အစ်ကိုတည်နဲ့ က်ကောင်းစွာ တွေ့လိုက်ရတာလေ ...



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုထည်နဲ့ ငါဟာ သိပ်ကို ခင်မင်ရင်းနှီးသွားကြတာ ...

တစ်ယောက်ကိုတစ်ယောက်လည်း ယုံကြည်အားကိုးမှုတွေ အပြည့်ပဲ ...

သူပါရင် ငါ တောကိုလည်း မွှတ်ရဲတယ် ...

တောင်ကိုလည်း ကျော်ရဲဟယ် ...

မာန်နတ်မင်းရဲ့ ရှစ်ခေါပဏီတပ်ကြီးကိုပါ ရင်ဆိုင်ရဲတယ် ဦးမေ"

"တယ်ဟုတ်ပါလား ညီညီရဲ့၊ သူနဲ့ ခိုင်သွန်း ဘယ်သူပိုမိုက်လဲဟင်"

"မိုက်တာတော့ နှစ်ယောက်စလုံး မိုက်တာပဲ"

"ငါ သူ့ကို မြင်ဖူးချင်လိုက်တာဟယ်"

"မြင်ရမယ် စိတ်ချ၊ သူ မကြာခင် ရောက်လာလိမ့်မယ်၊ အဲဒီအခါကြရင် နင်ရယ်၊ ငါရယ် ခိုင်သွန်းရယ် အစ်ကိုထည်ရယ် လျှောက်လည်ကြမယ်နော်"





"သိပ်ကောင်းတဲ့ အစီအစဉ်ပဲ ညီညီ"

"နေပါဦး၊ နင်နဲ့ ခိုင်သွန်း အခြေအနေကော ဘယ်လိုရှိလဲ"

"ဘယ်လိုရှိရမှာလဲ၊ ဒီအတိုင်းပဲပေါ့"

"ငါ မရှိတုန်းသူ မှန်မှန်လာတယ်မို့လား"

"လာတော့လာပါတယ်၊ ဒါပေမဲ့ လာတိုင်းလည်း နင့်သတင်းတွေပဲ မေးပြီး ပြန်သွားတာပဲ"

"နင်ကလည်းဟယ်၊ ငါက နင်တို့နှစ်ယောက်ရဲ့ အခြေအနေတွေ ထူးခြားလောက်ပြီလို့ ထင်နေတာ ..."

မဖြစ်သေးပါဘူး၊ ဦးမေတစ်ယောက်တော့ ဒီအတိုင်းထားလို့ကတော့ ဘယ်တော့မှ စွံမှာ မဟုတ်ဘူး ...

တကယ်တော့ နင်နဲ့အလိုက်ဖက်ဆုံးသူဟာ ခိုင်သွန်းပါပဲ ...

ခိုင်သွန်းလို အဘက်ဘက်က ပြည့်စုံတဲ့လူမျိုးကရှားတယ်နော်၊ အဲလိုလူတစ်ယောက်လုံး ငါတို့ဆီမှာ ရှိနေရဲ့သားနဲ့တော့ အလွှတ်ခံလို့မရဘူး ဦးမေ ...



www.burmeseclassic.com

www.burmeseclassic.com



နင် ပန်းချီကော သင်နေပြီလား”

“မသင်ရသေးပါဘူးဟယ်၊ ငါ ခိုင်သွန်းနဲ့ ပန်းချီသင်မယ်ဆိုတာကို ဟိုကောင်တွေအုပ်စုလေး ကာရဏီတို့ကို ပြောမိပါတယ်၊ တစ်ခါတည်း တစ်ဖွဲ့လုံး သင်မယ် လုပ်နေကြတာ ...

မေမေက ငါ့ကို စိတ်ဆိုးလိုက်တာ၊ ငါဟာ ပါးစပ်ရှာတယ်၊ စည်းကမ်းကို မရှိဘူး ဘာညာပေါ့ဟယ် ...

မေမေ ပြောတာလည်း ဟုတ်တာပဲလေ၊ ခိုင်သွန်းက ငါ့ကို ခင်မင်ရင်းနှီးလို့ သင်ပေးတာပဲမို့လား ...

စီးပွားဖြစ် ပန်းချီသင်တန်းဖွင့်တာမှ မဟုတ်တာ အားလုံးကို သင်ဖို့ ဘယ်မှာသာလာပြီး အချိန်ရှိမှာလဲ နော် ...

ငါကတော့ တစ်ယောက်တည်း သင်ရမှာ ရှိန်တိန်တိန် ဖြစ်နေတာမို့ သူတို့ကို အဖော်စပ်ကြည့်လိုက်တာလေ”





“ဦးမေ၊ နင့်အတွေးအခေါ်တွေက အရမ်းညံ့တာပဲဟာ၊ နင်လည်း သိသားနဲ့၊ ဒီကာရဏီခိုင်ဆိုတဲ့ မိန်းမဟာ ခိုင်သွန်းကို အသေရရ အရှင်ရရ လိုက်နေတယ်ဆိုတာလည်း နင် သိသားနဲ့”

“ငါ ဒီလောက် မသိလို့ပါ ညီညီရယ်”

“ဒီမှာ အဲဒီ ကာရဏီက ခိုင်သွန်းကို အရမ်းကို လိုက်နေတာ၊ ခိုင်သွန်းမေမေ အန်တီနီနီက သူ့သားနဲ့ ကာရဏီနဲ့ ဖြစ်သွားမှာကြောက်လွန်းလို့တဲ့ ...

ကာရဏီတို့ အိမ်က ရှုပ်ရှုပ်ယှက်ယှက်တွေမို့လား ပြီးတော့ မတရားသောနည်းနဲ့ စီးပွားရှာနေကြတာလေ ...

တော်ကြာ ရှုပ်ရှုပ်ယှက်ယှက်တွေကြားမှာ သူ့သားကို အပါမခံနိုင်ဘူးဆိုပြီး အရမ်းကို ကန့်ကွက်ထားတာ ဦးမေ ရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပါ၊ အန်တီနီနီက နှင့်မို့ သူ့သားကို ပန်းချီ သင်ခိုင်းတာ၊ ဒီမိန်းမတွေ့ပါ သင်ပေးနေတာမြင်လို့ ကတော့ သူ့သားကို လှကြားထဲမှာ နားရွက်ကို ဆွဲပြီး ဒရွတ်တိုက် ခေါ်သွားမှာ မြင်ယောင်သေးတယ်၊ အိမ်ရောက်ရင်လည်း အခန်းတံခါးကို ပိတ်ပြီး ရိုက်ဦးမှာ”

“နင်ကလည်းဟယ်၊ ဒီအရွယ်ကြီးကြမှာတော့ မရိုက်တော့ပါဘူး”

“ဟဲ့ ... ရိုက်တယ် ဆိုတာ ရည်ရွယ်ချက်ကြီးနဲ့တော့ ဘယ်ဟုတ်ပါ့မလဲ၊ အသည်းထဲ နှလုံးထဲက နာလွန်းလို့ပေါ့၊ နင် ဒီမိန်းမတွေကိုမှ သင်ပေးရသလားဆိုတဲ့ ဒေါသနဲ့ပေါ့ ...

မှန်တယ် အဲလိုဆိုရင်တော့ အန်တီနီနီ လုပ်တာမှန်တယ်၊ ငါကိုယ်တိုင်လည်း အားပေးတယ်၊ ငါက ထားဝယ်ကြိမ်လုံးထည့်ပေးလိုက်ဦးမှာ၊ ဒီမိန်းမတွေကို ငါ အရမ်းကို မုန်းတယ် ...





ဟင်း ဟင်း ဟင်း”

“ညီညီရယ်၊ နင့်မလည်း ဒေါသကြီးပဲ၊ အဲဒီဒေါသတွေကြောင့် နင်လည်း ဒုက္ခတွေ ရောက်ခဲ့ပြီးပြီမို့လား”

“ဘာ ... ငါ ဒုက္ခတွေ ရောက်ခဲ့တယ် ဟုတ်လား”

“ဟုတ်တယ်လေ”

“ဘယ်ကလာ ဒုက္ခရမှာလဲ၊ သုခတွေဟဲ့ သုခတွေ”

“ကောင်းတာပေါ့ဟာ၊ ငါ့မှာတော့ စိတ်မကောင်းဖြစ်လိုက်ရတာ၊ နင်တစ်ယောက်တော့ တော်တော်ဒုက္ခရောက်နေမှာပဲဆိုပြီး”

“အဲဒါပေါ့၊ နင်တို့လို သရဲဘောကြောင်တဲ့ လူတွေဟာ ခက်ပါတယ်လို့ ...

ငါတို့လို သတ္တိရှိတဲ့ သူတွေကြတော့လေ ဘာမှုပ် လုပ် အဆင်ကို ပြေနေတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



တို့ဘက်မှာ ဘုရားရော၊ နတ်သိကြားတွေကပါ အကုန် စောင့်ရှောက်ကြတာ ဆရာရေ”

“အေးပါ၊ နင်က သူတော်ကောင်းနဲ့ တွေ့သွားတာကို ပြောအားရှိမှာပေါ့ ...

နေပါဦး၊ အဲဒီ ကိုထည်အုပ် ဆိုတဲ့လူက ဘယ်ကျောင်း”

“သူက ဆေးကျောင်းက ဖိုင်နယ်ပတ်ဝမ်းတက်မှာလေ ...

သူလည်း ငါ့လိုပဲ စာမေးပွဲအောင်ပြီးလို့ ကျောင်းမဖွင့်ခင်ပေါ့ဟာ၊ အိမ်နဲ့စိတ်ဆိုးပြီး ဟီး ဟီး ငါ့အတိုင်းပေါ့ဟာ ဆင်းလာတာပေါ့ ...

ခုတော့ ငါ မရှိရင် သူလည်း ပြန်လာမှာပါ၊ ဟော ... ဟိုမှာ ခိုင်သွန်း လာနေပြီ ...

... မြန်မြန်လာ ခိုင်သွန်းရေ၊ ဒီမှာ ဦးမေတစ်ယောက် ကျိုးကန်းတမော့မော့ ဖြစ်နေပြီ”





ဦးမေက ညီညီဇော်ကို လှမ်းပြီး ရိုက်လိုက်ပါသည်။ ညီညီဇော် တစ်ခုခု ပြောမည်တော့ သူ သိထားပါသည်။ ဒါပေမဲ့ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ထွက်သွားလိမ့်မည်လို့တော့ သူ မထင်ခဲ့ဘူးလေ ...

“ခိုင်သွန်း”

“ဟင်”

“နင့်အလာကို စောင့်ရင်းနဲ့ ငါ ဦးမေနဲ့ စကားပြောနေတာဟယ်၊ သူ့မျက်လုံးက နင် လာရာလမ်းကိုပဲ ကြည့်ကြည့်နေရတာနဲ့ ငါ့ စကားကို စိတ်ဝင်စားမှာတောင် မဟုတ်ပါဘူး”

“နင်ကော ပန်းချီမသင်ဘူးလား”

“တော်ပါပြီဟာ၊ ငါက ပုံဆွဲတာ ဝါသနာမပါဘူးဟ”

“ငါ သိပါတယ် ညီညီရာ၊ ခုနေမှာ နင် ဝါသနာပါတာ တစ်ခုတည်း ရှိတော့တယ်မို့လား”



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ် ဦးမေ၊ ငါ ခုလောလောဆယ်ဆယ်မှာ ဘာမှ လုပ်ချင်ကိုင်ချင်စိတ် မရှိသေးတာ အမှန်ပဲ ...

သူ ရန်ကုန်ကို ရောက်လာမလာ ဆိုတာလည်း ပူရသေးတယ်လေ"

"ကလေးမှ မဟုတ်တာ ညီညီရယ်၊ နင်က အဖြစ်ကိုသည်း လွန်းတယ်"

ခိုင်သွန်းကတော့ သူတို့ညီအစ်မနှစ်ယောက် အချေအတင် စကားပြောနေသည်ကို ငေးမောကာ ရယ်နေပါသည်။

"နင် မရယ်နဲ့နော် ခိုင်သွန်း၊ ငါ စိတ်ပူတယ်ဆိုတာ အလကားမဟုတ်ဘူး၊ တကယ့်ကို တို့နှစ်ယောက် ကြောက်စရာအဖြစ်ဆိုးတွေနဲ့ ကြုံခဲ့ဆုံခဲ့ရတာ ...

သူ့ကားကလည်း လစ်ရင်လစ်သလို ကြုံရင်ကြုံသလို ပျက်တာဟ ...

သရဲ တစ္ဆေဆိုတာ တကယ်ရှိတယ်လို့ပြောရင် နင်တို့က ငါ့ကို အရူးထင်ကြမှာနော် ...





တကယ်တော့ ငါတို့ သရဲကို တွေ့ခဲ့တာ အမှန်ပဲ ဆရာ ...

ပြီးတော့ မှောင်ကလည်း မှောင်၊ မိုးတွေကလည်း တရကြမ်းရွာ၊ လျှပ်စစ်တွေ မိုးကြိုးတွေဆိုတာလည်း ပစ်လိုက်တာ စစ်မြေပြင်ကို ရောက်နေသလားမှတ်ရတယ်၊ ဇာတ်လမ်းထဲမှာ ဖတ်ခဲ့ရတဲ့ အဖြစ်အပျက်တွေအတိုင်းကို ကြုံတွေ့ခဲ့ရတာ ...

ကဲပါ ... ငါ့အကြောင်းတွေချည်းပဲ ပြောနေလို့ နင်တို့ စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ ငါ ကော်ဖီသွားယူလိုက်ဦးမယ်၊ သင်စရာရှိတာ သင်ကြတော့ ...

ခဏနေရင် ကော်ဖီလာပေးမယ်၊ ပြီးတော့ ငါ လာမရှုပ်တော့ပါဘူး စိတ်သာချ"

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com









အင်းလျားကန်ရေပြင်က ငြိမ်သက်လို့နေပါသည်။ လေပြည်လေညင်းကလည်း ခပ်အေးအေးလေး တိုက်ခတ်နေပါသည်။

ကန်စောင်းမှာတော့ ခိုင်သွန်းနှင့် ညီညီဇော်။ သည်မြင်ကွင်းကို အဝေးက လှမ်းမြင်နေသူက ထည်အုပ် ...

တကယ်တော့ ဒီနေရာမှာ ညီညီဇော်နဲ့ ခိုင်သွန်း နှစ်ယောက်တည်း မရှိသင့်ဘူးလေ ...

အနားသွားလျှင်လည်း အနှောင့်အယှက်ပေးရာရောက်မည်မို့ သူ ခပ်ဝေးဝေးကပင် ကြည့်၍နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်သွန်း"

"ပြောလေ ညီညီ"

"ငါ ဘာပြောမယ်ဆိုတာကို နင် သိနေမှာပါနော်"

"ငါ့ကို မေးမနေပါနဲ့တော့ ညီညီရယ်၊ နင် ပြောချင်တာကိုသာ ပြောပါ"

"နင် ငါနဲ့ ဦးမေ နှစ်ယောက်စလုံးကို ခင်ပါတယ်နော်"

"ခင်တာပေါ့"

"ငါ ဘာလို့ အိမ်က ဆင်းသွားတယ်ဆိုတာကိုကော နင် သိလား"

"နင်းနည်းဖါးပါး သိထားတာတော့ ရှိတယ်၊ ဦးမေက ပြောပြထားလို့"

"ဦးမေဟာ သနားဖို့တော့ ကောင်းပါတယ် ခိုင်သွန်းရယ်၊ သူ့အမေ အန်တီမေစီ သွေးလေးနည်းနည်းပါလို့ တစ်ခါတစ်ခါမှာ မုန်းစရာဖြစ်ဖြစ်သွားတာပဲ ရှိတယ် ...



ကျန်တဲ့နေရာမှာတော့ သူဟာ ကောင်းရှာပါတယ် ...

တကယ်တော့ ဦးမေဟာ နင့်ကို အရမ်းချစ်နေတာကိုကော နင်သိလား ...

ဖြေလေ ခိုင်သွန်း"

"ငါ မပြောတတ်ပါဘူးဟာ"

"အဲဒါတွေ ငါ မကြိုက်တာပေါ့၊ နင်ကော ဦးမေကော နှစ်ယောက်စလုံးဟာ မပွင့်လင်းကြတာကိုပဲ ...

ဦးမေမှာ နင် မကြိုက်စရာ ဘာအကြောင်းတွေ ရှိလဲ၊ ငါ့ကိုပြော"

"မရှိပါဘူး"

"မရှိပါဘူးလို့ မပြောနဲ့၊ မရှိကို မရှိတာ၊ သူဟာ မိန်းကလေးပီသတယ်၊ ရုပ်ဆင်းအင်္ဂါဆိုရင်လည်း ဘာမှ ပြောစရာမရှိဘူး၊ အဲ ... ပညာအရည်အချင်းကလည်း အတော်အတန်တော့ ရှိတာပဲ ...

www.burmeseclassic.com



အဲဒါနဲ့များ နင်တို့နှစ်ယောက်ဟာ ဘာလို့ ချစ်မသွားကြတာလဲ ခိုင်သွန်း ...

အန်တီမေစီ နင့်အပေါ် ထားတဲ့ သဘောထားကိုကော နင် သိလား"

"ငါ မပြောတတ်ဘူး ညီညီရာ"

"ကောင်းပါတယ်၊ နင့်ဘက်က ဘာမှ အများအယွင်း မရှိအောင် ဘူးကွယ်တာဟာ အကောင်းဆုံးပါပဲ ...

ဒီမှာ နင့်ကို အန်တီမေစီက အရမ်းလိုလားတယ်၊ နင်နဲ့ ပတ်သက်ပြီး ငါ့ကို အမြဲတမ်း ရန်လုပ်တယ်၊ ဦးမေကတော့ သိပ်မသိရှာဘူးပေါ့လေ ...

ဒါပေမဲ့ အန်တီမေစီနဲ့ ငါနဲ့က အမြဲတမ်း ထိပ်တိုက်တွေ့တွေ့နေကြတယ် ...

နောက်ဆုံးတရားခံက နင်ပဲလေ၊ နင်က ငါ့ပုံကို ဆွဲပြီးပေးခဲ့တယ်မို့လား ...





အဲဒီတုန်းက ဦးမေကော အန်တီမေစီပါ အသည်းအသန်တွေ စိတ်ဆိုးကြတာပေါ့၊ ငါ သိပါတယ်လေ ...

နောက်တော့ နင် ဆွဲပေးတဲ့ ငါ့ပုံလေးကို ရေတွေလောင်းပြီး ဖျက်ဆီးခံလိုက်ရတာလေ ...

ဘယ်သူ လုပ်လို့လုပ်မှန်းတောင် ခုထိ မသိလိုက်ရတော့ဘူး ...

ဒီမှာတင် ရန်ပွဲတွေဖြစ်ပြီး ငါလည်း အဘွားရှိတုန်း စိတ်ညစ်ညစ်နဲ့ မန္တလေးကို လစ်လာတော့တာပေါ့ ...

နင် စဉ်းစားကြည့်လေ၊ အဲဒါ တရားခံ ဘယ်သူလဲလို့ ... နင်ပဲ ...

နင်ဟာ အန်တီမေစီကော ဦးမေကပါ လိုလားနေကြတဲ့ ထီးလိုမင်းလို အိမ်ရှေ့မင်းသားလေးပါ ခိုင်သွန်း"



www.burmeseclassic.com

www.burmeseclassic.com



စကားတွေကို မရပ်မနား ပြောပြီးခါမှ မောသွားဟန်ဖြင့် ညီညီဇော် ခေတ္တငြိမ်သက်သွားရပါသည်။

"ရေသောက်မလား ညီညီ၊ နင့် လည်ချောင်းတွေ ခြောက်ကုန်ရောပေါ့"

"မသောက်ပါဘူး၊ ဒီလောက်နဲ့တော့ မမောသေးပါဘူး ...

နင့်နဲ့ ဦးမေ အဆင်မပြေသွားမယ်ဆိုရင် ငါ အံရှမ်းကို ပျော်မှာပါ"

စကားတပြောပြောနှင့် လျှောက်လာကြသည်မှာ တော်ဦးမေ ထိုင်နေသည့် ခုံနှင့် အတော်လေးကို ဝေးလာခဲ့သည်။

"ဟယ်တော့၊ ဦးမေ တစ်ယောက်တည်း ကျန်နေခဲ့ပြီ၊ တော်ကြာ စိတ်ဆိုးနေဦးမယ်၊ နင် သွားနေနှင့်၊ ငါ အကြော်တွေ မုန့်ဂျုံဝယ်ပြီး လိုက်လာခဲ့မယ် နိုင်သွန်း"





နိုင်သွန်းတစ်ယောက် ညီညီဇော်၏ ညွှန်ကြားသည့်အတိုင်း တော်ဦးမေ ရှိရာသို့ ပြန်လှည့်ခဲ့ပါသည်။

"ဘယ်တွေသွားနေတာလဲ နိုင်သွန်းရယ်၊ ဦးမေ တစ်ယောက်တည်း စိတ်တွေတောင် ချောက်ချားလာတယ်"

"ဒီနားလေးတင်ပါ ဦးမေရယ်၊ စိတ်ချောက်ချားရအောင် ဒီနားမှာ ညီညီ ပြောသလို သရဲတစ္ဆေတွေတော့ မရှိပါဘူး ...

တာလဲ ဦးမေက တစ်ယောက်တည်းဆိုရင်တော့ ညီညီ ပြောတဲ့အတိုင်း သရဲတော့ လာတော့မှာပဲဆိုပြီး ကြောက်နေတာမို့လား"

"ဟင်း ဟင်း ဟင်း ... အဲလိုလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ဦးမေက တစ်ယောက်တည်းဆို စိတ်တွေက အလိုလိုကြောက်လာတာ နိုင်သွန်းရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ညီညီကောဟင်"

"မုန့်ဝယ်ဦးမယ်တဲ့၊ ဦးမေ တစ်ယောက်တည်း ဖြစ်နေသို့ စိတ်မချလို့တဲ့၊ သွားစောင့်လိုက်ပါဦးဆိုပြီး ငါ့ကို ပြန်လွှတ်လိုက်တာ"

"အဲလိုတော့ ညီညီက ပူတတ်သားပဲ"

"ပူမှာပေါ့လေ၊ သူက ဦးမေကို ချစ်ရှာပါတယ်၊ တစ်ခါတစ်ခါ စိတ်ရိုင်းတွေဝင်လာရင်သာ ကြောက်ဖို့ကောင်းတာနော် ဦးမေ"

"ပြောမနေနဲ့တော့ ခိုင်သွန်းရေ၊ သူ မေမေနဲ့စိတ်ဆိုးပြီး ထွက်သွားတုန်းက မေမေ့မှာ စိတ်ရှုပ်လိုက်ရတာ၊ ဘယ်သူ့ကို အခေါ်လွှတ်လွှတ် ညီညီက ပြန်မလိုက်ဘူးလေ၊ ပပထူးမှ ထမယ်ဆိုတဲ့ သဘောပေါ့လေ၊ အဘွား လာခေါ်မှ လိုက်မယ်ပေါ့ ...





ဒါကြောင့်မို့ မေမေ့မှာ အဘွားလာမဲ့ရက်နဲ့ မေမေ အဆူခံရမဲ့ရက်ကို လက်ရေချိုးပြီး စောင့်နေရတာပေါ့"

တစ်ယောက်တည်း အကြော်ဝယ်ရန် လာနေသော ညီညီဖော်တစ်ယောက် နောက်မှ ခေါ်သံကြား၍ လှည့်ကြည့်လိုက်ရာ ...

"ညီညီ"

"ဟင် ... အစ်ကိုထည်ရယ်၊ ဘယ်တုန်းက ပြန်ရောက်တာလဲ"

"မနေ့ကပဲ ရောက်တာ၊ ညကြရင် ညီညီ့ဆီ အကြောင်းကြားတော့မလို့ ...

ကျွန်တော် ဒီမှာရှိနေတာ ကြာပြီ၊ ညီညီနဲ့ ခိုင်သွန်း လမ်းလျှောက်နေတာတွေ့လို့ မနှောင့်ယှက်ချင်တာနဲ့ စောင့်ကြည့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုထည်ရယ်၊ ညီညီ ဝမ်းသာလိုက်တာ ...

အစ်ကိုထည်မှာ ညှော်သည်ပါသေးလား"

"ဟင့်အင်း ... ကျွန်တော် တစ်ယောက်တည်း"

"တစ်ယောက်တည်း ဘာလာလုပ်တာလဲ"

"တစ်ယောက်တည်း စိတ်ကူးလာယဉ်မလို့ပေါ့ ညီညီရ၊ ညကျရင် ညီညီ့ကို ဖုန်းဆက်မယ်လေ ...

ဆက်ပြီးရင် ဒီအင်းလျားကန်စောင်းကို လှာဖို့ ချိန်းမယ် ...

အဲဒီအခါကြရင် ဘယ်နေရာလေးက ကောင်းမလဲ၊ သာသာယာယာလေးနဲ့ နေလို့ကောင်းမဲ့ နေရာလေးကို လာကြည့်ထားတာပေါ့ ...

ဒီရောက်တော့ ကိုခိုင်သွန်းနဲ့ ညီညီ့ကိုလည်း မြင်လိုက်ရော ဒီက ,အီဖေကို ပက်လက်လန်ရောပဲ ..."





ကိုယ့်ကိုယ်ကိုယ် ခံနိုင်ရည်ရှိအောင် မနည်းကြီး ချော့မော့ထားရတယ်၊ နို့မို့ဆို ရေထဲခုန်ချပြီး သတ်သေမိမလားပဲ"

"ဟင်း အပိုတွေ"

"လာ ... ဒါဆို ညီညီနဲ့ လိုက်ခဲ့၊ မုန့်ဝယ်ပြီးရင် ညီညီတို့ စကားပြောကြရအောင်"

ညီညီဇော်နှင့်အတူ ထည်အုပ်ပါ ပါလာသည်မို့ ခိုင်သွန်းက အံ့ဩတကြီး ကြည့်နေမိပါသည်။

တော်ဦးမေကတော့ ထည်အုပ်ကို မြင်ဖူးချင်စိတ်သာ ရှိသည်။ တစ်ခါမှ မမြင်ဖူးသေးပါ၊ ယခု ညီညီနှင့်အတူ တွဲလာသူမှာ ထည်အုပ်ဖြစ်လိမ့်မည်လို့လည်း သူမ မထင်မိပါ။

"အစ်ကိုထည် ဒါ ဦးမေလေ၊ ညီညီ့အစ်မ ...

ဦးမေ ဒါ ငါပြောနေတဲ့ ကိုထည်အုပ်၊ နင် တွေ့ချင်လှချည်ရဲ့ဆိုလို့ ခေါ်လာတာ"



www.burmeseclassic.com

ထည်အုပ်ကော တော်ဦးမေပါ နှစ်ယောက်သား ဖြိုင်တူ ပြုံးပြလိုက်ကြပါသည်။

ခိုင်သွန်းနှင့် တော်ဦးမေကို အတူ တွေ့လိုက်ရသည်မို့ ထည်အုပ် အနည်းငယ် စိတ်ပေါ့သွားပါသည်။

တကယ်တော့ ထည်အုပ်ဟာ သဘောထား ပြည့်ဝသူတစ်ယောက်ဟု ဆိုနိုင်ပါသော်လည်း ညီညီ့ကို တခြားလူစိမ်းနဲ့ တွေ့ရတိုင်း သူ့ရဲ့ ဒေါသတွေက ဘာကြောင့် ဖောင်းပွလာသည်ကို သူ မစဉ်းစားတတ်တော့ပါ။

ညီညီဖော်ပါလာသော မုန့်များကို စားရင်းနှင့် စကားတွေ အများကြီး ပြောဖြစ်ကြပါသည်။

"အားလုံး ဆုံတုန်းအတော်ပဲ၊ ကျွန်တော့် မွေးနေ့ကို ဖိတ်လိုက်ချင်လို့၊ သန်ဘက်ခါ စနေနေ့၊ ကမ္ဘာအေး၊ မိုးကောင်းဆွမ်းစားတိုက်မှာ လုပ်မှာ ဆက်ဆက်လာခဲ့ကြပါနော် ...





ညီညီ ... ကိုခိုင်သွန်းနဲ့ ဦးမေကို မရရအောင် ခေါ်ခဲ့ရမယ်နော်"

"သူ ခေါ်မှ မဟုတ်ပါဘူးရှင်၊ အစ်ကိုထည်အုပ်က ဖိတ်တယ်ဆိုတော့ ဦးမေတို့က လာမှာပေါ့"

"ကျွန်တော် သေသေချာချာ စောင့်နေမယ်နော်၊ လူစုံမှ တူတူစားကြမယ်နော်"

"လာပါ့မယ်ဆိုနေမှပဲ၊ အစ်ကိုထည် တစ်ယောက်ဟာလေ ကလေးကြီးကျနေတာပဲ"

ခိုင်သွန်းက တော်ဦးမေဘက်သို့ လှည့်ကာ တိုးတိုး ပြောလိုက်ပါသည်။ ဦးမေက ခေါင်းလေး ညိတ်ပြလိုက်ပြီး ခဏအကြာမှာ ခိုင်သွန်းကပင် အရင်စကာ ...

"ကိုထည်အုပ်နဲ့ ညီညီတို့ စကားပြောနေကြဦးနော်၊ ကျွန်တော် ဦးမေက လမ်းလျှောက်ချင်တယ်ဆိုလို့ လိုက်သွားပေးလိုက်ဦးမယ်"

www.burmeseclassic.com



"ရပါတယ် ခင်ဗျာ၊ လိုက်ပေးလိုက်ပါ"

"ခိုင်သွန်း၊ နင်နဲ့ ဦးမေ ပြန်ချင်တဲ့အချိန်ကြရင် ပြန်ကြ တော့နော် ...

ငါ့ကို စောင့်မနေနဲ့တော့၊ ငါ အစ်ကိုထည်နဲ့ဝဲ တူတူ ပြန်တော့မယ်"

ခိုင်သွန်းရဲ့ စိတ်ထဲမှာတော့ ဘယ်လိုနေမယ် မပြော တတ်ပါ။

ဒါပေမဲ့ တော်ဦးမေ တစ်ယောက်ကတော့ ပျော်ရွှင် တက် ကြွစွာဖြင့် ခိုင်သွန်းနှင့်အတူ ပါသွားပါတော့သည်။

"သူတို့နှစ်ယောက်က ချစ်နေကြပြီလားဟင် ညီညီ"

"အင်း ... ချစ်လုချစ်ခင်လို့ ပြောရမှာပေါ့ ...

ဒါပေမဲ့ သူတို့နှစ်ယောက်စလုံးမှာ အားနည်းချက် တွေ အများကြီး ရှိနေတယ် အစ်ကိုထည့်ရဲ့ ...





တကယ်တော့ တစ်ယောက်ကိုတစ်ယောက် ချစ်ချင် ပါလျက်နဲ့ ဖွင့်ပြောရမှာလည်း အားနာ၊ ရှက်ကလည်း ရှက်နေကြတော့ ဘယ်တော့မှကို သူတို့ရဲ့ အခြေအနေတွေ က ထူးမလာဘူးလေ"

"ဦးမေရဲ့ အမေက ဘာမှ မစီစဉ်ပေးတော့ဘူးလား"

"ဟင်း ဟင်း ... အခုတလောတော့ အဘွား ဆုထားလို့ အန်တီမေစီ ငြိမ်ချက်သားကောင်းနေတယ် ...

ဒါကြောင့်ပဲ ညီညီက သူတို့ကို နောက်ကနေ စေ့ဆော်ပေးနေရတာလေ ဟီး ဟီး"

"သူများကိုတော့ ညီညီက စေ့ဆော်ပေးနေပြီး ညီညီကြ တော့ ဘယ်သူက စေ့ဆော်ပေးမှာလဲ"

"ညီညီ့အလှည့်ကြရင်တော့ ညီညီဟာ ညီညီပဲ ဆုံးဖြတ် မှာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ခု သူတို့နှစ်ယောက်ကတော့ ညီညီသာ ကြားဝင်မပေးရင် ဒီအတိုင်းကြီးပဲ တစ်သက်လုံး မျိုသိပ်ထားပြီး သချိုင်းကုန်းသာ ရောက်သွားကြမယ်၊ တစ်သက် ထူးခြားလာမှာ မဟုတ်တော့ဘူးလေ"

သူတို့နှစ်ယောက် စကားပြောနေရင်းမှ လှမ်းကြည့်လိုက်တော့ ခိုင်သွန်းနှင့် တော်ဦးမေတို့ နှစ်ယောက် ဟိုးအဝေးကို ရောက်နေတာကို တွေ့လိုက်ရပါသည်။

ဒီလောက်ဆိုရင်တော့ သူတို့နှစ်ဦး အဆင်ပြေဖို့ လမ်းတွေ ရှိနေပါပြီ။

သို့မှသာ ညီညီဖော် စိတ်အေးရမည် ဖြစ်ပါသည်။ ခိုင်သွန်းကို သူ ခင်လည်းခင်သလို သနားလည်း သနားပါသည်။ သို့ဖြစ်ပါ၍ ခိုင်သွန်းကို အစ်မဝမ်းကွဲဖြစ်သူ တော်ဦးမေနှင့် သဘောတူမိပါသည်။





တကယ်ဆို သူတို့နှစ်ယောက် အနေနှင့်လည်း တစ်ဦးကိုတစ်ဦး ငြင်းပယ်စရာအကြောင်းတွေမှ မရှိတာပဲလေ။ ဦးမေ စိတ်ချမ်းသာရင် ညီညီလည်း စိတ်ချမ်းသာရမှာပါ။

"ညီညီ"

"ဘာလဲ အစ်ကိုထည်"

"ညီညီ ဘာတွေ တွေးနေတာလဲ"

"သြော် ... ဦးမေနဲ့ ခိုင်သွန်းတို့နှစ်ယောက် လမ်းလျှောက်နေကြတာကို ကြည့်ပြီး ကြည်နူးနေမိတာပါ"

"သူတို့ကို ကြည့်ပြီး ညီညီ အားမကျဘူးလားဟင်"

"ဘာလို့ အားကျရမှာလဲ၊ ညီညီမှ သူတို့ကို အထင်မကြီးတာ"

"ညီညီကလည်းကွာ၊ ကျွန်တော်က အကောင်းပြောနေတာကို"



www.burmeseclassic.com

www.burmeseclassic.com



"ညီညီကလည်း အကောင်းပြောနေတာပါ အစ်ကိုထည်ရဲ့၊ ညီညီ အထင်ကြီးတဲ့သူတွေထဲမှာ သူတို့မှ မပါတာ၊ အဲဒါကြောင့် အထင်မကြီးဘူးလို့ ပြောတာပေါ့"

"ညီညီက ဘယ်လိုလူမှ အထင်ကြီးမှာလဲ"

"ညီညီ အထင်ကြီးတဲ့သူဆိုတာက နံပါတ်တစ်က ဘုရားစာကို ကျွမ်းကျွမ်းကျင်ကျင် ဆိုတတ်ရမယ်၊ နံပါတ်နှစ်က ရန်သူတွေကို တိုက်ခိုက်ချေမှုန်းနိုင်ရမယ်၊ ဥပမာပေါ့ အစ်ကိုထည်ရယ်၊ ရန်သူတွေ အများကြီး မဟုတ်တောင် အနည်းဆုံး ကိုယ့်ထက် ဗလကြီးတဲ့ လူသုံးယောက်လောက်ကို တုတ်လေးတစ်ချက်ရွယ်လိုက်ရုံနဲ့ တစ်ဖက်သူ ထွက်ပြေးလောက်အောင် အစွမ်းထက်တဲ့လူ ဖြစ်ရမယ် ...

ပြီးတော့ ကိုယ်ချစ်တဲ့ မိန်းကလေးအပေါ် သစ္စာရှိရမယ်၊ ရုပ်လှတာမလှတာကို ပြောတာမဟုတ်ဘူးနော်၊





ရုပ်လှချင့်လည်း လှမယ်၊ ဆိုးချင်လည်းဆိုးမယ်၊ အဲဒီလို မိန်းကလေးမျိုးက ကိုယ့်နားကို ကပ်လာတဲ့အခါမျိုးမှာ ကိုယ့်ချစ်သူအပေါ် သစ္စာမဖောက် အခွင့်အရေးမယူဘဲ ရှောင်ဖယ်ထွက်သွားတတ်ရမယ်"

"ညီညီရာ ကျွန်တော်က အကောင်းမှတ်လို့ နားထောင်နေတာ"

"အဲဒါ အကောင်းတွေပဲလေ၊ ညီညီ တကယ်တွေ ပြောနေတာပဲဟာ"

"အဲဒါ ကျွန်တော့်လို လူမျိုးကို ပြောတာမို့လား"

"ကိုယ်ဟုတ်ရင် ကိုယ် သိမှာပေါ့"

"ညီညီ"

"ဟင်"

"ကျွန်တော် ဘာပြောရမှန်းတောင် မသိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမှန်း မသိတော့ရင်လည်း ပြန်တော့ပေါ့"

"အကောင်းပြောနေတာပါ ညီညီရယ်၊ ကျွန်တော် ညီညီနဲ့ ကွဲသွားပြီးတည်းက တစ်ယောက်တည်း တပိန်ပိန် တလိန်လိန်နဲ့ စားလည်း ညီညီ့စိတ်၊ သွားလည်း ညီညီ့စိတ်၊ အိပ်တော့လည်း အိပ်မက်ထဲမှာ ညီညီပဲ ရှိတော့တယ်၊ အဲဒါ ဘာဖြစ်လို့လဲ ညီညီ သိလားဟင် ..."

"ညီညီ့ကို စိတ်ဝင်စားနေလို့ ဖြစ်မှာပေါ့"

"အဲဒါ အမှန်ပဲ ညီညီ၊ ညီညီရဲ့ အဲလို ပွင့်လင်းမှုလေးတွေကို ကျွန်တော် အရမ်းသဘောကျတာ"

"အဘွားကတော့ ကျွန်တော်နဲ့ဆို သဘောတူမှာလား"

"အဲဒါတော့ အဘွားကို မေးကြည့်မှပဲ သိမှာပေါ့"

"ကိုခိုင်သွန်းနဲ့ ဦးမေကိုကော အဘွားက သဘောတူလား"





"တူမှာပေါ့၊ သဘောတူလို့သာ ခိုင်သွန်းက အိမ်ကို အဝင်အထွက်လုပ်လို့ရတာပေါ့"

"မေမေကလေ ညီညီအကြောင်းတွေကို ပြောပြတော့ အရမ်းကို တွေ့ချင်နေတာ၊ အလှူနေ့ကျရင် မေမေနဲ့ တွေ့ရအောင် လှလှလေး ဝတ်လာခဲ့နော်၊ ပြီးရင် မေမေ့ကို အဘွားဆီ လွှတ်ပြီး ကိုခိုင်သွန်းလို ညီညီတို့အိမ်ကို ဝင်ခွင့်ထွက်ခွင့်ရအောင် ပါမစ်တောင်းခိုင်းလိုက်တော့မယ်နော်"

"သဘောပဲ"

ပြောပြောဆိုဆို ခိုင်သွန်းနှင့် ဦးမေတို့နှစ်ဦးသား သူတို့ကို လက်ပြကာ ထွက်သွားပါတော့သည်။

"သူတို့ ကြည့်ရတာ ပျော်စရာကြီးနော် အစ်ကိုထည်"

"ကျွန်တော်တို့နှစ်ယောက်လည်း ပျော်လို့ရပါတယ် ညီညီရယ်၊ ဟုတ်တယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့ ...

ပြန်ကြပါစို့နော်၊ တော်ကြာ အဘွား စိတ်ပူနေလိမ့်မယ်"

ထည်အုပ်က ညီညီ့အား သူ၏ လက်ကို ကမ်းပေးလိုက်သလို ညီညီကလည်း ဆုပ်ကိုင်ပြီးသား ဖြစ်နေပါသည်။

ကြည်နူးမှုအပြုံးတွေနှင့် အပျော်ဆုံးသူနှစ်ဦးလည်း ဖြစ်နိုင်ပါသည်။

ခြေသုန်းလူလူ

(ဆေးတက္ကသိုလ်)

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဝင်စားစရာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



BURMESE CLASSIC

www.burmeseclassic.com